## ပုဂံစာအုပ်တိုက် မှ

၂၀၀၅ ခုနှစ်တွင် ထုတ်ဝေပြီး စာအုပ်များ

၂၆၈။ ပန်းချင်သူပျို့မောင်ထွေးငဲ့ (ပထမတွဲ) [ဆင်ဖြူကျွန်းအောင်သိန်း]
၂၆၉။ ပန်းချင်သူပျို့မောင်ထွေးငဲ့ (ဒုတိယတွဲ) ဆင်ဖြူကျွန်းအောင်သိန်း]
၂၇၀။ အသိတိရဟန္တာအရှင်မြတ်ကြီးများ (ဦးသိန်းဖံ)
၂၇၁။ ထောင်တစ်သက်အတွေ့အကြုံ ၂ (ရန်အောင်မောင်မောင်)
၂၇၂။ နေမင်းတစ်ထောင် (ပထမတွဲ) [ဆင်ဖြူကျွန်းအောင်သိန်း]

## ယခု

၂၀၀၅ ခုနှစ် ဧပြီလတွင် ထုတ်ဝေသောစာအုပ်

၂၇၃။ ဝိသာခါနှင့် သီတာ (ချစ်ဦးညို)

တန်ဖိုး
၆၀၀ ကျပ်

# ဝိသာခါနှင့် သီတာ

## ချစ်ဦးညို


| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | ၅၀၀၁၅၁၀၅၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၂၀၇၀၅၀၂ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ မတ်လ၊ ၂၀၀၅။ |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသူ | ဒေါ်နိုင်နိုင်ဦး(ယာ၁ယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊ အမှတ် ၈၀၉ (A)၊ ဧယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ဒေါ်နီနီနိုင်(၀၇၁၃၅)၊ သီရိမေ ရောင်စုံ ပုံနှိပ်တိုက်၊ အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာ တောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ကျော်ဖြူစံ |
| အတွင်းကွန်ပျူတာစာစီ | ပုဂံစာအုပ်တိုက် |
| အတွင်းဖလင်ခွဲ | ဦးထွန်းဆိုင် |
| အဖုံးဖလင်ခွဲ | Sunn Scangraphics |


www.foreverspace.com.mm

www.foreverspace.com.mm

## စာရေးသူမှ....

ဤ 'ဝိသာခါနှင့် သီတာ' သည် ကလျာမဂ္ဂဇင်းတွင် (၂၀၀၄၊ စက်တင်ဘာမှ ဒီဇင်ဘာအထိ) ရေးခဲ့သော၊ (မိဂါရမာတာ၏ စွမ်းဆောင်ရည်)နှင့် ဧကရီမဂ္ဂဇင်းတွင် (၂၀၀၄၊ ဩဂုတ်မှ ဒီဇင်ဘာအထိ) ရေးခဲ့သော (သီတာဒေဝီ၏ အခန်းကဏ္ဍနှင့် သဘောထားရပ်တည်ချက်) နှစ်ရပ်ကို တစ်အုပ်ပြုလိုက်သည့် စာအုပ်ဖြစ်ပါသည်။

'မိဂါရမာတာ....' ကို ကလျာက 'ဗုဒ္ဓယဉ်ကျေးမှု အတွေးအစုံ' ဟူသော ခေါင်းစဉ်ဖြင့် မာတိကာတွင် ဖော်ပြခဲ့ပြီး 'သီတာဒေဝီ' ကို ဧကရီက 'မိန်းမသားအတွေး' ခေါင်းစဉ်ပါ မာတိကာတွင် ဖော်ပြခဲ့သည့် မဂ္ဂဇင်းနှစ်အုပ်တွင် အခန်းဆက် ရေးခဲ့သော ထိုစာနှစ်ပုဒ်ကို တစ်အုပ်တည်း၌ ပေါင်းစပ်ဖို့ ကြံလာသောအခါ 'ဝိသာခါနှင့် သီတာ' ဟုပင် ရိုးရိုးရှင်းရှင်း အမည်တပ်လိုက်ပါသည်။

မိန်းမသားနှစ်ဦးအကြောင်းပင် ဖြစ်ပါသည်။

ထိုမိန်းမသားနှစ်ဦးမှာ ဘယ်လိုမှ ပတ်သက်ဆက်စပ်ခြင်း မရှိသော (မရှိနိုင်သော) နှစ်ဦး ဖြစ်လေသည်။ ဝိသာခါက မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ကာလဝယ်၊ ဖြစ်တည်ရှင်သန် ကျော်ကြားခဲ့သူ၊ ဧတဒဂ်ဘွဲ့ရ မိန်းမသား။ သီတာဒေဝီက ရာမယဏ၊ ရာမဇာတ်လာ ဇာတ်ဆောင်ဖြစ်သည်။ အကယ်၍





www.foreverspace.com.mm

ရာမဇာတ်ကို ကဝိတို့၏ စိတ်ကူးယဉ်၊ မဟာကလျာကြီးဟု ယူဆလျှင် သီတာဒေဝီသည်လည်း၊ စိတ်ကူးလောကထဲမှ ဇာတ်ဆောင်ဖြစ်လာပါလိမ့်မည်။ ရာမယဏသည် ရှေးရှေးယခင် အိန္ဒိယဒေသတွင် တကယ်ဖြစ်ပျက်ခဲ့သော ထုပ္ပတ်တစ်ခုအပေါ် အခြေခံပေါက်ဖွားခဲ့သည်ဟု ယူဆလျှင်လည်း သီတာဒေဝီသည် ဘီစီ ၆၀၀ နှင့် ၄၀၀ အကြား ကာလသမိုင်းဖြစ်ရပ်ကြီးတစ်ခု အတွင်း ပေါ်ပေါက်ခဲ့သော မိန်းမသားဟု ဆိုရပါမည်။

နောက်ခံချင်း ဘယ်သို့မှ ဆက်စပ်မရနိုင်သော ထိုမိန်းမသားနှစ်ဦးကို အဘယ်ကြောင့် 'နှင့်' ထိုး၍ စာအုပ်တစ်အုပ်ထဲမှာ ပူးတွဲဖော်ပြပါသလဲ....။ ထိုအကြောင်းကို ပြောပြရမည်ဖြစ်သဖြင့် ဤအမှာစာကို ရေးရခြင်း ဖြစ်ပါသည်။

× × × × ×

'နှင့်' ဆိုသော ဝိဘတ်သည် နာမ်ပုဒ်အချင်းချင်းကို တွဲစပ်ပေါင်းဖက်ပေးရာ၌ အသုံးပြုသော ဝိဘတ်ဖြစ်ကြောင်း အားလုံးသိကြပါသည်။ များသောအားဖြင့် 'နှင့်' ၏ ဟိုမှာဘက် သည်မှာဘက်တွင်ရှိသော နာမ်ပုဒ်တို့သည် တစ်နည်းနည်းဖြင့် ဆက်သွယ်မှု ရှိတတ်ကြသည်။ 'အရှေ့နှင့်အနောက်' ဟူ၍ ဆန့်ကျင်ဘက်နှစ်ခုကို တွဲစပ်ပြရာမှာပင် 'အရပ်မျက်နှာ' ဟူသော အခြေခံအားဖြင့် ဆက်စပ်မှုရှိပါသေးသည်။

ယခု 'ဝိသာခါနှင့် သီတာ' မှာကား မိန်းမသားများ ဖြစ်ကြခြင်း ဟူသော အချက်မှတစ်ပါး မည်သို့မျှ ဆက်စပ်မှုမရှိပါ။

ဤအမည်သည် နိုင်းယှဉ်လေ့လာခြင်းကိုပြသော အမည်လည်း မဟုတ်ပါ။ တူညီမှု၊ ခြားနားမှု၊ ဆင်တူရိုးမှားဖြစ်မှု စသည်တို့ကို ဖော်ပြသည့် ချဉ်းကပ်ခြင်းလည်း မဟုတ်ပါ။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ဝိသာခါ (မိဂါရမာတာ)ကို ကလျာမဂ္ဂဇင်းတွင် ရေးခဲ့ပြီး သီတာဒေဝီကို ဧကရီမဂ္ဂဇင်းတွင် ရေးခဲ့ပါသည်။ သို့သော် ရေးခဲ့သည့်အချိန်မှာ တစ်ပြိုင်တည်း (၂၀၀၄ ခုနှစ်၏ နှောင်းလပိုင်းများ) ဖြစ်နေပါသည်။ ကလျာအတွက် ဝိသာခါကို ရေးနေစဉ်က သီတာဒေဝီကို သတိမရသလို ဧကရီအတွက် သီတာကို ရေးစဉ်ကလည်း ဝိသာခါကို သတိမရပါ။

သို့သော် ပုဂံစာအုပ်တိုက်က တစ်ပေါင်းတည်းပြု၍ စာအုပ်ထုတ်မည်ဆိုသောအခါ စိတ်ဝင်စားစရာလေးတစ်ခုကို သွားတွေ့လိုက်ပါသည်။

× × × × ×

ဝိသာခါကို ရေးစဉ်က ကျွန်တော်သည် အရေးခံအကြောင်းအရာ၏ အပြင်ဘက်မှာ ရှိနေခဲ့သည်။ အပြင်မှရပ်ကြည့်ပြီး ရေးခြင်းဟု ဆိုနိုင်သည်။ ခပ်လှမ်းလှမ်းမှ ကြည့်သည်။ တစ်စတစ်စ တိုးချဉ်း၍ကြည့်သည်။ အနီးကပ်ကြည့်သည်။ အနီးဆုံးအနီးအထိ ကပ်၍ကြည့်သည်။ ဘယ်လိုပဲ ဝေးဝေး နီးနီး အပြင်ဘက်က ကြည့်သောအမြင်ပဲ ဖြစ်ပါသည်။

သီတာဒေဝီကို ရေးစဉ်က ကျွန်တော်သည် အရေးခံ





အကြောင်းအရာ၏ အပြင်ဘက်မှာ ရှိနေခဲ့ရာမှ တစ်စတစ်စ ချဉ်းကပ်တိုးဝင်သွားကာ အတွင်းသို့ရောက်သွားလေသည်။ ပြီးတော့ အပြင်ပြန်ထွက်သည်။ ပြီးတော့ အတွင်းသို့ပြန်ဝင်သည်။ အဓိကအာဘော်မှာ အတွင်းဝင် အမြင့်ခံစားမှုဟုပင် ဆိုနိုင်သည်။ သီတာဒေဝီ ကျူးရင့်သောစကားများအဖြစ် သူ့နေရာမှာနေပြီး ပြောခဲ့သည်။

ဤနှစ်ပုဒ်သည် ဝတ္ထုများမဟုတ်ကြပါ။ ဝတ္ထုပုံစံဖြင့် တင်ပြသော စာအမျိုးအစားမဟုတ်ပါ။ သို့သော် မိန်းမသားနှစ်ဦးတို့၏ ကံသုံးပါးအပြုအမူကို ဖော်ပြရာ၌ ယင်းတို့၏နောက်ခံဖြစ်ရပ်များကို မဖြစ်မနေ ထည့်သွင်းရသည့်အတွက် ဇာတ်လမ်း၊ ဇာတ်ကွက် သဘောများ ပါဝင်နေခြင်း ဖြစ်လေသည်။ တကယ်တော့ ထိုဇာတ်လမ်း ဇာတ်ကွက်များကလည်း ကျွန်တော်က စိမ်ဖော်စပ်ရသည် မဟုတ်ပါ။ သူ့ဘာသာသူရှိပြီး ဇာတ်ကွက်များသာ ဖြစ်လေသည်။

စကားအလျဉ်းသင့်၍ တစ်ခုထည့်ပြောပါရစေ။

စာပေပညာရှင်များက ဝတ္ထုတွင် ရှုထောင့် ၄ မျိုးရှိသည်ဟု ဆိုကြသည်။ တစ်နည်းအားဖြင့် ဝတ္ထုရေးသူက သူ့ဝတ္ထုထဲမှာ ဘယ်နေရာက ပါသလဲ ဟူသော အခန်းပင်ဖြစ်သည်။ ထိုသို့ ဝတ္ထုရေးသူ ပါဝင်သော အခန်းကဏ္ဍကို လိုက်၍

(၁) အလုံးစုံသိခြင်း (OMNISCIENT)

(၂) အကန့်အသတ်ဖြင့် သိခြင်း (LIMITED OMNISCIENT)



www.foreverspace.com.mm

(၃) ကိုယ်တိုင်ဝင်ပြောခြင်း သို့မဟုတ် ပထမနာမ်စား (FIRST PERSON)

(၄) ဓမ္မဓိဋ္ဌာန်ကျကျပြောခြင်း (OBJECTIVE)

ဟူ၍ လေးမျိုးပြားသွားသည်။

ဝိသာခါနှင့် သီတာသည် ဝတ္ထုမဟုတ်ပါဟု ဆိုခဲ့ပါသည်။

သို့သော် ကိုယ့်စာမူကိုယ် ပြန်ဖတ်ကြည့်လိုက်တော့ ဝိသာခါတွင် ကျွန်တော်သည် အထက်ပါ ၄ မျိုးထဲမှ ၁၊ ၂ နှင့် ၄ တို့ကို အသုံးပြုဖြစ်ကြောင်း တွေ့ရပါသည်။

သီတာဒေဝီတွင် ၁၊ ၂ နှင့် ၃ တို့ကို အသုံးပြုဖြစ်ကြောင်း တွေ့ရပါသည်။ (ဤနေရာတွင် ပြောစရာရှိလာသည်မှာ ထိုသို့သော အမျိုးအစားများကို အသုံးပြုလိုက်မည်ဟု ကြိုတင်စိတ်ကူးရည်ရွယ်ချက် မထားခဲ့ခြင်း၊ ရေးနေစဉ်မှာလည်း ထိုထို အမျိုးအစားများကို မိမိအသုံးပြုနေပြီဟု မသိခဲ့ခြင်းပင်ဖြစ်သည်။ ယခုအမှာစာကို ရေးသောအခါမှသာ ထိုနည်းများကို ငါ အသုံးပြုခဲ့ပါကလားဟု ပြန်တွေးခြင်းဖြစ်သည်။)

ထပ်၍ ဆိုရပါမည်။ ဝိသာခါတွင် ကျွန်တော်သည် ကိုယ်တိုင် ဝင်ပြောခြင်း (First Person) ကို မသုံးခဲ့ကြောင်း၊ သီတာဒေဝီတွင် ကျွန်တော်သည် ဓမ္မဓိဋ္ဌာန်ကျကျပြောခြင်း (OBJECTIVE) ကို မသုံးခဲ့ကြောင်း တွေ့ရပါသည်။

ဝိသာခါနှင့် သီတာသည် အချက်အလက်ကို အဓိကဖောင်းပေးသော သုတစာလည်းမဟုတ်၊ ခံစားမှု (ဝေဒနာ)ကို





ဖောင်းပေးသော ရသစာလည်းမဟုတ်ဟု ဆိုနိုင်သည်။ သုတလည်းမဟုတ်၊ ရသလည်းမဟုတ်ဆိုလျှင် အက်ဆေးအနွယ်ဝင်စာမျိုး ဖြစ်လေ မလား။ ကျွန်တော်ကတော့ အတွေးအစုဟုပင် အမည်ပေးလို့ရပါ သည်။

နှစ်ရပ်စလုံးကို အတွေးအစုဟု အမည်တပ်လိုက်သော်လည်း တစ်ပုဒ်နှင့် တစ်ပုဒ်က မတူပြန်ပါ။ အရေးခံ အကြောင်းအရာကိုလိုက်၍ ကွဲပြားခြားနားသွားခြင်း ဖြစ်လေသလောဟု တွေးရန်ရှိပါသည်။

သိသိသာသာ ကွဲပြားသွားသည်ကား....

ဝိသာခါတွင် ကျွန်တော်သည် နှစ်လိုခြင်း၊ လေးစားခြင်း၊ အားကျခြင်း၊ ဂုဏ်ပြုခြင်း.... စသော အရာများဖြင့် အတော်အတန် တည်ငြိမ်စွာ ရေးဖြစ်ခဲ့သည်ဟု ထင်ပါသည်။ တစ်နည်း၊ ဝိသာခါစာမူတွင် စာရေးသူ၏ လိပ်ပြာသည် အအေးဓာတ်၊ အငြိမ်ဓာတ်တို့ အငွေ့သမ်းခဲ့လေသည်။

သီတာဒေဝီတွင်ကား ကျွန်တော်သည် စာနာခြင်း၊ နာကျင်ခြင်း၊ တိုင်တည်ခြင်း.... စသောအရာများဖြင့် လှုပ်လှုပ်ခတ်ခတ် ရေးဖြစ်ခဲ့သည်ဟု ထင်ပါသည်။ တစ်နည်း၊ သီတာဒေဝီစာမူတွင် စာရေးသူ၏လိပ်ပြာသည် အပူဓာတ်၊ အလှုပ်ဓာတ်တို့ အငွေ့သမ်းခဲ့လေသည်။

စာရေးသူ၏ ထိုမတူခြားနားသော လိပ်ပြာနိုးမှု (လိပ်ပြာအတောင်ပံ ခတ်သံပဲ ဆိုကြပါစို့) က စာဖတ်သူ၏နား၌ မည်သို့

www.foreverspace.com.mm

အသံမည်သလဲ။ စာဖတ်သူထံတွင် မည်သို့မည်ပုံ သက်ရောက်စေမည်လဲ။ မည်သို့သော ရသ၊ မည်သို့သော အသိကို ပေးမည်လဲ။ ဒါကတော့ ကျွန်တော်နှင့် မဆိုင်တော့ပါ။ ပြောကြစတမ်းဆိုလျှင် ယခုလို ပဏာမခံ၍ စကားဦးသမ်းနေတာကိုက လွန်လှပြီဖြစ်သည်။

ပဏာမ စကားကို နိဂုံးချုပ်ပါမည်။

ပြောလိုရင်း တစ်ချက်သာ ရှိပါသည်။

ဗုဒ္ဓဝင်၊ ရာဇဝင်၊ ဒီပဝင်.... သမိုင်းဖြစ်ရပ်.... စသည်တို့ထဲတွင် အလွန်စိတ်ဝင်စားဖွယ်ဖြစ်သော မိန်းမသားများ၏ အခန်းကဏ္ဍများ များစွာ ရှိနေသည်ဆိုသည့် အချက်ပင် ဖြစ်ပါကြောင်း။

ချစ်ဦးညို

၂၀၀၄၊ ဒီဇင်ဘာ



www.foreverspace.com.mm

# စာရေးသူ



စာရေးဆရာ ချစ်ဦးညိုကို ၁၉၄၇ ဒီဇင်ဘာ ၃၀တွင် မန္တလေးမြို့၌ အဖ ဦးရွှေဒေါင်းညို၊ အမိ ဒေါ်စိန်ရင်တို့မှ ဖွားမြင်သည်။ မွေးချင်း ၇ ယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်းမှာ ဦးကျော်စွာ ဖြစ်သည်။ မန္တလေးမြို့၊ နန်းတော်ရှေ့၊ မတ္တရာတိုက်၊ မူလတန်းကျောင်းတွင် အခြေခံပညာ ဆည်းပူးခဲ့ပြီး ၁၉၅၆ တွင် မန္တလေးမြို့ ဝက်စလီကျောင်းနှင့် ဘီဘီအိုအေကျောင်းများ၌ အလယ်တန်းတက်ရောက်ခဲ့သည်။ မန္တလေး အထက(၁)မှ ဆယ်တန်းအောင်ခဲ့ပြီး ၁၉၆၂တွင် မန္တလေးတက္ကသိုလ်၌ ဥပစာဝိဇ္ဇာ (က) တန်း တက်ရောက်သည်။ ၁၉၆၃ – ၆၈တွင် ရန်ကုန်

www.foreverspace.com.mm



ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၌ ဒဿနိကဗေဒအဓိကဖြင့် တက်ရောက်ပြီး ၁၉၆၈တွင် ဂုဏ်ထူးသုံးဘာသာဖြင့် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ မဟာဝိဇ္ဇာ ဆက်လက်တက်ရောက်ခဲ့သည်။

၁၉၇၀မှစ၍ လုပ်သားများကောလိပ်၊ စစ်တွေ ကောလိပ်၊ ဗဟို သမဝါယမ သင်တန်းကျောင်းတို့တွင် နည်းပြဆရာအဖြစ် အမှုထမ်းခဲ့ကာ ၁၉၇၅တွင် အမှုထမ်းဘဝကို စွန့်လွှတ်ပြီးနောက် ဇာတ်အဖွဲ့ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ၊ ကျူရှင်ဆရာအဖြစ် ကျင်လည်ခဲ့သည်။

၁၉၇၀၊ အောက်တိုဘာလထုတ် မိုးဝေစာပေမဂ္ဂဇင်းတွင် ပထမဆုံး ပုံနှိပ်စာမူအဖြစ် 'ရန်ကုန်မြို့အလယ်' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ မိုးဝေစာပေမဂ္ဂဇင်းနှင့် ရှုမဝ ရုပ်စုံမဂ္ဂဇင်းများတွင် ဝတ္ထု၊ ဆောင်းပါး၊ ဘာသာပြန်များ ရေးသားခဲ့သည်။ ပထမဆုံး လုံးချင်းဝတ္ထုမှာ 'လက်ဘဒီပချစ်သူ' (၁၉၇၇) ဖြစ်ပြီး သူ၏ အထင်ရှားဆုံး ဝတ္ထုလည်းဖြစ်သည်။ သူ၏ အခြားထင်ရှားသော ဝတ္ထုများမှာ 'ချစ်သောပါဒဇကရီ' (၁၉၇၉)၊ 'နှင်းကေသရာချစ်တဲ့သူရဲကောင်း'(၁၉၇၉)၊ 'သုဝဏ္ဏဘူမိဝေဒနာ' (၁၉၈၀)၊ 'ခုနှစ်အိမ်တန်းက မဂျမ်းဘုံ' (၁၉၈၁)၊ 'တိမ်တိမ်တွေဖုံးပါလို့ အုန်းခြိမ့်ခြိမ့်ည' (၁၉၈၃) (၂၀၀၄)၊ 'ရွှေတိုက်စိုး' (၁၉၈၆)၊ 'ရတနာဂီရိ အကျဉ်းသား' (၁၉၈၉)၊ 'မဏိစန္ဒာဥဒါန်း' (၁၉၉၁)၊ 'ဘဒ္ဒါ' (၁၉၉၃)၊ 'ရာဇကုမာရ' (၁၉၉၄)၊ 'ရှင်စောပု' (၁၉၉၆)၊ 'လောကစံနှင့် လမ်းလျှောက် အတူထွက်



www.foreverspace.com.mm



ခြင်း' (၁၉၉၉)၊ 'သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေမယ့်စကားများ' (၁၉၉၉)တို့ ဖြစ်ကြသည်။ စာရေးသက် ၂၅ နှစ်အတွင်း ဗုဒ္ဓယဉ်ကျေးမှု နောက်ခံဝတ္ထု ၁၄ အုပ်၊ သမိုင်းနောက်ခံဝတ္ထု ၁၆ အုပ်၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပေါင်းချုပ် ၈ အုပ်၊ လူမှုရေး အတွေးအခေါ်ဆိုင်ရာ ၈ အုပ်၊ သုတေသန စာတမ်း ၅ စောင် ရေးသားထုတ်ဝေပြီး ဖြစ်သည်။

ချစ်ဦးညိုသည် စာပေရေးသားရင်း သဘင်မဂ္ဂဇင်း စာတည်းချုပ် (၁၉၈၃–၁၉၈၈)နှင့် ရွှေပြည်တန်ဂျာနယ် စာတည်းချုပ်(၁၉၉၉–၂၀၀၀) အဖြစ် လုပ်ခဲ့သည်။ ၁၉၉၇တွင် တက္ကသိုလ်ဘုန်းနိုင်၏ 'သူ့ကျွန်မခံပြီ' ဝတ္ထု ကို ရုပ်ရှင်ရိုက်ကူးရာ၌ ဇာတ်ညွှန်းနှင့် အနုပညာဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ၊ ဇာတ်သဘင် ပြိုင်ပွဲကဏ္ဍတွင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်အဖြစ် နှစ်စဉ်တာဝန်ယူလျက်ရှိသည်။ ၁၉၉၈–၂၀၀၂ နှစ်များအတွင်းတွင် စင်ကာပူ၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ မလေးရှားနှင့် အမေရိကန်နိုင်ငံများသို့ စာပေနှင့်ယဉ်ကျေးမှု အနုပညာဆိုင်ရာ လုပ်ငန်းများအတွက် သွားရောက်ခဲ့သည်။

ယခုတိုင် စာပေရေးသားခြင်း၊ ဇာတ်ညွှန်းရေးသားခြင်း လုပ်ငန်းများအပြင် ရန်ကုန် ယဉ်ကျေးမှုတက္ကသိုလ်တွင် ပညာရေးအဖွဲ့ဝင်၊ ပြင်ပ စာစစ်မှူးနှင့် ဇာတ်သဘင်ပညာဌာန အကြံပေးအဖြစ်လည်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

www.foreverspace.com.mm

# မိဂါရမာတာ၏ စွမ်းဆောင်ရည်

www.foreverspace.com.mm

## ၁

"ဂီတ.... တေးသီချင်းများကို ဘုရားတောင် ပယ်တော်မမူ.... ပုဗ္ဗာရုံကျောင်းအမ၊ သူပြုရတဲ့ ကုသလကြည်ဖြူ.... ဗိုက်ကိုပင် ဖြောအမှတ်နဲ့ တီးကာ ရှင်ပျော် အတောမသတ်ပေါင် လောကခေတ် ဤဇမ္ဗူ.... စေတနာ လွန်ကဲသူ.... ရဟန္တာတွေ ဝါဆိုဝါကပ်လှူ.... ကျောင်းအမကြီး ဗျောတီးသမားကို ဘုရားတောင် အပြစ်တော်မယူ...."

မြို့မကိုလည်း ကြိုက်၊ အဆိုတော် ကိုဖိုးအံ့ကိုလည်း ကြိုက်သဖြင့် ဤသီချင်းက ကျွန်တော်တို့၏နှုတ်ဖျားသို့ အလွယ်တကူ ကပ်ငြိခဲ့၏။ သူငယ်ချင်းတစ်သိုက် စက်ဘီးကိုယ်စီဖြင့် ချုပ်ညမှောင်ရီပိုးဝါးမှာ နန်းရှေ့ အရှေ့ကျုံးလမ်းတစ်လျှောက် ခေါက်တုံ့စီးကြရင်း ဟစ်ခဲ့အော်ခဲ့ကြသော သီချင်းတွေအနက်

www.foreverspace.com.mm



ဤ'ပဥ္စသီခ' သည် မပါမဖြစ်။

"ပဥ္စသီခ နတ်ဒေဝါ.... ထံတျာ.... တေးသံကြူ" ဟူသော 'ခိုးရပ်' အပိုဒ်ကျတော့ အားလုံး ဝိုင်းအော်ကြတော့သည်။ ပုဗ္ဗာရုံ ကျောင်းအမကြီးက သူ့ကိုယ်သူ ပြောအမှတ်ဖြင့် တီးရင်း ကျွန်တော်တို့နှင့်တကွ ပါဝင်ဆင်နွှဲနေသည်ဟု ထင်မိ၏။ သူငယ်ချင်းတစ်ယောက်က တွေးတွေးဆဆ မေးသည်။ 'ဗိုက်ကို ပြောလုပ်တီးတယ်ဆိုတော့ အတော်နာမှာပဲနော်' တဲ့။တစ်ယောက်က ဆက်တွေးပြီး ပြောပြန်သည်။ 'ကျောင်းအမကြီးတစ်ယောက် လုပ်နေပြီး ဗိုက်ကို ပြောလိုလုပ်တီးတယ် ဆိုတာတော့ နည်းနည်း .... အင်း .... ဣန္ဒြေများ မဲ့သလားလို့'။ နောက်တစ်ယောက်က 'စေတနာလွန်ကဲသူဆိုတဲ့စာသား ပါတယ်လေကွာ။ ဝမ်းသာ လွန်းလို့ နေမှာပေါ့' ဟု ဖေးဖေးမမ ပြောပြန်၏။ ဘာကိုမဆို နည်းနည်းကလေး ကန့်လန့်လုပ် တွေးတတ်သည့် အကောင်က တော့ 'ဘုရားလက်ထက်က ပြောဆိုတာ ပေါ်ပြီလား' ဟု မေး သည်။ သူ့အမေးကို ဖြေသူမရှိပါ။

သီချင်းထဲမှ 'ပုဗ္ဗာရုံကျောင်းအမ' ဆိုသော စကားလုံးကို တော့ မည်သူမျှ စူးစမ်းခြင်း မရှိကြချေ။ နောက်တော့ ဘုန်း တော်ကြီးများ၏ ဟောတရားများနှင့် လူကြီးသူမများ၏ ပြော စကားများမှာ 'ကျောင်းအမကြီး ဝိသာခါ' ဟူသော အမည်ကို ကြားလာရလေသည်။ ပြီးတော့မှ ဝိသာခါသည် ပုဗ္ဗာရုံကျောင်း အမကြီး ဖြစ်သည်ဟု ဆက်စပ်သိလာရပြန်သည်။ သို့သော်



www.foreverspace.com.mm



ဝိသာခါသည် ဝိဋ္ဋူဘလောက် ကျွန်တော်တို့၏စိတ်ကို ဆွဲ ဆောင်နိုင်စွမ်း မရှိခဲ့သည်မှာလည်း အမှန်ပင်ဖြစ်၏။ ဝိဋ္ဋူဘ မင်းသား၏ ဇာတ်လမ်းက ဓားတွေ၊ လှံတွေ တဖွေးဖွေး။ သူထိုင်သည့်နေရာကို နွားနို့ဖြင့် ဆေးကြောကာ 'ထွီ.... ကျွန်မရဲ့ သား' ဟု ဆိုသဖြင့် သာကီဝင်မင်းတွေ၏ လည်ချောင်းသွေးဖြင့် ပြန်ဆေးပစ်သည်လေ။ ပြီးတော့ သူရော၊ သူ့စစ်တပ်ကြီးပါ အစီရဝတီမြစ်ထဲမှာ နစ်မြုပ်သေကုန်ကြသည်တဲ့။ ဝိသာခါကတော့ ခပ်စင်းစင်းပဲဖြစ်၏။ သူဌေးကြီးသမီး၊ အချိန်တန်တော့ သူဌေး ကြီးနဲ့ရ၊ နောက်တော့ ပုဗ္ဗာရုံကျောင်းကြီးဆောက်၊ ဘုရားကိုလှူ၊ အင်း....၊ ၇ နှစ်သမီးကတည်းက သောတာပန်ဖြစ်သတဲ့ ဆိုတာ ကတော့ နည်းနည်းထူးခြားသလိုလိုဟု ထင်သည်။ ဒါပေမယ့် အဲဒီအချက်ကလည်း တစ်ဆယ့်ခြောက်နှစ်အရွယ်မှာ စစ်သေနာ ပတိချုပ်ဖြစ်သော ဝိဋ္ဋူဘလောက် စိတ်လှုပ်ရှားစရာ မကောင်း ပေ။

www.foreverspace.com.mm

## ၂

နောက်ပိုင်းမှာတော့ ဝိသာခါနှင့်ပတ်သက်လျှင် မျက်ခုံးပင့်ဖြစ်သွားသော အချက်တစ်ခုကို သွားတွေ့သည်။ 'မိဂါရမာတာ' ဟူသော အမည်ပင်ဖြစ်၏။ ထိုအမည်ကို ဘယ်သို့ရသနည်း။ မိဂါရဆိုတာက ယောက္ခမသူဌေးကြီး၏ အမည်။ ထိုယောက္ခမသူဌေးကြီးက သူ၏ချွေးမ၊ သားနှင့်စပ်၍တော်သော သမီး ဆိုပါစို့။ ထိုသမီးကို 'သင်သည် ငါ၏မိခင်ပါပေ' ဟု မြတ်စွာဘုရားမျက်မှောက်တော်မှာပင် ထုတ်ဖော်ဝန်ခံသည်။ ထို့ကြောင့် မိဂါရမာတာ၊ မိဂါရသူဌေးကြီး၏အမေ....။ ယောက္ခမကြီးက အမေပြန်ခေါ်ရသည်ဆိုတာကတော့ အတော့်ကိုရှားရှားပါးပါးပေပဲဟု နားလည်လိုက်မိ၏။ ဘာကြောင့်ပါလိမ့်။ အရပ်တွေး တွေးကြည့်လိုက်သောအခါ သမက်နှင့် ယောက္ခမ၊ ချွေးမနှင့် ယောက္ခမ



www.foreverspace.com.mm



ဆိုသည်မှာ ခွဲမရအောင် တွဲစပ်နေသော ရန်ဓာတ်ဟုဆိုရလောက်အောင် တကျက်ကျက်ရှိနေရမည့် 'ယူနစ်' တစ်ခုဖြစ်သည်ဟု သိထားလေသည်။ သိကြားနှင့် အသူရာတို့ စစ်ပွဲကား သမက်နှင့် ယောက္ခမအကြား ပဋိပက္ခ၏အမြင့်ဆုံး ပြယုဂ်ပင် မဟုတ်လား။ ထိုသို့သော သဘောသဘာဝထဲမှာ မိဂါရသူဌေးကြီး၏ သူ့ချွေးမ ဝိသာခါကို အမေဟုပင် ချီးမြှောက်ခေါ်ဝေါ်လောက်သည်အထိ ဖြစ်သွားသည် ဆိုတာကတော့ အလွန်ကြီးကျယ်သောအကြောင်း ရှိရပေမည်ဟု သဘောပိုက်လိုက်မိပါသည်။

ထို့ကြောင့် အစီရဝတီမြစ်ကြီး၏ လှိုင်းလုံးကြီးများအောက် ရောက်သွားသော ဝိဋ္ဋူဘတို့ကို မေ့ထားလိုက်ပြီး မိဂါရမာတာဘက် စိတ်ဦးလှည့်လိုက်၏။

ဝိသာခါ၏ ဘဝစာမျက်နှာများကို အစီအစဉ်အတိုင်း ဖွင့်လှစ် ကြည့်လိုက်ပါသည်။

### အဘိုး၊ အဘတို့၏ အရှိန်အဝါ

ဗိမ္ဗိသာရမင်းကြီး၏ အာဏာစက် ပျံ့နှံ့ရာ ရာဇဂြိုလ်ပြည်နယ်အတွင်း ဘဒ္ဒိယမြို့ရှိသည်။ ထိုမြို့၌ မေဏ္ဍကသူဌေးကြီးနှင့် စန္ဒပဒုမာ သူဌေးကတော်ကြီး နေထိုင်သည်။ သူတို့၏သားက ဓနဉ္စယသူဌေး။ ဓနဉ္စယ၏ ဇနီးက သုမနဒေဝီ။ ဝိသာခါသည်

မေန္ဒယနှင့် သုမနဒေဝီတို့မှ ဖွားမြင်လာသူဖြစ်၏။ ထို့ကြောင့် ဝိသာခါသည် အဘိုးသူဌေး၊ အဖေ သူဌေး....။ ထိုခေတ်၏ အထက်လွှာမှ ဆင်းသက်ပေါက်ဖွားသူ ဖြစ်လေသည်။

အဘိုးမေဏ္ဍကသူဌေးကြီးကလည်း ရိုးရိုးသူဌေး မဟုတ်ပြန်ပါ။

သူဌေးတကာထက် သူဌေးဟု ဆိုရမည့်သူ....။ 'အမိတဘောဂ' စာရင်းဝင်။ အမိတဘောဂဆိုသည်မှာ အမိတ = မနှိုင်းယှဉ်အပ်သော၊ အတိုင်းမသိသောဟု အနက်ရသည်။ အမိတဘောဂဆိုတော့ အတိုင်းမသိသော စည်းစိမ်ဥစ္စာ။ သုံးမကုန် ဖြုန်းမကုန် စည်းစိမ်ကုံလုံကြွယ်ဝသည့် ချမ်းသာမှု။ ဘယ်လောက်ချမ်းသာသလဲဆိုတာကို အသပြာ ကုဋေကုဋာတို့ဖြင့် ပိုင်းခြားသတ်မှတ်၍ မရစကောင်းဟု အဓိပ္ပာယ်ရလေသည်။

အဘယ်ကြောင့် အတိုင်းမသိချမ်းသာကြွယ်ဝမှု ဖြစ်ရပါသနည်း။ မည်သည့်လုပ်ငန်းများမှ မည်သို့ရရှိလေသနည်း။ ဓမ္မပဒ၊ အဋ္ဌကထာ၊ မလဝဂ်၏ ဖော်ပြချက်အရ ဝိသာခါ၏ အဘိုး မေဏ္ဍကသူဌေးကြီး၏ အရှိန် အဝါ၊ ဘုန်းအာနုဘော်ကို ဤသို့တွေ့ရ၏။

'တစ်နေ့သ၌ မေဏ္ဍက သူဌေးကြီးသည် မိမိ၏ ဘုန်းအာနုဘော်ကို စုံစမ်းလိုသည်ဖြစ်၍ စပါးကျီအလုံးပေါင်း ၁၂၅၀ တို့ကို သုတ်သင်ရှင်း လင်းစေပြီးလျှင် ဦးခေါင်းဆေးလျှော်ပြီးနောက် တံခါးဝ၌ထိုင်နေ၍ အထက်ကောင်းကင်သို့ မော်၍ကြည့်လိုက်လေသည်။ ထိုခဏဝယ် သလေးနီစပါးမိုးကြီး ဖြိုးဖြိုးဖြန်းဖြန်း အုန်းအုန်းရွာချ၍ စပါးကျီအလုံးပေါင်း ၁၂၅၀ တို့မှာ သလေးနီစပါးတို့ဖြင့် ပြည့်လျက်သား ဖြစ်ကြလေကုန်၏။'

အဖျတရသကိုဆောင်သည့် ဤအဖြစ်နောက်ကွယ်မှ နက်ရှိုင်းသော အကြောင်းတရားများကို မိမိညာဏ်မမီပါ။ မေဏ္ဍကသူဌေးကြီး၏ ထိုဘုန်းအာနုဘော်ဆိုင်ရာ ရုပ်ပုံလွှာ 'ဓာတ်'များကို ကျွန်တော်၏ 'အင်တင်နာ' မဖမ်းယူနိုင်ပါ။

မေဏ္ဍကသူဌေးကြီး၏ဇနီး စန္ဒပဒုမာကလည်း ဆန်တစ်ပြည်ချက် ထမင်းအိုးကို ရွှေယောက်မဖြင့် ခူးခပ်၍ လာသမျှလူတိုင်းအား ခွက်အပြည့် ပေးလှူရာတွင် တစ်နေကုန် ပေးလှူသည့်တိုင် အရာမယွင်း ပြည့်မြဲပြည့်လျက်ရှိသည်ဟု ဆိုသည်။ သားဖြစ်သူ မေန္ဒယသူဌေးကလည်း အသပြာထောင်အိတ်ကိုင်၍ လာသမျှလူတိုင်းအား သူတို့၏ ခွက်အပြည့် အသပြာများ ထည့်ပေးရာတွင် အသပြာတစ်ထောင် လျော့သည်မရှိဟု ဆိုသည်။ သူ့ဇနီး သုမနဒေဝီကလည်း ကောက်စပါးတောင်းထဲမှ မျိုးကို ပေးလှူရာတွင် မယွင်းမလျော့ ပြည့်မြဲပြည့်သည်ဟု ဆိုသည်။

ဝိသာခါသည် မေဏ္ဍက သူဌေးကြီးနှင့် သူဌေးကတော်ကြီး စန္ဒပဒုမာတို့၏ မြေး။ မေန္ဒယသူဌေးနှင့် သုမနဒေဝီသူဌေးကတော်တို့၏ သမီးဖြစ်သည်။ ဝိသာခါ၏ မျိုးရိုးစဉ်လာ ချမ်းသာကြွယ်ဝမှုနှင့် အရှိန်အဝါ အာနုဘော်ကို သိရှိနားလည်ရပြီး အံ့သြကြည်နူးဖြစ်မိစေကာမူ ထိုအချက်သည် ကျွန်တော်၏







www.foreverspace.com.mm

ဟာဒယသို့ ထိထိခိုက်ခိုက် မဝင်ရောက်ကြောင်း ဝန်ခံရပါမည်။ သူဌေးမျိုးရိုး ဘိုးစဉ်ဘောင်စက် ဆင်းသက်ခဲ့လို့ ချမ်းသာတာပဲ လေဟူသော ခံတန်တန် အတွေးများပင် ရှိကောင်းရှိနိုင်ပေသည်။

## ခုနစ်နှစ်သမီး သောတာပန်

ဖြစ်ရပ်မှန် ဇာတ်လမ်းလေး တစ်ခုကို သတိရမိပါသည်။ သူငယ်ချင်းတစ်ယောက် တက္ကသိုလ်နောက်ဆုံးနှစ်ကို 'ကွာလီဖိုင်း'ဖြင့် အောင်မြင်သည်ဟု ကြားသိရသောအခါ သူ့ညီအငယ်ကောင်က ကွာလီဖိုင်း ဖြစ်တယ်ဆိုတာ ဘာလဲဟု မေးခဲ့၏။ ကွာလီဖိုင်းဆိုတာ မဟာဝိဇ္ဇာ အရည်အချင်းစစ်မိတာ၊ မာစတာတန်းကို တစ်ခါတည်း ဆက်တက်လို့ရတာကို ခေါ်တယ်။ ကွာလီဖိုင်းမဖြစ်ဘဲ ရိုးရိုးအောင်တဲ့သူက Q I, Q II စသဖြင့် ကွာလီဖိုင်းထပ်ထိုင်ရတယ်ဟု သူငယ်ချင်းက ပြန်ဖြေသည်။ မဟာဝိဇ္ဇာ ဆက်တက်တယ်ဆိုတာ ကျောင်းဆက်တက်ရတာလားဟု ကောင်လေးက မေးတော့ အေးပေါ့ဟု ဖြေလိုက်သည်။ ထိုအခါ ကောင်လေးက (သူက ခုနစ်တန်းကျောင်းသား) အစ်ကိုတို့ ကွာလီဖိုင်းကြီးကလည်း မဟုတ်သေးပါဘူးဗျာ၊ ကျောင်းဆက်တက်ဖို့ လုပ်ပေးလိုက်တာကြီးပဲ၊ ကျွန်တော်တို့ စကောလားရှစ် (ပညာသင်ဆု)လို ပိုက်ဆံလည်း မရဘူးဟု ပြောပါသတဲ့။ ခုနစ်တန်းကျောင်းသားလေးအဖို့ တက္ကသိုလ်၏ ကွာလီဖိုင်း





သဘောကို သူ၏ စကောလားရှစ်လောက် မကောင်းနိုင်ဟူသော အတွေးအခေါ်ရှိနေခြင်းမှာ ရယ်စရာဟု ကျွန်တော်တို့ သဘောထားခဲ့ကြလေသည်။

ဝိသာခါက ခုနစ်နှစ်အရွယ်မှာ သောတာပန်ဖြစ်သည်ဟူသော အချက်ကိုလည်း ကျွန်တော်တို့ ထိုသို့ပင် အတွေးရောက်ကြမည်လား။ သောတာပတ္တိဖိုလ်၌တည်သော သောတာပန် အရိယာ၏ အဆင့်မြင့်ပုံကို ကျွန်တော်တို့သည် (ခုနစ်တန်းကလေးက တက္ကသိုလ် ကွာလီဖိုင်းအပေါ် အထင်မကြီးနိုင်တာမျိုး မဟုတ်ဘူးဘဲ ဆိုပေဦး) သူပြော လူပြော စာတွေ့များဖြင့်သာ 'လွမ်း' ကြသူများ ဖြစ်လေသည်။

သောတာပန် (သောတာပန္န) ဆိုသည်မှာ အရိယာမဂ်ဟူသော ရေအလျဉ်သို့ ရောက်သူဟု စာထဲမှာ အဓိပ္ပာယ်ဖွင့်ထားသည်ကို တွေ့ရ၏။ အကြင်သောတာပန်သည် သရဏဂုံသုံးပါး၌ မတုန်မလှုပ် တည်ဆိုက်လျက် မည်သည့် အကြောင်းကြောင့်ဖြင့်မျှ သရဏဂုံ မပျက်သူ။ ပဉ္စသီလကို လုံ၀ လုံခြုံသူ။ သို့သော် လောဘ၊ ဒေါသ၊ မောဟ မကင်းသေးသူ။ မချုပ်ငြိမ်းသောသူ။ သို့သော် သာမန်ပုထုဇဉ်နှင့်ယှဉ်လျှင် သောတာပန်က ထိုကိလေသာများ ဖြစ်လျှင်ဖြစ်ချင်း ဖြစ်ပြီဟု သိလိုက်နိုင်သူ။ ထိုကိလေသာတို့၏ မမြဲမှုသဘောကို သိသူ။ ထိုသို့သိပြီးနောက် ပယ်ရန် အားထုတ်သူ၊ ပယ်နိုင်သူ။ အကျင့်မှား၊ အသိမှား၊ လမ်းလွဲကို ရှောင်လျက်၊ အကျင့်မှန်၊ အသိမှန်၊ လမ်းတည့်ပေါ်

တည့်ရပ်လျှောက်လှမ်းရင်း အဆုံးစွန်ထွက်မြောက်ရာသို့ ရှေးရှုသူ။ အနေး နှင့်အမြန် ရောက်ဖို့ သေချာသူ။ သောတာပန်ပုဂ္ဂိုလ် ....။

သို့ကလို စာတွေပေတွေထဲမှာ ဖတ်ရှုသိရှိထားပြီး သောတာပန်ဖြစ်ဖို့ဆိုတာ မလွယ်ပါလား ဆိုသည်မျှ အသိရှိထားသော ကျွန်တော်တို့သည် ဝိသာခါ သောတာပန်ဖြစ်ခြင်းကိုလည်း ရင်သပ်ရှုမော မဖြစ်မိကြပါ။ ခုနစ်နှစ်အရွယ်မှာ သောတာပန် ဖြစ်သည်ဟု သိရသဖြင့် အရွယ်ငယ်ငယ်ဖြင့် ဤမျှ ရင့်ကျက်ပါပေတကားဟူ၍ အနုမောဒနာလေးတော့ ပြုဖြစ်ပါသည်။ ဝိသာခါ၏ ခုနစ်နှစ်အရွယ် သောတာပန်အဖြစ်ကို ကြည်နူးဝမ်းမြောက်ဖွယ် အခါခါ သာစုခေါ်လျက် ကြည်ညိုအားကျ ပီတိပါမောဇ္ဇ မဖြစ်ရကောင်းလားဟု 'ငေါက်' မည်ဆိုလျှင်လည်း ခံရရုံသာ ရှိပါသည်။ ကိုယ်က နုံ့နဲ့သည်ကိုး။

## သတို့သမီးအလောင်းအလျာ

သူ့ကိုအကြောင်းပြုလျက် မှတ်မှတ်သားသား ဖြစ်ရပ်များကို ပေါ်ပေါက်စေတတ်သော သာဝတ္ထိဘုရင် ပသေနဒီကောသလမင်းကြီးသည် ဤတစ်ကြိမ်မှာလည်း အရေးကြီးသော ဇာတ်ပို့ဇာတ်ရံ အခန်းကဏ္ဍမှ ပါဝင်လာပြန်သည်။ ကောသလမင်းကြီးသည် အစားကျူးသူ၊ ဆင်ခြင်တုံတရား အားနည်းရှာသော်လည်း





သဘောသကာယကောင်းသူဟု သိရ၏။ နာမည်ကျော် အိပ်မက်ဆယ့်ခြောက်ချက်မှာလည်း သူ့ကိုအကြောင်းပြု ပေါ်ပေါက်ခဲ့ခြင်းဖြစ်၏။ ထိုကောသလမင်းကြီးသည် တစ်ခါဆန္ဒဖြစ်သည်မှာ မိမိ၏ သာဝတ္ထိပြည်ဝယ် အမိတဘောဂ သူဌေးကြီး တစ်ဦးမျှမရှိ။ ထို့ကြောင့် အမိတဘောဂသူဌေး အိမ်ထောင်စုတစ်ခုခုကို ပို့လွှတ်စေလိုပါကြောင်းဖြင့် ဗိမ္ဗိသာရမင်းထံ သဝဏ်လွှာစေ၍ တောင်းခံပါလေသည်။ (မြတ်စွာဘုရားနှင့် အကျွမ်းတဝင် ရှိလိုလှသဖြင့် ထိုသို့ဖြစ်ရန်မှာ သာကီဝင်များနှင့် ဆွေမျိုးတော်မှသာ အကောင်အထည်ပေါ်လေမည်ဟု ယူဆပြီး သာကီဝင်မင်းသမီးတစ်ပါးပါး ပို့ပေးပါဟူ၍ တောင်းခံသူမှာလည်း ကောသလမင်းကြီးပင် ဖြစ်၏။ ဤတောင်းခံမှုသည်ပင် ဝိဋူဍဘတို့၏ သွေးချောင်းစီးလူသတ်ပွဲကြီး ဖြစ်ပေါ်ဖို့ အကြောင်းခံတစ်ခု ဖြစ်လာခဲ့သည်။)

ဗိမ္ဗိသာရမင်းက မှူးမတ်များနှင့် တိုင်ပင်ရာ အမိတဘောဂသူဌေးကြီး အိမ်ထောင်စုကို ပို့ပေးရန်ကား မဖြစ်နိုင်။ သို့သော် ကောသလမင်းကြီး စိတ်ကျေနပ်လောက်အောင် သူဌေးသားတစ်ယောက်တော့ ပို့ပေးကြစို့ဟူသော ဆုံးဖြတ်ချက် ထွက်ပေါ်လာသည်။ သူ့ဆုံးဖြတ်ချက်အတိုင်း မေဏ္ဍကသူဌေးကြီး၏သား ဓနဉ္စယသူဌေးမိသားစုတို့ ကောသလတိုင်းသို့ သွားရောက်နေထိုင်ပေးကြပါရန် တောင်းပန်ကြသည်။ ဗိမ္ဗိသာရမင်းကြီးက မင်းမိန့်အာဏာတော်ဖြင့် အမိန့်ချခြင်းမဟုတ်။ ဓနဉ္စယသူဌေးကလည်း တောင်းပန်ချက်ကို သဘောတူလိုက်၏။ သို့ဖြင့် ဝိသာ

www.foreverspace.com.mm



ခါတို့မိသားစု ဘဒ္ဒိယမြို့မှ သာဝတ္ထိသို့ ရွှေ့ပြောင်း အခြေစိုက်ကြရသည်။

သို့သော် ဓနဉ္စယသူဌေး၊ သူဌေးကတော် သုမနဒေဝီ၊ သမီး ဝိသာခါနှင့် အခြွေအရံ အစုအဖွဲ့ကြီးမှာ ကြီးကျယ်များပြားလှသည်။ သာဝတ္ထိမြို့တွင်းမှာ ရှိနှင့်နေသော နေရာများက ဤမိသားစု အခြွေအရံအုပ်စုကြီး နေထိုင်နိုင်လောက်အောင် ကျယ်ပြောခြင်းမရှိ။ တစ်နည်းဆိုလျှင် သာဝတ္ထိမြို့တွင်းရှိ အကွက်အကွင်းတို့သည် ဓနဉ္စယ အက်စတိတ်အတွက် လုံလောက်ခြင်းမရှိ။ ထို့ကြောင့် ဓနဉ္စယ သူဌေးကိုယ်တိုင် ကောသလမင်းကြီးထံ အရေးဆို တောင်းပန်ကာ သာဝတ္ထိနှင့် ခုနစ်ယူဇနာ ဝေးကွာသော အရပ်ဒေသကို ရွေးချယ်လိုက်သည်။ မြို့သစ်နယ်သစ်တည်သည့်သဘောပင်ဖြစ်၏။ ကိုယ်တိုင်ပင် နေထိုင်ရန်ဌာနကို ယူအပ်လေသောကြောင့် မြို့၏အမည်ကို 'သာကေတ' ဟု တွင်စေကြောင်း ကျမ်းဂန်တွင်လာသည်။

ဝိသာခါသည် သာကေတတွင်နေရင်း အရွယ်ရောက်လာသည်။

သာဝတ္ထိပြည်ရှိ မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝဍ္ဎနလည်း အရွယ်ရောက်လာသည်။ သားအတွက် သတို့သမီးရှာရန် မိဂါရသူဌေးကြီးက ကျွမ်းကျင်လိမ္မာသော လူတစ်စုကို တာဝန်ပေးလိုက်လေသည်။ ဤလူစု တကယ်ပင် ကျွမ်းကျင်လိမ္မာသည်ဟု ဆိုရပါမည်။ အကြောင်းမူ သာဝတ္ထိတစ်ခွင် နှံ့စပ်စုံလင်ရှာဖွေပြီး



www.foreverspace.com.mm



တစ်ယောက်မျှ စိတ်တိုင်းမကျသဖြင့် သာကေတမြို့အထိ ဖြန့်ရှာရင်း ဝိသာခါကို သူတို့ တွေ့သွားကြသောကြောင့် ဖြစ်၏။

ထိုလူစုနှင့် ဝိသာခါ တွေ့ပုံကတော့ စိတ်ဝင်စားစရာကောင်းပါသည်။

သာကေတမြို့တွင်းသို့ သူတို့လူစု ဝင်ရောက်ရှာဖွေစူးစမ်းကြသည်။ ကျေနပ်လောက်သော သတို့သမီးအလောင်းအလျာကို မတွေ့။ ထိုအချိန်မှာ ဝိသာခါကလည်း မြို့ပြင်ရေကန်သို့ ရေကစား အပန်းဖြေထွက်နေချိန်ဖြစ်သည်။ သတို့သမီး အရှာထွက်သူတို့သည် မြို့တွင်းမှာ မတွေ့သဖြင့် မြို့ပြင်ထွက်၊ မြို့တံခါးဝမှာ ရပ်နေကြသည်။ ထိုအချိန်မှာပင် မိုးကြီး သည်းထန်စွာရွာသည်။ ဝိသာခါနှင့် ရံရွှေဖော်တို့လည်း မြို့တံခါးရောက်ချိန်ဖြစ်၏။ သည်းထန်သောမိုးကြောင့် ရံရွှေဖော်ငါးရာတို့သည် အနီးရှိ ဇရပ်တစ်ဆောင်သို့ အလျင်အမြန် ပြေးဝင်ကြသည်။ မိန်းမလှလေးများ ငါးရာတို့ကို တစ်ချိန်တည်းမှာ တွေ့လိုက်ရသော လူစုအဖို့ အကောင်းဆုံး ရှာဖွေ ရွေးချယ်ခွင့်ရသွားကြ၏။ သို့သော် ကျေနပ်လောက်သူ တစ်ယောက် ယောက်ကိုမှ သူတို့ မတွေ့။

တကယ်တော့ မိုးစွတ်ခါစ မိုးစိုလက်စ မိန်းကလေးများ ဇရပ်အတွင်း ပြေးဝင် မိုးခို၊ စွတ်စိုသွားသော ဆံပင်ဆံနွယ်များကို ပွတ်တိုက်သိမ်းဆည်း၊ ထိုသို့ပြုရင်း တစ်ယောက်နှင့်တစ်ယောက် ရယ်ရယ်မောမော ပြောကြ၊ ဆိုကြ ဖြစ်နေကြမည့် မြင်ကွင်းမှာ

www.foreverspace.com.mm



ကြည့်ကောင်းသော မြင်ကွင်းပင်ဖြစ်ပါလိမ့်မည်။ ဒါပေမယ့် ဟိုလူစုက ထိုမိန်းကလေးများကို မျက်စိ မတွေ့။

သူတို့အားလုံး သတိပြုလိုက်မိကြသူက မိုးရွာထဲမှာ မိုးရေအစိုခံလျက် ဣန္ဒြေရရဖြင့် ဇရပ်တွင်းသို့ နောက်ဆုံးမှဝင်လာ သည့် ဝိသာခါဖြစ်သည်။ ထိုသို့ အားလုံးနှင့် ကွဲပြားခြားနားနေခြင်းသည်ပင် ဝိသာခါအပေါ် သူတို့ စတင် 'အမှတ်ပေး' လိုက်မိကြသော ပထမအဆင့်ပင် ဖြစ်လေသည်။

မိုးအရွဲသားဖြစ်နေသော ဝိသာခါကမူ ဇရပ်အတွင်းသို့ ဣန္ဒြေရရ ဝင်လာခဲ့သလို ဇရပ်ထဲမှာလည်း ဣန္ဒြေရရပင် တည့်ရပ်သည်။ အခြားတစ်ပါးသော မိန်းမငယ်များလို ရေသုတ်ခြင်း၊ ဆံပင်သွေ့အောင် ပွတ်တိုက်ခြင်း၊ ရယ်မောပြောဆိုခြင်း.... စသည်မရှိ။

လူစုသည် ဝိသာခါကို အကဲခတ်ရင်း အလှကို နောက်ထပ်အမှတ်ပေးလိုက်ကြပြန်သည်။ ရံရွှေဖော်ငါးရာတို့ထက် ပို၍လှနေသော ဝိသာခါကို 'ဤ ယခုတွေ့မြင်ရသည့် သတို့သမီးထက် တင့်တယ်လှပသော သတို့သမီးဟူ၍ မရှိနိုင်လေရာ' ဟု မှတ်ချက်ချကြသည်။ သို့သော် သူတို့ ဤမျှဖြင့် အမှတ်ပြည့် မပေးကြသေးပါ။

ဤမိန်းကလေးနှင့် စကားစမြည်ပြောကြည့်ဖို့ သူတို့ တိုင်ပင်လိုက်ကြ၏။

လူကြီးများနှင့် ဝိသာခါတို့ အပြန်အလှန် ပြောကြပုံမှာ....



www.foreverspace.com.mm



"သမီးဟာ အလွန်အရွယ်ရင့်ရော်တဲ့ မိန်းမကြီးလို သွားလာလှုပ်ရှားသကိုး"

"ဖခင်တို့က ဘာကိုမြင်ပြီး ဘယ်လိုအစွဲပြုလို့ ဒီလိုပြောကြပါသလဲ"

"သမီးရဲ့အဖော် ဟိုမိန်းကလေးတွေဟာ မိုးစိုမှာကိုကြောက်ကြလို့ အလျင်အမြန် ပြေးလာကြပြီး ဇရပ်ထဲခိုဝင်ကြတယ်၊ သမီးကတော့ အရွယ်ရင့်ရော် မိန်းမကြီးတစ်ယောက်လို ခြေလှမ်းမျိုးနဲ့လာတယ်။ အဝတ်၊ ထဘီ မိုးစိုမှာကို ထည့်မတွက်ဘူး"

"ဖခင်တို့.... အဝတ်ထဘီဆိုတာ ရှားပါးခက်ခဲတဲ့အရာများမဟုတ်ဘူး။ အရွယ်ရောက်တဲ့ မိန်းမသူဆိုတာမျိုးက ပြေးလွှားသွားလို့ မတော်တဆ လက်ခြေစသည်ဖြင့် ကျိုးပဲ့သွားပြီး အင်္ဂါချို့တဲ့သွားရင် မိန်းမသူရဲ့တန်ဖိုး ကျဆင်းပါတယ်။ အင်္ဂါချို့သော မိန်းမကို ယောကျ်ားများက မနှစ်မမြို့ရှိကြပါတယ်။ ဒါကြောင့် ကျွန်မ ဖြည်းဖြည်းလာပါတယ်"

ဤစကား၏ အတိမ်အနက်ကို လူကြီးများ ချက်ချင်းသဘောပေါက်ကြ၏။ မိမိ၏ အရွယ်၊ အလှ၊ မိန်းမသားတို့ဘဝ၊ ဣန္ဒြေ၊ တန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်း သိသော စိတ်ဓာတ်နှင့် ခံယူချက်။ ဗဟိဒ္ဓပြင်ပ၏ လှုံ့ဆော် သက်ရောက်မှုနောက်သို့ မလိုက်မပါ။ မိမိ၏ အဇ္ဈတ္တနှင့်သဘာဝကို ကောင်းစွာ တန်ဖိုးထားတတ်သော သဘောထား။

လူကြီးများ တစ်ညီတည်း မှတ်ချက်ချကြပုံကို ကျမ်းစာပေ

www.foreverspace.com.mm



၍ ဤသို့ဖော်ပြပါသည်။ (ဤဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ဤသတို့သမီးနှင့် တူညီသော မင်းမိန်းမသည် မရှိပေ။ ရုပ်ရည်အဆင်းတင့်တယ်ခြင်းနှင့် ပြည့်စုံသကဲ့သို့ ချောချောင်ငံပြောဆိုသော အသံမှာလည်း သာယာချိုမြိန်လှပေ၏။ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိ၍ ပြောဆိုပေ၏။ အရည်အချင်း၊ အဆင်းအသံ၊ ဤနှစ်တန်နှင့် လောကင်ကုံလုံသူ ဖြစ်ပေ၏။)

သတို့သမီးလောင်း ရှာပုံတော်သည် ဝိသာခါထံတွင် ဤသို့အားဖြင့် အဆုံးသတ်သည်။ နောက်တော့ လူကြီးများက ဓနဉ္စယသူဌေးကြီးထံ ကြောင်းလမ်းစကားဆိုကြသည်။ ဓနဉ္စယက စည်းစိမ်ဥစ္စာအနေအားဖြင့် ငါတို့ကိုမမီသော်လည်း သူဌေးမျိုးဖြစ်၍ အမျိုးဇာတ်ချင်းတူပေသည်ဟုဆိုကာ လက်ခံကြောင်း ပြန်ကြားလိုက်၏။ ထုံးစံအတိုင်း လက်ထပ်ပွဲအတွက် အစီအစဉ်တွေ လုပ်ကြသည်။ မိဂါရသူဌေးနှင့် သား သတို့သားလောင်း ပုဏ္ဏဝဒ္ဓနတို့က သာကေတသို့သွားကာ ဝိသာခါကို ခေါ်ဆောင်ရမည်ဖြစ်သည်။ ထူးခြားတာကတော့ ထိုမိန်းမတောင်းပွဲသို့ ကောသလမင်းကြီးကိုယ်တိုင် လိုက်ပါခဲ့ခြင်းပင်ဖြစ်၏။ ဘုရင်ကိုယ်တိုင် လိုက်လာသည်ဆိုတော့ သူ၏ မှူးမတ်ဗိုလ်ပါများလည်း ပါလာသည်။ ကောသလမင်းကြီးနှင့် သူ့လူများ၊ မိဂါရသူဌေး၊ သတို့သားလောင်းနှင့် အခြွေအရံများကို ဓနဉ္စယသူဌေးကြီးက သုံးလတိုင်တိုင် သာကေတတွင် ဧည့်ခံပြုစုလေသည်။ မိုးတွင်းကာလဖြစ်၍ သူတို့ မပြန်နိုင်ကြ။ သည်လိုနှင့် သီတင်းကျွတ်ရောက်လာ



www.foreverspace.com.mm



သည်။ သို့သော် ဝိသာခါအတွက် အထူးစီမံချုပ်လုပ်နေသော 'မဟာလတာ' ဝတ်စုံတန်ဆာကြီးက မပြီးတတ်သေးသဖြင့် နောက်ထပ် ဆယ့်ငါးရက် စောင့်ရပြန်၏။ အဆန်းတကြယ် ရှုမငြီးဖွယ်ဖြစ်သော အလိန်၊ အယုက်၊ အနွယ်၊ ကနုတ် ဒီဇိုင်းများဖြင့် ကျောက်သံပတ္တမြားတို့ကို ယက်ဖောက်ချုပ်လုပ်သော ထိုမဟာလတာ သတို့သမီးဝတ်စုံသည် ကိုးကုဋေ အဖိုးထိုက်၍ လက်ခက တစ်သိန်းရှိသည်ဟု ဆိုပါသည်။ ဤလောကတွင် မဟာလတာတန်ဆာကို ဝတ်ဆင်ထိုက်သူမှာ ဝိသာခါအပြင် ဗန္ဓုလ မလ္လ စစ်သေနာပတိကတော် မလ္လိကာနှင့် ဗာရာဏသီသူဌေးကြီးသမီး၊ ဤသုံးယောက်သာ ရှိသည်ဆို၏။

အဖိုးအနဂ္ဃထိုက်တန်သော အဝတ်တန်ဆာ မည်သည်မှာ အဖိုးတန်သော မိန်းမများထံတွင်သာ တည်ဆိုက်တတ်ပါသည်။ ဘုန်းကံရှိသော မိန်းမမှသာ အဖိုးထိုက် အဖိုးတန်ကို ဝတ်ဆင်ရသည်ဆိုတာကိုလည်း နားလည်မိပါသည်။ သို့သော် မဟာလတာ တန်ဆာကြောင့်တော့ ဝိသာခါကို အမှတ်မပေးနိုင်သေးပါ။ (နောင်တွင် ဝိသာခါသည် ထိုဝတ်စုံကြီးကို ရောင်းချ၍ ပုဗ္ဗာရုံကျောင်း ဆောက်လုပ်ရေး၌ ထည့်သွင်းလှူဒါန်းခဲ့၏။)

ဤသို့ဖြင့် တန်ဆောင်မုန်းလပြည့်နေ့ ရောက်ခဲ့သည်။ မဟာလတာဝတ်စုံလည်း လက်စသတ်သည်။ ဝိသာခါ လင်သားအိမ်သို့ လိုက်ပါရတော့မည်။ ဓနဉ္စယသူဌေးကြီးက သမီးကို ဩဝါဒဆယ်ချက် ပေးလေသည်။

(၁) အိမ်တွင်းကမီးကို အပြင်သို့ မထုတ်ဆောင်ရ။
(၂) အပြင်အပကမီးကို မိမိအိမ်တွင်းသို့ မသွင်းဆောင်ရ။
(၃) ပြန်ပေးသောသူတို့အားသာ ပေးရမည်။
(၄) ပြန်မပေးသောသူတို့အား မပေးရ။
(၅) ပေးသော်လည်းကောင်း၊ မပေးသော်လည်းကောင်း ပေးရမည်။
(၆) ချမ်းသာစွာ နေထိုင်ရမည်။
(၇) ချမ်းသာစွာ စားရမည်။
(၈) ချမ်းသာစွာ အိပ်ရမည်။
(၉) မီးကို ရိုသေစွာ ပြုစုလုပ်ကျွေးရမည်။
(၁၀) အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်။

(ဤသြဝါဒ ဆယ်ချက်ကို နောင်သောအခါ ဝိသာခါ အနက်ဖွင့်ပြပုံကတော့ မှတ်သားစရာကောင်းသည်။)

သာဝတ္ထိသို့ သွားကြမည့်နေ့တွင် သူဌေးကြီးက ပရိသတ်စုံညီရှေ့မှောက်၌ ကောသလမင်းကြီး၏ စစ်တပ်အလယ်မှ ပညာရှင် သူကြွယ်ရှစ်ဦးအဖွဲ့ ဖွဲ့လိုက်၏။ ထို့နောက် အားလုံးကို သက်သေထားလျက်....

"နောင် ကျွန်ုပ်သမီးမှာ အပြစ်တစ်စုံတစ်ရာ ရှိလာခဲ့သော် ဤပညာရှင်သူကြွယ်ရှစ်ဦးအဖွဲ့က စုံစမ်းကြားနာစစ်ဆေး သုံးသပ် ဖြေရှင်းပေးကြပါ" ဟု အပ်နှံလိုက်သည်။

သတို့သမီးဝိသာခါ သာဝတ္ထိသို့ လိုက်ပါခန်းမှာ 'ရှင်ဘုရင့်ပုဆိုး ပိုးချည့်' ဆိုသလို ကြီးကျယ်ခမ်းနားလှပါသည်။ ဝိသာခါအတွက် နံ့သာမှုန့်ဖိုးအနေဖြင့် လှည်းအစီးပေါင်း ၁၅၄ စီးတိုက်ဥစ္စာပစ္စည်းတွေ ထည့်ပေးလိုက်သည်။ ဝိသာခါ အလှပြင်စရိတ်ဟု နားလည်ရပါသည်။

ထို့နောက် အလုပ်အကျွေး ကျွန်မ ငါးရာ၊ အာဇာနည်မြင်းကသော ရထားအစီးငါးရာ၊ အသုံးအဆောင်ပစ္စည်း ပစ္စယတစ်မျိုးတစ်မျိုးလျှင် တစ်ရာစီ....။ ဖခင် ဓနဉ္စယသူဌေးကြီးသည် အလွန်အကြွက်ဈေးသူ ဖြစ်သည်။ သာကေတမှ သာဝတ္ထိသို့ သွားရာလမ်းခရီး၏ ရှစ်ဥသဘတိုင် နို့စားနွားမများ၊ လှည်းယာဉ်တပ်နွားလားကြီးများကို အသင့်ရှိစေသည်။ တစ်ဥသဘကို တာနှစ်ဆယ်ရှိသည် ဆို၏။ နို့စားနွားမများမှာ သမီး ဝိသာခါ နွားနို့သောက်သုံးရန်ဖြစ်ပြီး နွားလားကြီးတွေကတော့ ဝိသာခါစီးသော လှည်းယာဉ်ရထားတွင် အလှည့်ကျ တပ်ဆင်သွားရန် ဖြစ်သည်။

သာဝတ္ထိပြည် မြို့တံခါးဝသို့ရောက်ခဲ့ပြီး မြို့တွင်းသို့ ဝင်ကာနီးတွင် ဝိသာခါသည် မိမိ၏ တင့်တယ်ခမ်းနားသိက်မြိုက်ခြင်းကို သာဝတ္ထိတစ်မြို့လုံး အထင်အရှား မြင်ကြစေဖို့ ခပ်ကြွားကြွား ပြလိုက်ပြန်သည်။ 'ဖုံးကွယ်သောယာဉ်ဖြင့် မြို့တွင်းဝင်လျှင် ငါနှင့်တကွ ငါ၏ မဟာလတာ တန်ဆာ၏ ထူးကဲသော ဂုဏ်ရည်ကို မြင်ကြမည်မဟုတ်' ဟု တွေးကာ ယာဉ်ရထားပေါင်းမိုးအတွင်း မထိုင်တော့ဘဲ မတ်တတ်ရပ်လျက် လိုက်ပါ




ပုဂံစာအုပ်တိုက်

www.foreverspace.com.mm



သည်။ ဝိသာခါ အတွေးမှန်သည်။ သာဝတ္ထိတစ်မြို့လုံး အုန်းအုန်း ကျွတ်ကျွတ်။ အဆင်းရုပ်ရည် တင့်တယ်ပါဘိခြင်း၊ စည်းစိမ်အသရေ ကြီးကျယ်ပါဘိခြင်း၊ မဟာလတာတန်ဆာ ဆိုသည်ကလည်း ထူးဆန်းအံ့ဩဖွယ်ကောင်းပါဘိခြင်း ဖြစ်ကုန်ကြတော့သည်။

ဝိသာခါ၏ ဘဝစာမျက်နှာများကို တစ်ရွက်ချင်း ဖွင့်လှန်ဖတ်ရှုခဲ့ရာ၌ ဤနေရာရောက်သည်အထိ ကျွန်တော်သည် ရင်ထဲစွဲစွဲငြိငြိမဖြစ်ဟု ဝန်ခံအပ်ပါသည်။ အရုပ်စကား ပြောရလျှင် သူ့ဘာသာသူ ဘယ်လောက် ချမ်းသာချမ်းသာ၊ ဘယ်လောက်ကြီးကျယ်ကြီးကျယ် အထင်မကြီးပါ။ သည်လောက်နှင့်တော့ ဝိသာခါကို အမှတ်မပေးနိုင်သေးပါ။

သို့သော်....။

သာဝတ္ထိသို့ ဝိသာခါရောက်သည့် ပထမဆုံးနေ့မှာ ထူးခြားချက် နှစ်ရပ် ပေါ်ပေါက်ခဲ့သည်ဟု ဆိုရပါမည်။ တစ်ခုကဒါနသင်္ဂဟအမှုဖြစ်၏။

ကောသလမင်းကြီးနှင့် သူ၏ မှူးမတ်ဗိုလ်ပါ ပရိသတ်များ၊ မိဂါရသူဌေးကြီး၏ ဂုဏ်သရေရှိ လူကြီးများနှင့် သူတို့၏နောက်လိုက်နောက်ပါများ ဝိသာခါကို တောင်းရမ်းဖို့ သာကေတမြို့သို့ ရောက်ခဲ့စဉ်က ဝိသာခါ၏ဖခင် ဓနဉ္စယသူဌေးကြီးကလိုလေသေး မရှိစေရအောင် ဧည့်ခံပြုစုခဲ့ပေသည်။ များပြားလှသော ထိုပရိသတ်ဧည့်သည်တို့မှာ မိုးတွင်းနှင့်လည်းကြုံ၊ ဝိသာခါ



www.foreverspace.com.mm



၏ မဟာလတာတန်ဆာကြီးကလည်း အပြီးမသတ်သေးသဖြင့် သာကေတမှာ လေးလတိုင် နေခဲ့ရ၏။ ထိုကာလတစ်လျှောက်လုံးပင် ဧည့်သည်များကို ဓနဉ္စယသူဌေးကြီးက လူတိုင်းအတွက် လိုအပ်မည့်အရာ မှန်သမျှတို့ဖြင့် ပြည့်စုံခဲ့သည်။ တကယ်တော့ ဘုရင်၊ မှူးမတ်၊ ဗိုလ်ပါ၊ သူဌေး၊ လူယုံ၊ အမှုထမ်း စသည်ဖြင့် အလွှာ အဆင့် အမျိုးမျိုးပါဝင်နေသော ဧည့်သည်အုပ်စုကြီးကို သူ့လိုရာ လိုရာအတိုင်း ဧည့်ဝတ်ကျေအောင် ဧည့်ခံရသည့်အလုပ်မှာ မလွယ်လှပါ။

အမိတဘောဂဖြစ်သော ဓနဉ္စယသူဌေးကြီးသည် စီမံခန့်ခွဲမှုပညာ၌ ကျွမ်းကျင်သူဖြစ်သည်ဟု ဆိုရပါမည်။ သူ့အစီအမံအောက်၌ ကောသလဘုရင်သည်လည်းကောင်း၊ သူ၏မှူးမတ်များသည်လည်းကောင်း၊ စစ်သည်ဗိုလ်ပါများ၊ နန်းတွင်း အမှုထမ်းများသည်လည်းကောင်း၊ မိဂါရသူဌေး၏ ကိုယ်စားလှယ်များသည်လည်းကောင်း၊ ကိုယ်နှစ်သက်ရာ ကိုယ့်အကြိုက်ဖြင့် ရရှိပြည့်စုံခဲ့ကြ၏။ "ဓနဉ္စယသူဌေးကြီးက ငါတို့ကိုပဲ ဂရုတစိုက် ဧည့်ခံနေပေတယ်" ဟု လူတိုင်းလူတိုင်းစိတ်ထဲမှာ ကျေနပ်လောက်အောင် ထိုက်တန်သော ဧည့်ဝတ်စောင့်မှု ပြုခဲ့လေသည်။

ထိုကျေးဇူးက ဝိသာခါ သာဝတ္ထိရောက်သည့်နေ့မှာပင် အစွမ်းပြခဲ့၏။ သာဝတ္ထိသားတို့က "ငါတို့ သာကေတ ရောက်ခဲ့စဉ် ငါတို့ကို လိုလေသေးမရှိ ပြုစုစောင့်ရှောက်ခဲ့ပေတယ်၊ ဒါကြောင့် ဝိသာခါ ငါတို့ဆီ ရောက်လာတဲ့နေ့မှာပဲ ငါတို့အနေနဲ့

www.foreverspace.com.mm



တုံ့လှည့်ကျေးဇူးဆပ်ကြရမယ်” ဟု ခံယူကာ မိမိတို့ စွမ်းအား အလျောက် လက်ဆောင်ပဏ္ဏာများကို ဝိသာခါထံ ပို့ပေးကြတော့ သည်။ ထို့ကြောင့် သာဝတ္ထိမြို့သို့ဝင်သည့် ပထမဆုံးနေ့မှာပင် ဝိသာခါသည် များစွာသော လက်ဆောင်ပဏ္ဏာတို့ကို ရရှိခဲ့လေ သည်။

ထိုလက်ဆောင်ပဏ္ဏာများကို ဝိသာခါ မည်သို့ အသုံးချပါ သနည်း။

ဝိသာခါ အရည်အချင်း စပြပြီဟု ဆိုနိုင်၏။

ထိုလက်ဆောင်ပဏ္ဏာများကို ဝိသာခါ မသုံးပါ။ရောက်လာ သမျှသော လက်ဆောင်ပစ္စည်းတိုင်းကို ထိုနေ့မှာပင် သာဝတ္ထိ မြို့သူမြို့သားတို့အား သင့်ရာသင့်ရာ ခွဲဝေပေးလိုက်လေသည်။ သူပေးသော လက်ဆောင်ကို သူ့ထံပြန်ပို့ခြင်း မဟုတ်ပါ။ ထိုသို့ လုပ်လျှင် ဝိသာခါ ရိုင်းရာကျပါလိမ့်မည်။ တစ်ဦးထံမှ ပစ္စည်းကို အခြားတစ်ဦးထံ၊ ဤသူ့ထံမှ လက်ဆောင်ကို ထိုသူ့ထံ၊ သူ့ အဆင့်အလွှာအလိုက်၊ လိုအပ်ရာ၊ ထိုက်တန်ရာ၊ သင့်လျော်ရာ ပြန်လည်ဖြန့်ဝေ ပေးပို့ခြင်းဖြစ်၏။ အလွန်စေ့စပ်လှပသော အကွက်ဖြစ်သည်ဟု ဆိုချင်ပါသည်။

သာဝတ္ထိသူ၊ သာဝတ္ထိသားများ ရလိုက်ကြသည့် လက် ဆောင်များမှာ စင်စစ် သူတို့အချင်းချင်း၏ ပစ္စည်းများသာ ဖြစ် သည်။ ဝိသာခါက သာကေတမှ သယ်ဆောင်လာသည် မဟုတ် ပါ။ သို့သော် ဝိသာခါ ‘ခွဲတမ်းချပုံ’ ကောင်းလှသဖြင့် လက်



www.foreverspace.com.mm



ဆောင်ရသူများ ကျေနပ်ကြသည်။ ဤသို့လျှင် ဝိသာခါသည် သာဝတ္ထိသို့ စရောက်သည့်နေ့မှပင် ဒါနသင်္ဂဟအမှုဖြင့် သာဝတ္ထိ ပြည်သားလူထုတို့၏ စိတ်နှလုံးကို ယူကျုံးမိသွားသည်။ ဤ သည်မှာ ပထမ ထူးခြားချက်။

ဒုတိယ ထူးခြားချက်က ဝိသာခါသည် ‘မိန်းမသား’ ဖြစ်နေ ခြင်းကြောင့်ပင် ထိုအမှုကို ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုရမည် ထင်သည်။

သာဝတ္ထိသို့ စရောက်သည့် ပထမဆုံးနေ့၏ ညဉ့်ဦးယံ လွန်စ အချိန်ဖြစ်၏။ မိဂါရသူဌေးအိမ်သို့ ဝိသာခါ ရောက်ခဲ့ပြီ။ ထုံးစံအရဆိုလျှင် ဝိသာခါသည် ခင်ပွန်းဖြစ်သူ ပုဏ္ဏဝဍ္ဎနထံ ဝင်ရမည်။ ဝိသာခါ၏ဖခင်က အမိတဘောဂသူဌေးကြီးဖြစ်ပြီး ပုဏ္ဏဝဍ္ဎန၏ ဖခင်က သာမန်သူဌေးဖြစ်ခြင်းမှာ သပ်သပ်။ မိန်းမ သား တစ်ယောက်အနေဖြင့် ထိုအချိန်ဝယ် ဝိသာခါသည် ပုဏ္ဏဝ ဍ္ဎန၏ မယားဖြစ်နေပြီ။ လက်ထပ်ထိမ်းမြားပြီးပြီ။ သို့သော် ဝိသာခါသည် ခင်ပွန်းထံ အဦးအလျင် မသွားခဲ့ပါ။ မသွားခဲ့ သည်ကလည်း မာနကြောင့် မဟုတ်ပါ။

ထိုညဉ့် မိဂါရသူဌေးအိမ်မှ အာဇာနည် မြင်းမတစ်ကောင် မှာ ကိုယ်ဝန်အချိန်စေ့၍ သားဖွားခြင်းကိစ္စ ပေါ်ပေါက်ခဲ့သော ကြောင့်ဖြစ်၏။ ကျမ်းစာအုပ်များတွင် ဤအကွက်ကို အထူး တလည် အသေးစိတ် ဖော်ပြမထားသော်လည်း မြင်းမသားဖွား မည့်ကိစ္စမှာ အခက်အခဲရှိဟန် တူပါသည်။ ထို့အပြင် အာဇာနည်

မြည်းမ ဖြစ်သည်။ (ရိုးရိုးသာမန် မြည်းမတစ်ကောင်ဆိုလျှင် ဝိသာခါနေမည် မဟုတ်ပါ။) ဤတွင် ဝိသာခါ၌ မိန်းမသားစိတ်၊ စာနာထောက်ထားစိတ် ကိန်းအောင်းလာခဲ့ပေမည်။ တစ်နည်းအားဖြင့် မေတ္တာနှင့် ကရုဏာဓာတ်ခံ ကောင်းသော သူတို့၏ 'သူနာပြုစိတ်ဓာတ်' ဝိသာခါတွင် ရှိသည်ဟု ဆိုနိုင်ပါသည်။

ဝိသာခါသည် အစေခံကျွန်မများအား ဆီမီးတိုင်ကိုင်စေ၍ မြည်းမထံသွားခဲ့သည်။ မြည်းမ သားဖွားသောကိစ္စကို ကြီးကြပ်ဖွားမြင်ပေးခဲ့သည်။ ထို့နောက် ရေနွေးဖြင့် ရေချိုးပေးခြင်း၊ အညစ်အကြေး သုတ်သင်ခြင်း၊ ဆီလိမ်းကျံပေးခြင်း စသည့် ပြုဖွယ်ကိစ္စများကို ကျွန်မများအား ပြုလုပ်စေပြီး 'မီးခင်ရောကလေးပါ' ကျန်းမာဘေးကင်းရှိမှ ဝိသာခါ ကိုယ့်နေရာကိုယ် သွားခဲ့လေသည်။

ဤအချက်သည် နောင်တစ်ချိန်တွင် ဝိသာခါအတွက် ကောင်းကောင်း အထောက်ပံ့ရစေခဲ့ပေသည်။ မြည်းမတစ်ကောင် သားဖွားဖို့ကိစ္စ ဝိသာခါ သွားရောက်လုပ်ကိုင်ပေးခဲ့သည့် ဤဓာတ်ကွက်မှာ ဖြစ်ပေါ်သည့်အခိုက်၌ အရေးမကြီးဟု ထင်ရသော်လည်း ဆိုင်ရာဓာတ်ကွက် ရောက်ချိန်တွင်ကား အလွန်အရေးကြီး၍ လုပသော အရာတစ်ခု ဖြစ်လာခဲ့လေသည်။

* * *





## ယောက္ခမနှင့် ချွေးမအကြားမှ ဝိရောဓိနိဒါန်း

ဝိသာခါ သာဝတ္ထိသို့ရောက်ခဲ့ပြီး မိဂါရသူဌေး ဦးစီးကျင်းပသည့် မင်္ဂလာဧည့်ခံပွဲကာလ ခုနစ်ရက်မြောက်နေ့၌ကား ဓာတ်လမ်းသည် အထွတ်အထိပ်သို့ တက်သွားခဲ့ပြီဖြစ်၏။ ခုနစ်ရက်တိုင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲကြီး မည်မျှ စည်ကားကြီးကျယ်လိမ့်မည်ကို ခန့်မှန်းကြည့်လို့ ရပါသည်။

ခုနစ်ရက်မြောက်သည့်နေ့မှာတော့ မိဂါရသူဌေး၏ အထူးဧည့်သည်တော်များ ရောက်လာကြသည်။ ထိုသူတို့ကား မိဂါရသူဌေး ဆည်းကပ်သော တက္ကတွန်းများဖြစ်၏။ (တက္ကဒွန်းဟုလည်း ရေးသည်။ တက္က+ဒွန္န။ တက္က=ကြံဆခြင်း၊ ဒွန္န=နှစ်မျိုး၊ နှစ်ခွ။ တက္ကဒွန် = အမှားကို အမှန်ဟု ကြံဆ၊ အမှန်ကို အမှားဟု ကြံဆ၊ နှစ်ဌာန နှစ်ခွအကြံလွဲသူ၊ အယူမှားသူ)

စင်စစ်မူ သာဝတ္ထိမြို့ဦး ဇေတဝန်ဝိဟာရတွင် မြတ်စွာဘုရား သီတင်းသုံးနေတော်မူလျက် ရှိသည်။ မိဂါရသူဌေးသည် ရတနာသုံးပါး၌ ယုံကြည်သက်ဝင် ဆည်းကပ်သူမဟုတ်။ မှားသော အယူရှိသည့်သူဖြစ်သဖြင့် တက္ကတွန်းများကိုပင် အရိယာအဖြစ် ယုံမှတ်ဆည်းကပ်သူဖြစ်၏။ ထို့ကြောင့် မင်္ဂလာပွဲ၏ သတ္တမနေ့တွင် မိဂါရသူဌေး၏ ဆရာများအဖြစ် တက္ကတွန်းတို့သည် တိုက်အိမ်လုံးပြည့် နေရာယူကြကာ စားကြသောက်ကြ အပူဇော်ခံကြ ရှိနေကြသည်။

www.foreverspace.com.mm



သူ့ဆရာတွေကို လုပ်ကျွေးပူဇော်ပြီး သူဌေးက ချွေးမ ဝိသာခါအား "ရဟန္တာများကို လာဖူးဖို့ သမီးကို ခေါ်လိုက်စမ်း" ဟု ခိုင်းလိုက်၏။ သောတာပန်ဖြစ်သော ဝိသာခါမှာ ရဟန္တာ ဟူသော စကားကို ကြားလိုက် ရုံမျှဖြင့်ပင် ကုသိုလ်စိတ်တို့ဖြင့် တဖွားဖွား ပီတိဝမ်းမြောက်ခြင်းကြီးစွာ ထွက်လာခဲ့သည်။

ဝိသာခါ တွေ့လိုက်ရသည်ကား မျှော်လင့်ထားသလို အရိယာ ပုဂ္ဂိုလ်ကြီးများမဟုတ်။ သင်တိုင်းအဝတ် ကပိုကရို၊ အချို့ အဝတ်မဲ့၊ အသွင်အပြင်၊ အပြုအမူ၊ အပြောအဆို အားလုံး မဖွယ် မရာရှိနေကြသည့် တက္ကတွန်းများဖြစ်၏။

ဝိသာခါ၏ ရှေးဦးဖြစ်ပေါ်နှင့်သော ကြည်နူးစိတ်များသည် ဖရိုဖရဲ ပျက်စီးသွားသည်။ အတင့်အတယ် သပ္ပာယ်စွာ စံနေ တော်မူကြသည့် ရဟန္တာပုဂ္ဂိုလ်ကြီးများအစား ဟိရိသြတ္တပ္ပပင် ကင်းမဲ့နေသည့် တက္ကတွန်းများကို တွေ့လိုက်ရသောအခါ ဝိသာ ခါ စိတ်အပျက်ကြီး ပျက်သွားရာမှ စက်ဆုတ်ရွံရှာခြင်းသို့ ကူး ပြောင်းကာ 'ထွီ' လျက် မိမိအခန်းဆီ မိမိ ပြန်ဝင်ခဲ့သည်။

တက္ကတွန်းတို့ကလည်း မခံမရပ်နိုင်ဖြစ်ကြသည်။ သူဌေး ကြီး၏ ချွေးမထံမှ ရှိသေပူဇော်မှုကို မျှော်လင့်နေခဲ့ကြရာတွင် 'ထွီ' ကိုသာ ရလိုက်ကြသဖြင့် မိဂါရသူဌေးကိုပင် ဖိ၍ 'မဲ' ကြ တော့သည်။

"သူဌေး၊ သင့်သားအတွက် ချွေးမ ဒီလောက်ရှားသလား၊ ရဟန်းဂေါတမရဲ့ တပည့်မ၊ ကျက်သရေယုတ်မကိုမှ ရွေးခဲ့



www.foreverspace.com.mm



သလား၊ ဒီအယုတ်တမာမ၊ နားရွက်မည်းမ (ကာဠကဏ္ဏီ) ကို မင်္ဂလာအိမ်ဂေဟာထဲ သွင်းထားသလား နှင်ထုတ်ပစ်"

မိဂါရသူဌေးသည် တက္ကတွန်းများကို အရိယာဟု ယုံမှတ် မှားကာ ဆည်းကပ်သူဖြစ်သော်လည်း ဆရာတက္ကတွန်းများ၏ ထားရာနေ၊ စေရာသွား၊ ခိုင်းရာလုပ် အဆင့်အထိတော့ သူ့ကိုယ် သူ အောက်ချမထားပါ။ ပြီးတော့ သူသည် သူဌေးတစ်ယောက် ဖြစ်၏။ ထို့ထက်မူ စဉ်းစားဉာဏ်ရှိသူ တစ်ဦးလည်းဖြစ်၏။ ထို့ထက်မူ ချွေးမဘက်မှ ဓနဉ္စယအမျိုးဂုဏ်က သူ့ထက်ပို၍ ကြီးကျယ်သည်ကို သဘောပေါက်ထားသူလည်း ဖြစ်၏။ ထို့ ကြောင့် တက္ကတွန်းတို့ တောင်းဆိုသလို ဝိသာခါကို နှင်မထုတ် ဘဲ ချွေးသိပ်စကားဖြင့် တက္ကတွန်းတို့အား နှစ်သိမ့်ထားလိုက် လေ၏။

"ဆရာတို့.... ဒီမိန်းကလေးဟာ ငယ်သူဖြစ်ပါတယ်။ ငယ် သူတို့ သဘာဝမှာ သိလျက်ဖြစ်စေ၊ မသိဘဲဖြစ်စေ၊ စိတ်လိုက် မာန်ပါ ပြုတတ်ပြော တတ်ကြပါတယ်။ ကျွန်ုပ် တော်သလို ကြည့် ဆုံးမပါမယ်"

သူ့ဆရာ တက္ကတွန်းတွေကို 'ထွီ' ခဲ့သည့် အပြစ်အတွက် မိဂါရသူဌေးသည် ဝိသာခါအား မည်သို့ဆုံးမပါသလဲ။ ဆုံးမ ခန်းသို့ မရောက်လိုက်ပါ။ အခြေအနေက တစ်မျိုးတစ်ဖုံလှည့်၍ အခြားတစ်ဖက်မှ ပေါ်ပေါက်လာသည်။

ချွေးမလိမ္မာ ဝိသာခါအနေဖြင့်ကား သူ့ယောက္ခမ သူဌေး

www.foreverspace.com.mm



ကြီး အယူလွဲ၍ တဏှာတွန်းများ တပည့် ဖြစ်နေခြင်းက တခြား၊ သူကိုယ်တိုင် ရတနာသုံးပါး၌ မတုန်မလှုပ်သက်ဝင်သော သောတာပန် အရိယာဖြစ်သည်က တခြားဟု ခံယူသည်။ ချွေးမကောင်းတစ်ယောက်၏ ဝတ်မပျက်စေရ။ ထို့ကြောင့် မိဂါရသူဌေးအား မြတ်သောနေရာမှာ ထိုင်စေပြီး နို့ဃနာကို ရွှေခွက်တွင်ထည့်၍ တရိုတသေ ပြုစုလုပ်ကျွေး၏။ သူဌေးကြီး နို့ဃနာကို မြိန်ယှက်စွာ စားနေစဉ်မှာပင် မထေရ်တစ်ပါး ဆွမ်းခံကြွလာသည်။

ဝိသာခါက မထေရ်ကိုမြင်ပြီး “မထေရ်မြတ်တစ်ပါး ဆွမ်းခံကြွလာပါသည်”ဟု မပြောတော့ဘဲ ယောက္ခမကြီး ကိုယ်တိုင်ပင် မြင်ပါစေဟူ၍ မြင်သာအောင် ဖယ်ရှားပေးသည်။ မထေရ်ကို သူဌေးကြီးမြင်သည်။ သို့သော် တဏှာတွန်းတပည့် ဖြစ်သူသည် ရဟန်းကို ဆွမ်းလောင်းဖို့ဝေးစွ၊ မြင်ပါလျက် မမြင်ယောင်ပြုကာ မျက်နှာအောက်ချ၍ နို့ဃနာ စားမြဲစားနေလေသည်။

ဝိသာခါ သိလိုက်ပါပြီ။ ယောက္ခမကြီးမှာ ရဟန်းကိုပင် မမြင်ဟန်ပြုလောက်အောင် မိုက်မဲနေပြီ။ ထို့ကြောင့် ရဟန်းရှေ့သို့သွားကာ ရှိခိုး၍ (ယောက္ခမကြီး ကြားလောက်အောင်) လျှောက်ထားလိုက်၏။

“ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်မရဲ့ ယောက္ခမကြီးဟာ အဟောင်းအမြင်းများကိုသာ စားသုံးနေတာပါဘုရား”



www.foreverspace.com.mm



ကန်တော့ဆွမ်းကိုရပြီးတော့ ရဟန်းကြွသွားတော်မူသည်။

မိဂါရသူဌေးကား ယမ်းပုံမီးကျ ဒေါသပေါက်ကွဲလေပြီ။

တဏှာတွန်းတို့ပြောစဉ်က သည်းခံမျိုသိပ်နိုင်စွမ်း ရှိခဲ့သေးသည်။

ယခုကား စားလက်စ နို့ဃနာ ရွှေခွက်ကို ဘေးသို့ပစ်ချလိုက်သည်။ ထို့နောက်....

“ဒီခွက်ကို တော်ရာ ယူသွားကြစမ်း၊ ဝိသာခါကိုလည်း နှင်ထုတ်၊ ဆွဲထုတ်ပစ်ကြစမ်း၊ သူဟာ အယုတ်တမာမဆိုတာ သူ့ဘာသာသူ ထင်ရှားစွာ ပြလိုက်ပြီ၊ မင်္ဂလာအိမ်မှာ မင်္ဂလာ နို့ဃနာကို ငါစားနေတယ်။ ဘယ်လောက် မိုက်ရိုင်းသလဲ၊ ငါ့ကို မစင်စားနေတယ်လို့ ပြောတယ်၊ အခု ဆွဲထုတ်၊ အခုနှင်ချ”

ဝိသာခါပြောသော ‘အဟောင်းအမြင်း’ဆိုသည်မှာ ‘အညစ်အကြေး၊ အစာဟောင်း၊ မစင်’ ဟူ၍ သူဌေးကြီး သဘောပေါက်လေသည်။

ဝိသာခါကို ဆွဲငင်နှင်ချမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ စံအိမ်တော်တစ်ခုလုံးရှိ အမှုလုပ်များ၊ အစေခံများ အားလုံးသည် ဝိသာခါ ပေးကမ်းကျွေးမွေးထားသော ကျေးဇူးနှင့် မကင်းသူချည်းသာ ဖြစ်၏။ ကိုယ်ထိလက်ရောက် ဆွဲကိုင်ဖို့ဝေးစွ၊ နှုတ်ဖြင့်ပင် ပြောရဲဆိုရဲသူ မရှိ။

မိဂါရသူဌေးကြီးကမူ သူ့အမိန့်ကို တစ်ယောက်မှ နားမထောင်သဖြင့် ပို၍သာ ဒေါသပေါက်ကွဲလာတော့သည်။ ထိုစဉ်

မှာပင် သူ့ကို ပြန်ပြောမည့်သူတစ်ယောက် ပေါ်လာသည်။ ဝိသာခါကိုယ်တိုင်ပဲ ဖြစ်ပါသည်။ ပဋိပက္ခ၊ ကဏ္ဍကောစ ပြန်ရန်တွေ့ခြင်းမဟုတ်၊ အကျိုးသင့်အကြောင်းသင့် တင်ပြခြင်း ဖြစ်သည်။

"ဖခင်ရဲ့စကားဟာ တရားမဝင်ပါ။ ဒီစကားမျှနဲ့ ကျွန်မတို့ ဒီအိမ်က ထွက်ခွာမသွားနိုင်ပါဘူး၊ ဖခင်တို့ ကျွန်မကို ဆောင်ယူခဲ့တာဟာ ရေဆိပ်ကနေ ရေအိုးရွက်တဲ့ အစေခံတစ်ယောက်လို ဆောင်ယူခဲ့ရတာ မဟုတ်ပါဘူး၊ အမိအထင်အရှားရှိတဲ့ သမီးကောင်းတို့မည်သည် ဒီလို အကြောင်းမျိုးနဲ့ အိမ်ကထွက်သွားရိုး မရှိပါဘူး။ ကျွန်မရဲ့ ဖခင်ကြီးက ဘယ်လို စီစဉ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားပါ။ ဟောဒီ သာဝတ္ထိကို ထွက်လာမယ့်နေ့မှာပဲ ပညာရှိသူကြွယ် လူကြီးရှစ်ဦးကိုခေါ်ပြီး သူတို့လက်ထဲ ကျွန်မကို အပ်နှံခဲ့ပါတယ်။ ပြီးတော့ 'ကျုပ်သမီးကို အကြောင်းပြု၍ အပြစ်တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့တယ်ဆိုရင် သူကြွယ်လူကြီး ရှစ်ဦးအဖွဲ့က စုံစမ်းစစ်ဆေး အရေးယူ ဖြေရှင်းပေးကြရမယ်' လို့ အသေအချာ မှာလိုက်တာကိုလည်း အားလုံးအသိဖြစ်ပါတယ်။ ဒါကြောင့် သူကြွယ်လူကြီးရှစ်ဦးအဖွဲ့ကသာ ကျွန်မမှာ အပြစ်ရှိမရှိ စုံစမ်းစစ်ဆေးရမှာ ဖြစ်ပါတယ်"

ဝိသာခါ၏စကားကို မိဂါရသူဌေးကြီး မငြင်းနိုင်ချေ။





## အိမ်တွင်းစစ်ဆေးကြားနာပွဲ

တရားခွင်မဟုတ်သော တရားခွင်သဘောမျိုး စုံစမ်းစစ်ဆေးကြားနာမှုတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။ မိသားစုတွင်း၊ အိမ်တွင်း စုံစမ်းစစ်ဆေးမှု ဆိုနိုင်သည်။ အမှုဖွင့်တိုင်ကြားသူက ယောက္ခမဖြစ်သူ မိဂါရသူဌေး။ အတိုင်ကြားခံရပြီး အစစ်ဆေးခံရမည့်သူက ချွေးမဖြစ်သူ ဝိသာခါ။ ကြားနာ စုံစမ်းစစ်ဆေးကာ လိုအပ်သလို အရေးယူမည့်သူက သူကြွယ်လူကြီးရှစ်ဦးအဖွဲ့။

## ခွဲချက်များ

မိဂါရသူဌေး ။ ။ ဝိသာခါဟာ ဒီစံအိမ်ကိုရောက်လို့ ခုနစ်ရက်တင်းတင်း မပြည့်သေးပါ။ အဲဒီလောက်အချိန်ကာလမှာပဲ ဒီမင်္ဂလာစံအိမ်ရဲ့ အကြီးအမှူး အရှင်သခင်ဖြစ်တဲ့ ကျွန်ုပ်ကို 'မစင်စား' လို့ ဆိုပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ သူဌေးကြီး တိုင်ကြားစွပ်စွဲတဲ့အတိုင်း ဝိသာခါ ပြောဆိုသလား။

ဝိသာခါ ။ ။ ချွေးမတစ်ယောက်အနေနဲ့ ယောက္ခမကို 'မစင်စား' လို့ မပြောဆိုမိပါ။

မိဂါရသူဌေး ။ ။ တပည့်တော်မရဲ့ ယောက္ခမကြီးဟာ အဟောင်း

www.foreverspace.com.mm

အမြင်းများကိုသာ စားနေတာပါလို့ သူ ပြောခဲ့ပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ အဟောင်းအမြင်းများကိုသာ စားနေတာပါလို့ သင် ပြောခဲ့သလား ဝိသာခါ။

ဝိသာခါ ။ ။ ပိဏ္ဍပါတ်စုတင်ဆောင် မထေရ်မြတ်တစ်ပါးဟာ ဒီအိမ်တံခါးဝမှာ ဆွမ်းခံရပ်ပါတယ်။ အဲဒီအချိန်က သူဌေးကြီးဟာ နို့ဃနာကို ရွှေခွက်နဲ့ စားနေပါတယ်။ သူဌေးကြီးဟာ ဆွမ်းခံကြွရပ်တဲ့ မထေရ်ကိုမြင်ပါလျက် မမြင်ဟန်ပြု၊ စိတ်မှာမထား၊ အရေးတယူမပြု ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်မကပဲ မထေရ်ထံ သွားရောက်ပြီး 'ကန်တော့ဆွမ်းပါဘုရား၊ တပည့်တော်မရဲ့ယောက္ခမကြီးဟာ အဟောင်းအမြင်းများကိုသာ စားသုံးနေတာပါ ဘုရား' လို့ ရှိခိုးလျှောက်ထားခဲ့ပါတယ်။ မထေရ်မြတ် ကြွသွားပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ အဲဒီအတိုင်း အမှန်ပဲလား သူဌေးကြီး။

မိဂါရသူဌေး ။ ။ အတိအကျမှန်ပါတယ်။ ကျွန်ုပ်ကို အဟောင်းအမြင်းစားသူလို့ပြောတာဟာ အစာဟောင်း၊ အညစ်အကြေး၊ မစင်စားသူလို့ ပြောတာပါပဲ။

ရှစ်ဦးအဖွဲ့ ။ ။ ဝိသာခါ၊ ထပ်မေးပါမယ်။ မစင်စားလို့ သင် ပြောခဲ့သလား။ အဟောင်းအမြင်းစားလို့ သင်ပြောခဲ့သလား။





www.foreverspace.com.mm

ဝိသာခါ ။ ။ အဟောင်းအမြင်းစားလို့ ပြောခဲ့ပါတယ်။ မစင်စားလို့ မပြောခဲ့ပါ။

မိဂါရသူဌေး ။ ။ အဟောင်းအမြင်းဆိုတာ မစင်လို့ ဆိုလိုတာပဲ မဟုတ်လား။

ရှစ်ဦးအဖွဲ့ ။ ။ ကျွန်ုပ်တို့ ဆက်မေးပါမယ် သူဌေးကြီး။ သင့်အနေနဲ့ ဆိတ်ဆိတ်နေစေချင်ပါတယ်။ ဝိသာခါ ဆက်ပြောပါ။ ဘာကြောင့် အဟောင်းအမြင်းစားလို့ သင်ပြောသလဲ။

ဝိသာခါ ။ ။ ကျွန်မရဲ့ ယောက္ခမကြီးဟာ ပိဏ္ဍပါတ် စုတင်ဆောင် မထေရ်မြတ် ဆွမ်းခံကြွရပ်တာကိုပင် မမြင်ဟန်ပြုခြင်းဆိုတဲ့ အပြုအမူအပေါ်ထောက်ပြီး သူဌေးကြီးဟာ ယခုဘဝ ဤကိုယ်အဖြစ်နဲ့ ကုသိုလ်ကောင်းမှု အဟောင်းများရဲ့ အကျိုးကိုသာ ခံစားနေခြင်းဖြစ်တယ်။ ဒါကို အစွဲပြုပြီး အဟောင်းအမြင်းစားလို့ ကျွန်မ ဆိုခဲ့ပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ သူဌေးမင်း။ အဟောင်းအမြင်းစားဆိုတဲ့ စကားလုံးရဲ့ သဘောအနက်ကို ဝိသာခါ ရှင်းပြခဲ့ပြီ။ ဒါကြောင့် ဒီကိစ္စမှာ ဝိသာခါဟာ အကြောင်း ဟုတ်သည်ကိုသာ ပြောဆိုခဲ့ခြင်း

www.foreverspace.com.mm

ဖြစ်တယ်။ ဝိသာခါမှာ အပြစ်မရှိဘူး။ ဒါကြောင့် သူဌေးမင်း အမျက်မထွက်သင့်ဘူး။

မိဂါရသူဌေး ။ ။ (ဩ.... အဟောင်းအမြင်းစားဆိုတာ ဒါကိုး ....။ မစင်စားလို့ ငါယူဆခဲ့တာ မှားပြီပေါ့။ ရှိစေဦး။) ကောင်းပါပြီလေ။ ဒီပြောဆိုချက်အရ အပြစ်မရှိဘူးပဲ ထားလိုက်ပါ။ နောက်တစ်ခုကကော ဘယ်လိုသဘောပါလဲ။

ရှစ်ဦးအဖွဲ့ ။ ။ နောက်တစ်ခုတဲ့လား သူဌေးမင်း။ စွဲချက်နောက်တစ်ခု ထပ်တင်ဖို့ ရှိပါသလား။

မိဂါရသူဌေး။ ။ ရှိပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ ရှိရင် တင်ပါ သူဌေးမင်း။

မိဂါရသူဌေး ။ ။ ဝိသာခါဟာ ဒီအိမ်ကို စရောက်တဲ့နေ့မှာပဲ ကျွန်ုပ်ရဲ့သား၊ သူ့ရဲ့ခင်ပွန်းဖြစ်သူအပေါ် ရှိတယ်လို့ပင် အမှတ်မထား။ သူ့သဘောနဲ့သူ အရပ်တစ်ပါးသို့ သွားရောက်ခဲ့ပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ ဝိသာခါ ဒီအတိုင်း မှန်ပါသလား။

ဝိသာခါ ။ ။ စွဲချက်မှာပါသလို မိမိသဘောနဲ့ မိမိ အရပ်တစ်ပါးသို့ သွားရောက်ခဲ့တာ မဟုတ်ပါဘူး။ ဟောဒီစံအိမ်မှာပဲ ကျွန်မ ရှိနေပါတယ်။

မိဂါရသူဌေး။ ။ ဝိသာခါဟာ ညဥ့်ဦးယံကာလ အတော်ကြီးကို လွန်မှ သူ့အခန်း သူပြန်လာပါတယ်။





www.foreverspace.com.mm

ရှစ်ဦးအဖွဲ့ ။ ။ ဒီအတိုင်း မှန်သလား ဝိသာခါ။

ဝိသာခါ ။ ။ မှန်ပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ ဒါဆိုရင် ညဥ့်ဦးယံလွန်ကာစအချိန်မှာ ဘယ်ကို သွားခဲ့သလဲ။

ဝိသာခါ ။ ။ အဲဒီညဥ့်၊ အဲဒီအချိန်မှာပဲ ဟောဒီစံအိမ်ရဲ့ မြင်းဇောင်းမှာ အာဇာနည်မြည်းမ သားဖွားခြင်းကိစ္စ ဖြစ်ပေါ်ခဲ့ပါတယ်။ သားဖွားခြင်း ကိစ္စခက်ခဲနေခဲ့ပါတယ်။ ဒါကို ကျွန်မ လျစ်လျူရှုမနေနိုင်ပါ။ ဒါကြောင့် ဆီမီးတိုင်များ ကိုင်ပြီး အစေခံမများနဲ့အတူ မြည်းမသားဖွားခြင်းကိစ္စ လွယ်ကူချမ်းသာစေရအောင် ကျွန်မ ပြုစုစောင့်ရှောက်ခဲ့ပါတယ်။

ရှစ်ဦးအဖွဲ့ ။ ။ သူဌေးမင်း၊ ဝိသာခါဟာ သူဌေးမင်းအိမ်က အစေခံမိန်းမများပင် မပြုလုပ်နိုင်တဲ့ အမှုကိစ္စကို ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်။ ဒီလို ဆောင်ရွက်ခြင်းကို သူဌေးမင်းအနေနဲ့ အပြစ်လို့ မယူသင့်တဲ့အပြင် ကျေးဇူးပြုခြင်းလို့ပင် ယူသင့်တယ် မဟုတ်ပါလား။

မိဂါရသူဌေးကြီး၏ ဒုတိယစွဲချက်သည်လည်း ပျက်ပြယ်သွားခဲ့ပြီ။

တင်ခဲ့သောစွဲချက်နှစ်ခုစလုံး၌ ဝိသာခါဘက်မှ လုံးလုံး

လျှားလျှား သန့်ရှင်းကင်းစင်၍ မိမိဘက်မှ မှားယွင်းလွဲချော်ခဲ့ကြောင်းကိုလည်း မိဂါရသူဌေး သဘောပေါက်လိုက်သည်။ ဤနှစ်ချက်နှင့်ပတ်သက်၍ စောဒကတက်ရန်၊ အယူခံဝင်ရန် မရှိတော့။

ထိုအချိန်ဝယ် ဝိသာခါသည်လည်းကောင်း၊ သူကြွယ်လူကြီး ရှစ်ဦးအဖွဲ့သည်လည်းကောင်း၊ ပေါ့ပါးသက်သာစွာပင် ရှိနေကြ၏။ လေးလံတင်းကျပ်နေသူမှာ မိမိ။ အရှုံးကို မလွှဲမရှောင်သာ လက်ခံလိုက်ရသော်လည်း အလျှော့မပေးချင်သေးပါ။

ဝိသာခါနှင့်ပတ်သက်၍ မပြေမလည်ရှိနေသေးသည်ကို မိမိဘာသာ မိမိသိသည်။ ဘာတွေလဲ။ ထိုအရာများကို မိဂါရသူဌေး တွေ့လိုက်ပြီ။ ရှုံးနိမ့်သူ၏ 'မဲ' ခြင်းမျိုးကား မဟုတ်။ အကယ်ပင် မကျေနပ်နိုင်သော အချက်များ ဖြစ်လေသည်။ ထိုအချက်များကို မိမိစိတ်ထဲ၌ တန်းစီ၍ စဉ်လိုက်၏။ တစ်ခုပြီး တစ်ခု ပေါ်လာသည်။ စုစုပေါင်းဆယ်ခု။ သူဌေးကြီး အေးဆေးစွာ ဆို၏။

"အထူးတင်ပြစရာများ ရှိပါသေးတယ် လူကြီးမင်းတို့"

**နောက်ထပ်စွဲချက်များ**

မိဂါရသူဌေးကြီး၏ တင်ပြချက်ဆိုသည်မှာလည်း၊ ချွေးမဖြစ်သူအပေါ် ထပ်မံ၍စွဲသော နောက်ထပ်စွဲချက်များပင် ဖြစ်၏။





သို့သော် ပြီးခဲ့သော စွဲချက်များကဲ့သို့ စွပ်စွဲပြစ်တင်ခြင်းမျိုးတော့မဟုတ်။ မိဂါရသူဌေးကြီးအနေဖြင့် မိမိနားမလည်နိုင်သော၊ (မိမိနားလည်ထားသည့်အတိုင်း ဘဝင်မကျနိုင်သော) အချက်များကို 'တင်' ခြင်းဖြစ်သည်ဟု ဆိုနိုင်၏။ တစ်နည်းဆိုလျှင် ချွေးမဝိသာခါအား 'ထုချေလွှာ' တင်ခိုင်းသော သဘောမျိုး။

မဟာလတာဝတ်စုံ အပြီးသတ်သည့်နေ့၊ တန်ဆောင်းမုန်းလပြည့်နေ့၊ ဝိသာခါကို သားရှင်လက်ထဲ ထည့်လိုက်သည့်နေ့က ဓနဉ္စယသူဌေးကြီးသည် သမီးဝိသာခါအား ဩဝါဒဆယ်ချက်ပေးခဲ့သည်။ ထိုဩဝါဒစကားများကို တစ်ဖက်တိုက်ခန်းတွင် ရှိနေခဲ့သော မိဂါရသူဌေးကြားခဲ့သည်။ ထိုစဉ်ကတည်းက သူ့စိတ်ထဲ တနုံ့နုံ့ဖြစ်ကောင်း ဖြစ်နေခဲ့ပါလိမ့်မည်။ ဩဝါဒ ဆယ်ချက်၏သဘော အသွားအလာကို သူဌေးကြီးက သူ့သဘောနှင့်သူ အဓိပ္ပာယ်ဖွင့်ပြီး၊ ဘဝင်မကျနိုင်ဖြစ်နေခဲ့၏။ ယခုတော့ တစ်လက်စတည်းပင် ဒါကို သူ ဖွင့်ချလိုက်တော့သည်။

"ဓနဉ္စယသူဌေးကြီးက သူ့သမီးကို ဆုံးမစကား ပြောလိုက်တာ တွေ့ရှိပါတယ်။ အဲဒီမှာ အမှတ်တစ်က အိမ်တွင်းကမီးကို အပြင်သို့ မထုတ်ဆောင်ရတဲ့။ ဒါဘာသဘောလဲ။ ကျွန်ုပ်တို့မှာ ဝဲယာအိမ်နီးချင်းများထံ မီးကို မျှမပေးဘဲ ဘယ်လိုလုပ်ဖြစ်မလဲ"

သူဌေးအိမ်ဆိုတော့ ရေမီးပြည့်စုံသည့် အိမ်နီးချင်းများက၊ ချက်ပြုတ်ဖို့၊ ထွန်းညှိဖို့.... မီးလိုလျှင် သူဌေး အိမ်လာတောင်းကြတာမျိုး ရှိပါလိမ့်မည်။ ထိုအခါ သူဌေးအိမ်က မီးစာဖြစ်စေ၊

www.foreverspace.com.mm



ဆီဖြစ်စေ (ယုတ်စွအဆုံး မီးကျီခဲဖြစ်စေ) မျှပေးရတာမျိုး ရှိပါလိမ့်မည်။ အိမ်တွင်းကမီး အပြင်သို့မထုတ်ရ ဟူသည်မှာ အိမ်နီးချင်းများနှင့် အဆက်အဆံမပြုရ၊ အပေးအကမ်း မလုပ်ရဟု မိဂါရသူဌေးကြီးက အဓိပ္ပာယ်ကောက်လေသည်။

မိဂါရသူဌေးကြီးကို အပြစ်ဆိုဖွယ်မရှိပါ။ သူ၏ အသိဉာဏ်သည် အတိုင်းအတာ တစ်ခုအထိသာ ကျက်စားပျံ့နှံ့သည်။ ထိုပမာဏထက် ပိုလွန်၍ မသွား။ 'အဟောင်းအမြင်းစားခြင်း' ဆိုတာကိုပဲ သူက 'မစင်စား' ဟု အဓိပ္ပာယ်ကောက်ခဲ့သည် မဟုတ်လား။ သူက များစွာသော သူဌေးများလိုပင် ဥစ္စာပစ္စည်း ကြွယ်ဝခြင်းနှင့် ထိုကြွယ်ဝမှုကို ပို၍ကြွယ်ဝအောင် ချဲ့ထွင်ခြင်း ကိုသာ တတ်ကျွမ်းနားလည်သူ ဖြစ်လေမည်။ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာမှုနှင့် အသိဉာဏ် ကြွယ်ဝချမ်းသာမှုတို့သည် တိုက်ရိုက် အချိုးကျ ညီညွတ်မျှတကြသည်မှ မဟုတ်ဘဲ။ သူဌေးသူကြွယ်အချို့သည် ဆင်ခြင်ဉာဏ်၊ ပိုင်းခြားဝေဖန်ဉာဏ် အရာတို့၌ ဆင်းရဲကြသူများ ဖြစ်ပေသည်။ ထို့ကြောင့် မိဂါရသူဌေးကြီးကို အပြစ်တင်ရန် မရှိပါ။ သူ့စရိုက်၊ သူ့လက္ခဏာအတိုင်း သူတင်ပြခြင်း ဖြစ်လေသည်။

လူကြီးများအဖွဲ့က မိဂါရသူဌေးကြီး၏ စွဲချက်ကို ကြားနာကာ ယခင်ကဲ့သို့ပင် ဝိသာခါအား မေးကြရပြန်၏။

"သမီးရဲ့ဖခင် ဓနဉ္စယသူဌေးကြီးက အဲဒီလို မှာကြားလိုက်တာ မှန်သလား"



www.foreverspace.com.mm



ဝိသာခါ ဖြေသည်။ "မှန်ပါတယ်၊ အဲဒီစကားလုံးအတိုင်း အတိအကျပါ။ သို့ပေမယ့် အခု ကျွန်မရဲ့ ယောက္ခမကြီး ပြောသလို ပကတိ မီးကို စွဲပြီးပြောတာမဟုတ်ပါ။ ဒီစကားရဲ့ တကယ့်အနက်က အိမ်အတွင်း၊ မိသားစုအတွင်း၊ သူတို့ရဲ့ လျှို့ဝှက်အပ်သော အကြောင်းအရာများကို ကျွန်မိန်းမ၊ ကျွန်ယောကျ်ား စသူတွေထံ မသယ်ဆောင်ရပါ။ မပြောရပါ။ ဒီလို ပြောခဲ့ရင် ဒီစကားတွေဟာ တစ်ဆင့်တစ်ဆင့် ကျယ်ပွားလာပြီး ခိုက်ရန်ငြင်းခုန်မှု ဖြစ်တတ်ပါတယ်။ အတွင်းမီးဆိုတာ ဒါကို ရည်ညွှန်းပြောတာပါ"

လူကြီးအဖွဲ့အနေဖြင့် ဘာမှ ထပ်ချဲ့စရာ မလိုတော့သလို မိဂါရ သူဌေးကြီးမှာလည်း ထိုအနက် အဓိပ္ပာယ်အတွက် နောက်ထပ် စောဒကတက်စရာ မရှိပါ။ သို့သော် သူဌေးကြီးမှာ နောက်ထပ် အချက်အလက်များ ရှိနေသေး၏။

"ဟုတ်ပါပြီလေ။ ဒီအမှတ်တစ် ဩဝါဒက အပြစ်မဟုတ်ဘူးဆိုရင် ရှိစေတော့။ နောက်ထပ်ရှိပါသေးတယ်။ အပြင်အပ အိမ်က မီးကို မိမိအိမ်တွင်း မသွင်းဆောင်ရဆိုတာကကော ကျွန်ုပ်တို့ အိမ်တွင်းမီး ငြိမ်းနေရင် တခြားက မီးကိုမယူဘဲ ဘယ်လိုလုပ်ဖြစ်ပါ့မလဲ"

လူကြီးအဖွဲ့က ထပ်ဆင့် မေးသည်။ ဝိသာခါ ဖြေသည်။

"ဒါကလဲ တကယ့်မီးကို ပြောတာ မဟုတ်ပါဘူး။ ပထမစကားနဲ့ အပြန်အလှန်ဖြစ်ပါတယ်။ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊

www.foreverspace.com.mm



အလုပ်သမား၊ အခစား၊ အမှုထမ်းတို့ ပြောဆိုကြတဲ့ အပြင်စကားတွေကို အိမ်အတွင်းနေ မိသားစု ဝင်များထံ မသယ်ဆောင်၊ မပြောကြားရဘူးဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ ဒီလိုပြောကြားသယ်ဆောင်ရင် စကားကျယ်ပွားလာပြီး ခိုက်ရန်ငြင်းခုန်မှု ဖြစ်ပေါ်တတ်ပါတယ်။ အပြင်မီးဆိုတာ ဒါပါ"

ဤမျှဆိုလျှင် မိဂါရသူဌေးကြီး၏ ယူပုံကောက်ပုံကို မြင်သာပါပြီ။ စကားလုံးတို့၏ သင်္ကေတကိုယ်စားပြု အနက်အဓိပ္ပာယ် အတွင်းသဘော စသည်တို့ကို သူဌေးကြီး မသိ။ သူကစကားလုံးကို တိုက်ရိုက် အဖြောင့်ပဲ ကောက်ယူပေသည်။ သူက 'မီး' ကို 'မီး' လို့ပဲ နားလည်သည်ကိုး။

နောက်ထပ် ဩဝါဒများကိုလည်း ထိုနည်းအတိုင်း ဝိသာခါက ရှင်းပြသည်။

(၃) ပြန်ပေးသောသူတို့အားသာ ပေးရမည်။ ။ မိမိအိမ်မှ ငှားရမ်းသွားသော အသုံးအဆောင် ပစ္စည်းများကို ပြန်လည် အပ်နှံသူတို့ကိုသာလျှင် နောက်ထပ် ငှားရမ်း ပေးကမ်းရမည်။

(၄) ပြန်မပေးသောသူတို့ကို မပေးရ။ ။ မိမိအိမ်မှ ငှားရမ်းသွားသော အသုံးအဆောင်ပစ္စည်းများကို ပြန်လည်အပ်နှံခြင်း မပြုသူတို့အား နောက်ထပ်တစ်ဖန် မငှားရ၊ မပေးရ။

(၅) ပေးသော်လည်းကောင်း မပေးသော်လည်းကောင်း ပေးရမည်။ ။ ချို့တဲ့နွမ်းပါးသော ဆွေမျိုးမိတ်သင်္ဂဟများ၊



www.foreverspace.com.mm



မိမိတို့ထံရောက်လာကြလျှင်မူ သူတို့က ပြန်၍ပေး (ဆပ်) စွမ်းနိုင်ကြသည်ဖြစ်စေ၊ မစွမ်းနိုင်ကြသည်ဖြစ်စေ၊ ပေးကမ်းထောက်ပံ့ရမည်။

(၆) ချမ်းသာစွာ နေထိုင်ရမည်။ ။ ယောက္ခမယောက်ျား၊ ယောက္ခမမိန်းမတို့ကိုမြင်လျှင် မိမိက အရိုအသေပြုရမည်။ (ထိုင်နေလျှင် ထပါ။ ယဉ်ကျေးဖွယ်ရာ အမူအရာရှိပါ။)

(၇) ချမ်းသာစွာစားရမည်။ ။ ယောက္ခမများနှင့် လင်ယောက်ျားတို့ထက် အလျင်အဦး မိမိက မစားအပ်၊ သူတို့ကို ပြုစုလုပ်ကျွေး၊ ခဲဖွယ်ဘောဇဉ်တို့ပေးခြင်း ရှိ မရှိ၊ လုံလောက်ခြင်း ရှိ မရှိ စိစစ်ပြီးမှ မိမိက စားသုံးရမည်။

(၈) ချမ်းသာစွာ အိပ်ရမည်။ ။ ယောက္ခမများနှင့် လင်ယောက်ျားတို့ထက် အလျင်အဦး မိမိက အိပ်ရာထက်တက်ကာ မအိပ်စက်ရ။ သူတို့အတွက် သင့်လျော်ရာ ဝတ်ကြီးဝတ်ငယ်များကို ပြုပြီးမှ အိပ်စက်ရမည်။

(၉) မီးကို ရိုသေစွာလုပ်ကျွေးရမည်။ ။ ယောက္ခမများနှင့် လင်ယောက်ျားတို့အား မီးပုံကြီးကဲ့သို့လည်းကောင်း၊ မြွေနဂါးမင်းကဲ့သို့လည်းကောင်း အောက်မေ့ကာ ရိုသေလေးခန့်ကြည့်ရှုစောင့်ရှောက်ရမည်။

ဝိသာခါတို့ခေတ်က အိမ်ရှင်မများ လိုက်နာကျင့်သုံးအပ်သည့် အထက်ပါစည်းမျဉ်းများသည် တကယ်တော့ လူမှုဆက်ဆံရေးဆိုင်ရာ ဥပဒေသများပင်ဖြစ်၏။ မိမိအိမ်မှ ယောက္ခမအိမ်၊

www.foreverspace.com.mm



အခြားပြည် (သာဝတ္ထိ) သို့ သွားရောက်အခြေချတော့မည့် ဝိသာခါအတွက် မုချအရေးကြီးသော လူမှုရေး စည်းကမ်းများပင် ဖြစ်လေသည်။

ဝိသာခါက ထိုဩဝါဒများ၏အနက်ကို ဖွင့်ပြလိုက်သောအခါ သူဌေးကြီးမှာ ဘာမှပြန်ပြောစရာ စကားမရှိ ဖြစ်သွား၏။ သူက အပြစ်ဟု ထင်ခဲ့သမျှသည် 'ဂုဏ်ကျေးဇူး' များဖြစ်နေသည်။ သို့သော် မိဂါရသူဌေးကြီး မလျှော့သေးပါ။

"ရှိပါစေတော့လေ.... အခုပြောခဲ့တဲ့၊ အချက်ကိုးချက်ဟာ အပြစ်မဟုတ်၊ ဂုဏ်ကျေးဇူးတွေ ဖြစ်တယ်လို့ပဲ ထားပါဦး။ နောက်ဆုံးတစ်ချက်က ဘာလဲ။ ဓနဥ္စယသူဌေးကြီးက သူ့သမီးကို မှာလိုက်တဲ့ ဒသမမြောက်အချက် ရှိသေးတယ်။ အိမ်တွင်းနတ်တို့ကို ရှိခိုးရမည်.... တဲ့။ ဒါက ဘာအဓိပ္ပာယ်တုန်း"

သူဌေးကြီး တကယ်မသိသဖြင့် မေးခြင်းလည်း ဖြစ်ပါလိမ့်မည်။ အိမ်တွင်းနတ်ဆိုတာကို သိချင်၍ မေးခြင်းလည်း ဖြစ်ပါလိမ့်မည်။ အိမ်တွင်းနတ်ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို သူ့အတွေးနှင့်သူ အဓိပ္ပာယ်တစ်ခုခုဖြင့် ဖွင့်ထားပြီးတာလည်း ဖြစ်နိုင်သည်။ ဝိသာခါကတော့ ဤ နောက်ဆုံးဩဝါဒ၏ အဓိပ္ပာယ်ကို အားရှိပါးရှိ ဖွင့်ဆိုလိုက်၏။

"အဓိပ္ပာယ်ကတော့ ကိုယ့်အိုးကိုယ်အိမ်နဲ့ တသီးတခြားနေတော့မယ့်အချိန်ကစပြီး မိမိအိမ်တံခါးဝသို့ ကြွရောက်လာကြတဲ့ ရဟန်းတော်များကို ကိုယ့်အိမ်မှာရှိတဲ့ ခဲဖွယ်၊ ဘောဇဉ်မှ



www.foreverspace.com.mm



တတ်နိုင်သလောက် လှူဒါန်းပူဇော်ပြီးမှ စားသင့်သုံးသင့်တယ်လို့ ဆိုလိုပါတယ်"

ဩဝါဒဆယ်ခုစလုံးမှာ ဂုဏ်ကျေးဇူးနှင့်စပ်သော စကားများသာဖြစ်သည်။ ဤဒသမမြောက် ဩဝါဒကား အမြင့်ဆုံးအဆင့်။

ဝိသာခါ၏ စကားဆုံးသည်နှင့် ပညာရှိသူကြွယ်ရှစ်ဦးအဖွဲ့ကလည်း မှတ်ချက်ချလိုက်ကြသည်။

"သူဌေးကြီး၊ သင့်အနေနဲ့တော့ ရဟန်းတော်များကို မြင်ရရင် မလှူမဒါန်း၊ မပေးမကမ်းရှိခြင်းကိုသာ နှစ်သက်တယ် ထင်ပါရဲ့"

ဤမှတ်ချက်စကားက ကွဲရဲ့ရှုတ်ချစကားလည်း ဖြစ်၏။ ပထမဆုံးစွဲချက် (ချေပချက်) နှင့်လည်း တစ်ပတ်ပြန်လည် ဆက်စပ်မိသွား၏။ တရားရုံးတော် လွှတ်တော်၌ အမှုစွဲဆို တိုင်တန်းတုန်းက အဆုံးအဖြတ်ခံယူရသည့် တရားတဘောင်မျိုးဆိုလျှင်တော့ ....

"သူဌေးကြီး၊ သင် အမှုရှုံးပြီ' ဟု တိုက်ရိုက်အမိန့်ချရမည့် အနေအထားမျိုးပင်။

မိဂါရသူဌေးကြီးမှာ သူတင်သော စွဲချက်အားလုံး အမှုမမြောက်တော့သည့်အတွက် ဘာမျှပြန်မပြောနိုင်တော့ဘဲ မျက်နှာအောက်ချလျက်သား ရှိတော့သည်။

စွဲချက်များအားလုံးကို ချေပကျေပျက်စေပြီးနောက် ဝိသာ

www.foreverspace.com.mm



ခါ ဘယ်သို့ပြုမူပါသလဲ။ ယောက္ခမကြီးသည် သူ့စွဲချက်များ ပျက်ပြယ်သွားသော်လည်း တောင်းပန်ဝန်ချ စကားမဆိုသေး။ 'သူမှားပါပြီ။ သူ့ကို ခွင့်လွှတ်ပါ' ဟု မပြောသေး။ စင်စစ် ပျက်ပြယ်သွားသော စွဲချက်များအတွက် စွဲဆိုသူက တောင်းပန်စကား ဆိုရမည် ဖြစ်လေသည်။ သို့မှသာ အမှုသွား အမှုလာနှင့် တရားခွင် သဘောသည် ပြည့်စုံပြီးမြောက်မည် ဖြစ်သည်။

မိဂါရသူဌေးကြီး ငြိမ်သက်နေစဉ် ဝိသာခါက တစ်ခုခု အသင့်ပြင်ထား၏။

ထိုအချိန်မှာ ရှစ်ဦးအဖွဲ့ကလည်း နည်းလမ်းကျစွာ ဆောင်ရွက်လိုက်၏။

"သူဌေးကြီး နောက်ထပ်စွဲချက်တင်စရာ ရှိပါသေးသလား"

"မရှိတော့ပါဘူး"

"ဝိသာခါကို အပြစ်တင်စရာ ရှိပါသေးသလား"

"မရှိတော့ပါဘူး"

"အပြစ်လို့ စွဲခဲ့တာတွေဟာ၊ အပြစ်မဟုတ်ဘဲ ဂုဏ်ကျေးဇူးတွေပဲ ဖြစ်နေတာကိုကော သူဌေးမင်း လက်ခံပါသလား"

"လက်ခံပါတယ်"

"သူဌေးကြီး အပြစ်မရှိတဲ့ ဝိသာခါကို ဘာကြောင့် အိမ်မှ နှင်ထုတ်စေပါသလဲ"

မိဂါရသူဌေးကြီးထံမှ အဖြေထွက်မလာတော့။

မမျှော်လင့်ဘဲ အကျဉ်းအကျပ် ကျသွားသည်။ တရား



www.foreverspace.com.mm



တဘောင် သဘောအရဆိုလျှင် အပြစ်မရှိဘဲ စွဲချက်အတင်ခံရသူဘက်မှ ပြန်၍ အသရေဖျက်မှုဖြင့် စွဲဆိုရမည့်အတွက်ပင် ဖြစ်၏။ တရားလိုနှင့် တရားခံ နေရာ အပြောင်းအလဲ ဖြစ်သွားပြီ။

သာမန်အနေအရကြည့်ပါက ဝိသာခါက မိဂါရသူဌေးကြီးအပေါ် ပြန်လည်၍ အပြစ်မဟုတ်သည်ကို အပြစ်ပြု၊ ဂုဏ်ကျေးဇူးရှိသူကို ဂုဏ်ကျေးဇူးမဲ့ ပြုသည့်အတွက် စွဲဆိုဖို့ပဲရှိတော့သည်။ တရားခံပြန်ဖြစ်သွားသူဘက်မှ ဝန်ချတောင်းပန်ရုပ်သိမ်းမှာလား။ မှားယွင်းစွဲဆိုမှုများအတွက် တစ်စုံတစ်ခုသော လျော်ကြေး ပေးဆပ်မှာလား။ မှားယွင်းစွာ စွဲဆိုခံရသူဘက်မှ တောင်းဆိုသမျှကို လိုက်လျောမှာလား....။

အကျဉ်းအကျပ်မှ ထွက်မြောက်အောင် လုပ်နိုင်သူမှာ ဝိသာခါတစ်ဦးသာ ရှိတော့သည်။ ရှစ်ဦးအဖွဲ့ကလည်း မတတ်နိုင်။ သူဌေးကြီးကလည်း စတင် မကမ်းလှမ်းနိုင်။ နစ်နာသူသည် နစ်နာကြေး တောင်းပိုင်ခွင့်ရှိ၏။ ဝိသာခါကသာ အဆုံးအဖြတ်ပေးရမည်။

## ဝိသာခါ တောင်းဆိုသည့်နစ်နာကြေး

အခက်အခဲ ပြဿနာတစ်စုံတစ်ရာ ဟူသည်မှာ တစ်စုံတစ်ဦး၏အရည်အသွေးကို စိန်ခေါ်ဆွဲထုတ်သော အရာဖြစ်သည်ဟု ဆိုပါသည်။ ပြဿနာ ဟူသည်မှာ အခြားမဟုတ် စစ်မှန်သော

www.foreverspace.com.mm

စွမ်းဆောင်ရည် ဘယ်လောက်ရှိ မရှိကို စမ်းသပ်သည့် အခြေအနေအရှုပ်အထွေးများက အခက်အခဲများအဖြစ် ဟန်ဆောင်ထားသော အခွင့်အလမ်းဖြစ်လေသည်။

ဘိုးစဉ်ဘောင်ဆက်က အမိတဘောဂ ဖြစ်ခဲ့ကာ အချမ်းသာကြီး ချမ်းသာသော ဝိသာခါ၊ ခုနစ်နှစ်အရွယ်မှာ သောတာပန်ဖြစ်ခဲ့သောဝိသာခါ မဟာလတာဝတ်စုံဝတ်ကာ ယာဉ်ရထားတက်ရပ်ပြီး သာဝတ္ထိသို့ ဝင့်ဝင့်ကြွားကြွား၊ ဝံ့ဝံ့စားစားဝင်ခဲ့သော ဝိသာခါ၊ သာဝတ္ထိသို့ ရောက်သည်နေ့မှာပင် မိမိထံရောက်လာသမျှ ပဏ္ဏာလက်ဆောင်တို့ကို ထိုက်ရာတန်ရာ ပြန်ဖြန့်ပေးလိုက်သည့် ဝိသာခါ....။ ထိုနှယ်သော ဂုဏ်ပုဒ်တို့ဖြင့်၊ ခမ်းနားစွာ ငြိမ်သက်နေခဲ့သော ဝိသာခါ၏ ငယ်ဂုဏ်သည် ယခုအခါ ရိုးရိုးလေးပင် လှုပ်ရှားတောက်ပလာပါသည်။

ယောက္ခမကြီး၏စွဲချက်များကို တစ်ခုပြီးတစ်ခု ချေပသွားခဲ့ပုံမှာလည်း ဆစ်ဆစ်ပိုင်းပိုင်း အပြိုင်းအရိုင်း အကွက်စေ့ခဲ့ပါသည်။ သို့သော် ဝိသာခါ၏ စွမ်းဆောင်ရည် အမြင့်ဆုံးသို့ မရောက်သေး။ တစ်စတစ်စကား ရုပ်လုံးက ကြွလာပါပြီ။

"သူဌေးကြီး အပြစ်မရှိတဲ့ ဝိသာခါကို ဘာကြောင့် အိမ်မှ နှင်ထုတ် စေပါသလဲ" ဟူသော ရှစ်ဦးအဖွဲ့၏ မေးခွန်းကို မိဂါရသူဌေးကြီး မဖြေနိုင်၊ တွေငိုင်ရှိနေခိုက် ဝိသာခါက (တစ်ချိန်လုံး ထိုင်နေရာမှ ထပြီး) ပြောလိုက်လေသည်။

"အဖေကြီးတို့၊ သမီးရဲ့ယောက္ခမကြီး မဆင်မခြင်ပြောခဲ့တဲ့





www.foreverspace.com.mm

စကားများကြောင့် သမီး ဒီအိမ်ကနေ ထွက်ခွာသွားဖို့ မသင့်တော်ပါ"

(ဤစကားဖြင့် စပြောချိန်မှာ ဝိသာခါ၏ ရုပ်သွင်မူရာကို ခန့်မှန်း မြင်ယောင်လိုက်ပါသည်။ တင်းမာသောမျက်နှာထား၊ မဟုတ်ပါ။ သရော်ပြုံးနှုတ်ခမ်း မဟုတ်ပါ။ ဝင်းဝင်းတောက်သော မျက်လုံးအစုံ မဟုတ်ပါ။ တရားကိုယ်အားဖြင့် အမှန်ဘက်မှာ ရှိနေပြီးသော ဝိသာခါသည် ထိုနှယ်သော ကြမ်းခက်မာကျောသည့်အမူအရာများဖြင့် သူ့ကိုယ်သူ အရှိန်မြှင့်ဖို့မလိုတော့။ ဝိသာခါ ပကတိအားဖြင့်ပင် အေးဆေးတည်ငြိမ်စွာ....၊ ပြီးတော့ ချိုမြယဉ်ကျေးစွာ ရှိနေခဲ့ပါလိမ့်မည်။)

ဝိသာခါ ဆက်ပြောသည်။

"အဖေကြီးတို့ အမှန်မှာ သမီး ဒီအိမ်ကို လိုက်ပါဖို့ ထွက်ခွာခဲ့တဲ့နေ့မှာပဲ သမီးရဲ့ ပြောဆို ပြုမူ ကျင့်ကြံမှုတွေမှာ အပြစ်ရှိ မရှိ အရေးပေါ်ခဲ့သော် အရေးယူဆောင်ရွက်ဖို့အတွက် သမီးရဲ့ ဖခင်ကြီးက အဖေကြီးတို့ထံမှာ အပ်နှံပေးခဲ့ပါတယ်"

(လူကြီးများ ခေါင်းတစ်ချက် ဆက်ညိတ်လိုက်ကြသည်။ မိဂါရသူဌေးကြီးမှာတော့ သနားစဖွယ် မျက်နှာလေး သေးငယ်လာမည်။)

"အခု သမီးရဲ့ ပြောဆို၊ ပြုမူ၊ ကျင့်ကြံမှုတွေမှာ အပြစ်မရှိကြောင်း သုတ်သင်ရှင်းလင်း ပြီးပါပြီ။ ဒါကြောင့်...."

စွဲချက်အတင်ခံခဲ့ရသူ မိန်းမသူသည် ယခုအခါ အံ့သြစရာ

ကောင်းလောက်အောင် တရားသူကြီးနေရာ ရောက်သွား၏။ သူ့တရား သူစီရင်တော့မည်။

“ဒါကြောင့် ယခုအခါမှာ သမီးအဖို့ ဒီအိမ်ကနေ ထွက်ခွာသွားဖို့ ကောင်းမွန်ချမ်းသာသော အချိန်ရောက်ပြီ ဖြစ်ပါတယ်”

အသိမ်မွေ့ဆုံးပြောကာ ဝိသာခါ နေရာမှထွက်သည်။ မိမိတိုက်ခန်းဆီသွားသည်။ ထို့နောက် အမှုလုပ်ယောကျ်ား၊ မိန်းမ၊ အစေခံများအား ယာဉ်ရထား အသုံးအဆောင်ပစ္စည်းများ ပြင်ကြဆင်ကြဖို့ အမိန့်ပေးသည်။

ဝိသာခါ၏ စီရင်ချက်ကား သိမ်မွေ့လှပါသည်။ ဂုဏ်ကျေးဇူးကို အပြစ်ဟု ထင်မြင်ကာ စွဲချက်တွေ တင်ခဲ့သည့် ယောက္ခမသူဌေးကြီးကိုလည်း မစီရင်ပါ။ ပညာရှိသူကြွယ်ကြီးရှစ်ဦးအဖွဲ့ထံမှာလည်း မတိုင်တန်းပါ။ အပြစ်မရှိသော သူသည် အပြစ်တင်သောသူအထံ၌ ဆက်လက်နေထိုင်ခြင်းငှာ မသင့်တော့။ ထို့ကြောင့် အပြစ်မရှိကြောင်း (သုတ်သင်ရှင်းလင်း) ပြီးနောက်တွင် ကိုယ့်နေရာကိုယ်ပြန်ဖို့ ဆုံးဖြတ်သည်။ ဤ စီရင်ဆုံးဖြတ်ချက်၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကကော....။ ပြင်းထန်သော သက်ရောက်မှုတွေ ဖြစ်ပေါ်လာစရာရှိပါသည်။

“ဝိသာခါမှာ အပြစ်တစ်စုံတစ်ရာ မရှိပါဘဲ ဂုဏ်ကျေးဇူးများနဲ့ ညီညွတ်သည်ကိုသာ ပြုပါလျက် ယောက္ခမ မိဂါရသူဌေးကြီးက သူကြွယ်ကြီးရှစ်ဦးအဖွဲ့ စုံညီရှေ့မှောက်မှာ စွဲချက်တွေ





တစ်ခုပြီး တစ်ခုတင်သတဲ့။ အဲဒီစွဲချက်တွေကိုလဲ ဝိသာခါက တစ်ခုပြီးတစ်ခု မှန်ကန်စွာ ရှင်းလင်းဖြို ဖျက်လိုက်သတဲ့။ အားလုံးကို သုတ်သင်ရှင်းလင်းပြီးနောက်မှာ ဝိသာခါက သာဝတ္ထိ၊ မိဂါရစံအိမ်ကြီးမှာ ဘယ်လိုမှ ဆက်လက်နေထိုင်ဖို့ မသင့်တော်တော့တဲ့အတွက် သူ့ရဲ့ဇာတိ ဘဒ္ဒိယကို ပြန်သွားပြီတဲ့....”

သာဝတ္ထိတစ်မြို့လုံး ထိုသို့ ပြောကြတော့မည်။ သာဝတ္ထိသို့ ဝိသာခါရောက်လာပုံကလည်း တစ်မြို့လုံး သောသော အုတ်အုတ် ဖြစ်ခဲ့သည့် ရောက်လာပုံမျိုး။ ထိုသို့ ဝင်ရောက်လာသူက ထိုသို့ ပြန်ထွက်သွားမည်ဆိုလျှင်....။

တစ်မြို့လုံးရှိ လက်ညှိုးများ၊ မျက်စောင်းများက မိဂါရသူဌေးကြီးအပေါ် စုပြုံကျရောက်မည်မှာ ဧကန်ဖြစ်၏။ ထိုမျှမကသေးပါ။ ဝိသာခါကို သွားရောက်ခေါ်ဆောင်ခဲ့စဉ်က ကောသလမင်းကြီးပါ မင်းခမ်းမင်းနား ဗိုလ်ထု အစုံအညီ ပါဝင်ခဲ့လေသည်။ ဝိသာခါ သာဝတ္ထိကို စွန့်ခွာသွားမည်ဆိုပါက ကောသလမင်းကြီးပါ သွယ်ဝိုက်သောနည်းဖြင့် တာဝန်မကင်း ရှိချေတော့မည်။ မိဂါရစံအိမ်ကြီးမှ ဂယက်သည် နန်းတော်အထိ မုချရိုက်ခတ်လိမ့်မည်။

အသိ၊ အမြင်၊ ခံယူချက် လွဲမှားခဲ့ကာ လွဲမှားခဲ့သည့်အတိုင်း စွဲချက်တင်ခဲ့မိသော မိဂါရသူဌေးကြီးသည် ထင်သလောက် ဉာဏ်နုံ့သည့် ပုဂ္ဂိုလ်မဟုတ်ပါ။ မလိုလားအပ်သော ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်ကို တွေ့မြင်သဘောပေါက်နိုင်



www.foreverspace.com.mm

www.foreverspace.com.mm



သော အတွေးအခေါ်ရှိသူဖြစ်၏။ ထို့ကြောင့် ဝိသာခါက အစေခံများကို ပြင်ကြဆင်ကြဖို့ အမိန့်ပေးနေရာဆီသို့ သူကြွယ်ရှစ်ဦးအဖွဲ့ကိုပါ ခေါ်ယူသွားကာ....

"သမီး ဝိသာခါ၊ ဖခင် မသိခဲ့လို့ အဆင်အခြင်မဲ့စွာ ပြောမှားခဲ့ပါပြီ။ သည်းခံပါ သမီး...."

ဟု တောင်းပန်စကား ပြောရတော့သည်။

ထိုတောင်းပန်စကား မိဂါရသူဌေးကြီးနှုတ်မှ ထွက်ပေါ်လာအောင် သူကြွယ်ကြီးရှစ်ဦးအဖွဲ့က အမိန့်ချသည်မဟုတ်။ 'ဝိသာခါကို တောင်းပန်ပါ' ဟု စီရင်ချက်ချသည်မဟုတ်။ ဝိသာခါ ကိုယ်တိုင်ကလည်း "တောင်းပန်ပါ" ဟု တောင်းဆိုသည်မဟုတ်။

ထိုတောင်းပန်စကားသည် မိဂါရသူဌေးကြီး၏ နှလုံးထဲမှ အမှားကို အမှားမှန်း ကောင်းကောင်းကြီးသိကာ ရင်မှ စိမ့်ထွက်လာသော တကယ့်တောင်းပန်စကား ဖြစ်လေသည်။ ဝိသာခါက မည်သို့ တုံ့ပြန်ပါသလဲ....။

ဝိသာခါ၏ တုံ့ပြန်ချက်စကားကို နားထောင်ကြည့်ပါ။

"ဖခင်၊ သည်းခံသင့်သောအရာကို သမီး အစောကတည်းက သည်းခံခဲ့ပါတယ်။ သို့သော် အထူးအားဖြင့် တင်ပြစရာရှိပါတယ်။ သမီးဟာ ဘုရားမြတ်စွာ သာသနာမှာ မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါတရားရှိသော အမျိုးရဲ့ သမီးဖြစ်ပါတယ်။ ဒါကြောင့် တစ်ပါး အပါအဝင် ဖြစ်သော ရဟန်းသံဃာနဲ့



www.foreverspace.com.mm



ကင်းကွာပြီး နေထိုင်ဖို့ဆိုတာ သမီးအတွက် မဖြစ်နိုင်ပါဘူး။ တကယ်လို့ သမီးအလိုကျအတိုင်း ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခွင့်ရမယ်ဆိုရင် သမီး ဒီစံအိမ်ကြီးမှာ ဆက်နေပါမယ်။ ဒီလိုမှမဟုတ်ရင်တော့ ဒီစံအိမ်ကြီးမှာ သမီး ဆက်နေဖို့အကြောင်း လုံးဝမရှိပါဘူး"

ဝိသာခါ၏ ဤတုံ့ပြန်စကားတွင် ကျိုးကြောင်း ခိုင်လုံစွာ ဆက်စပ်နေသော အဆက်အစပ် သုံးခုကို တွေ့လိုက်ရ၏။ တစ်ဆစ်စီ ပိုင်းကြည့်ပါမည်။

'သည်းခံသင့်သောအရာကို အစောကတည်းက သည်းခံခဲ့ပါတယ်' ဟူသောစကားမှာ ယောက္ခမသူဌေးကြီး၏ အသိအမြင် အယူအဆနှင့် မိမိ၏ အသိအမြင် အယူအဆတို့အကြားမှ ကွာဟချက် အတိုင်းအတာ ပမာဏတစ်ခုကို ညွှန်းလိုက်သော စကားဖြစ်သည်။ သူဌေးကြီးမသိ၍ သို့မဟုတ် အသိလွဲ၍ မိမိအပေါ် အမြင်လွဲ၊ အစွပ်စွဲလွဲခဲ့သော အရာများကို မိမိက သည်းခံလိုက်ပါမည်တဲ့။ သို့သော်

'အထူးအားဖြင့် တင်ပြစရာရှိပါတယ်။ သမီးဟာ ဘုရားမြတ်စွာ သာသနာမှာ မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့၊ သဒ္ဓါတရားရှိသော အမျိုးရဲ့သမီး ဖြစ်ပါတယ်' ဟူသော စကားက သည်းခံသင့်သောအရာကို သည်းခံခဲ့ပြီးသည်၏ အခြားမဲ့၌ သည်းမခံနိုင်သော အခြားအတိုင်းအတာတစ်ခု၏ အခြေခံကို ထုတ်ပြလိုက်ခြင်းပင်ဖြစ်၏။ တစ်ချိန်တည်းမှာပင် ဤစကား

www.foreverspace.com.mm

ကသောတာပန်တို့၏ ဂုဏ်ရည်ကို ထုတ်ဖော်လိုက်ခြင်းလည်း ဖြစ်၏။ သောတာပတ္တိမဂ်၌ ခုနစ်နှစ်အရွယ်ကတည်းက ဆိုက်ခဲ့ပြီးသော ဝိသာခါအဖို့ ဗုဒ္ဓမြတ်စွာ သာသနာတော်၌ သာလျှင် မတုန်မလှုပ် သက်ဝင်သူဖြစ်သည်။ အခြားသော သာသနာ၌ သံသရာမှ လွတ်မြောက်ရေးမရှိဟု စိတ်ချလက်ချပြီး ယုံကြည်ထားပြီးဖြစ်သည်။ မည်သည့်အကြောင်းဖြင့်မျှ ဗုဒ္ဓမြတ်စွာ သာသနာ၏ အဆုံးအမအောက်မှ ဖယ်ရှားပေးမည် မဟုတ်။ ထိုသို့ မတုန်မလှုပ် သက်ဝင်ယုံကြည်သောအဖြစ် (သောတာပန်ဟု မိမိ ကိုယ် မိမိ ထုတ်ဖော်မပြောပါ) ကို ‘ဒီကလဲ’ လုပ်လိုက်ပြီးနောက် ဝိသာခါ၏ စကားတွင် ပါဝင်သော တတိယပိုင်းစကားများက

“ဒါကြောင့် တစ်ပါးအပါအဝင်ဖြစ်သော ရဟန်းသံဃာနဲ့ ကင်းကွာပြီး နေထိုင်ဖို့ဆိုတာ သမီးအတွက် မဖြစ်နိုင်ပါဘူး။ တကယ်လို့ သမီးအလိုကျအတိုင်း၊ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခွင့်ရမယ်ဆိုရင် သမီး ဒီစံအိမ်ကြီးမှာ ဆက်နေပါမယ်။ ဒီလိုမှမဟုတ်ရင်တော့ ဒီစံအိမ်ကြီးမှာ သမီး ဆက်နေဖို့အကြောင်း လုံးဝ မရှိပါဘူး”

ဒုတိယပိုင်းစကားများက မိမိ၏အနေအထားကို ‘ထုတ်ဖော်ကြေညာ’ သည့် စကားလုံးများဖြစ်ပြီး ဤ တတိယပိုင်း စကားများကမူ သာမန်သဘောအရပြောရလျှင် ‘စိန်ခေါ်ကြေညာ’ သည့် စကားလုံးများ ဖြစ်လာပါပြီ။ တစ်နည်း သူသည်းမခံနိုင်





www.foreverspace.com.mm

သော ပမာဏတစ်ခုကို အတိအလင်း ကြေညာလိုက်ခြင်း ဖြစ်ပေသည်။

(ဤနေရာတွင် သည်းမခံနိုင်ခြင်း ဟူသောစကားကို အကောက်အယူ မလွဲဖို့ လိုပါသည်။ ပြန်လှန်ရန်သတ္တုရုပြုခြင်း၊ ပြန်လှန်အရေးယူ အပြစ်ဒဏ်ခတ်ခြင်း၊ အမျက်ဒေါသသံဖြင့် တုံ့ပြန်ခြင်းဟူသော အဓိပ္ပာယ်များ မဟုတ်ပါ။ သောတာပန်တည်းဟူသော သေက္ခအရိယာသည် လောဘ ဒေါသ၊ မောဟ ဖြစ်ပေါ်လာသည်နှင့် ဖြစ်ပေါ်လာပြီဟု ‘သိ’ လိုက်ပါသည်။ လောဘ၊ ဒေါသ၊ မောဟ ‘ဖြစ်ကြောမရှည်’ ပါ။ ထိုသို့ သိလိုက်သည်နှင့် တစ်ဆက်တည်းမှာပင် ထိုကိလေသာများကို ငြိမ်ကျသွားအောင် လုပ်နိုင်စွမ်းလည်းရှိသည်။ ဝိသာခါသည် အထက်ပါအတိုင်း ထုတ်ဖော် စိန်ခေါ် ကြေညာရာ၌ ဒေါသဖြင့် ပြုလုပ်သည်မဟုတ်။ အကယ်တန္တု အလိုမကျ ငြိုငြိုငြင်ငြင် ရှိခဲ့သည်ပဲ ထားဦး၊ ထိုစိတ်ကိုပယ်ရှား၍ ပကတိသော တည်ငြိမ်မှု သို့မဟုတ် အကြည်ဓာတ်ဖြင့် ပြောဆိုခြင်းသာ ဖြစ်ပေသည်။)

ဝိသာခါ ဈေးကိုင်ခြင်းလည်း မဟုတ်ပါ။ အတွန့်တက်ခြင်းလည်း မဟုတ်ပါ။ အိမ်ပေါ်တက်ပြီး စိန်ခေါ်ချက်ပေးသည်လည်း မဟုတ်ပါ။

ဝိသာခါသည် မိမိတရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးကို ကြောင်းကျိုးခိုင်လုံစွာ အရေးဆိုနေခြင်းသာဖြစ်၏။

www.foreverspace.com.mm



အမှန်ပေါ်၌ ခြေစုံတည့်ရပ်မှုတိုင်းသည် ရသင့်ရထိုက်သော အခွင့်အရေးကို ရိုးရှင်းပွင့်လင်း ပြတ်သားစွာ တောင်းဆိုသည်ချည်း ဖြစ်ပေသည်။

ယောက္ခမသူဌေးကြီးကကော ချွေးမ၏ ဤအရေးဆိုမှုကို မည်သို့ တုံ့ပြန်ပါသလဲ။ သူ စဉ်းစားချိန် ယူစရာမလိုတော့။ လွဲမှားစွာ စွဲချက်တင်ခဲ့မှုများ တစ်ခုပြီးတစ်ခု ပျက်ပြယ်ခဲ့ကြပြီးကတည်းက မိဂါရသူဌေးကြီးမှာ အညွတ်အနူးဖြစ်ခဲ့လေပြီ။ မာန်လျှော့လိုက်ရသည့် အနေမျိုးဖြင့် မဟုတ်လေဘဲ ကြည်ဖြူစွာပင် သူ ခွင့်ပြုစကားပြောလေသည်။

"သမီးအလိုရှိတိုင်း သမီးရဲ့ ရဟန်းသံဃာများကို ပြုစုလုပ်ကျွေးပါ"

(သူဌေးကြီး၏ ခွင့်ပြုစကားထဲမှ သမီးရဲ့ ရဟန်းသံဃာများ ဆိုသော အသုံးအနှုန်းကို သတိပြုစေလိုပါသည်။)

* * *

ဝိသာခါ ချက်ချင်း အကောင်အထည်ဖော်လိုက်၏။ ဘုရားရှင်အား နက်ဖြန် ဆွမ်းအလှူခံတော်မူပါရန် ပင့်ဖိတ်စေပြီး နောက်တစ်နေ့မှာပင် ဘုရားအမှူးရှိသော သံဃာတော်တို့ စံအိမ်ကြီးသို့ ကြွတော်မူလာကြသည်။ ဤသတင်းသည် သာဝတ္ထိတွင် အကြီးအကျယ် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွား၏။ မိဂါရသူဌေးကြီး စံအိမ်အတွင်း ဘယ်တုန်းကမှ မြတ်စွာဘုရားနှင့် သံဃာတို့



www.foreverspace.com.mm



ကြွရောက်ခဲ့ဖူးခြင်းမရှိ။

သူဌေးကြီး ဆည်းကပ်သော တက္ကတွန်းများဖြင့်သာ တရုန်းရုန်းရှိခဲ့လေသော စံအိမ်ကြီးဝယ် ယခုအခါ ဗုဒ္ဓနှင့် သာဝကရဟန်းများ ဝင်ရောက်ကြချေပြီ။

ဘုရားနှင့် သံဃာတို့ စံအိမ်ကြီးအတွင်း ဝိသာခါ စီမံသော မွန်မြတ်သည့်နေရာတွင် ထိုင်နေတော်မူကြချိန်၌ စံအိမ်ကြီးအပြင်လေးဖက်လေးတန်မှာလည်း ပရိသတ်များ ဝန်းရံထိုင်နေကြသည်။ သူတို့ကား တက္ကတွန်းများနှင့် သူတို့၏ ပရိသတ်များဖြစ်လေသည်။ စံအိမ်အတွင်းသို့ သူတို့ ဝင်ခွင့်မရှိတော့။ အလိုအလျောက်ပင် စံအိမ်အတွင်းနှင့် အပြင်ပရိသတ်က နှစ်စုကွဲသွားသည်။ မိဂါရသူဌေးကြီးကား သူ့ဆရာ တက္ကတွန်းများကို လွန်ဆန်နိုင်သူ မဟုတ်သလို သူကိုယ်တိုင်ကလည်း ဗုဒ္ဓနှင့် သာဝကရဟန်းများအနီး ချဉ်းကပ်လိုသူ မဟုတ်သောကြောင့် တက္ကတွန်းများနှင့်အတူပင် စံအိမ်အပြင်၌ နေရာယူ၏။

ဝိသာခါသည် အလှူရေစက်ကို သွန်းချလှူဒါန်းပြီးနောက် မြတ်စွာဘုရားနှင့် သံဃာအား ဆွမ်းအမှု ဆက်ကပ်လုပ်ကျွေးရန် ပြင်ဆင်သည်။ ထိုသို့ ပြင်ဆင်နေချိန်မှာပင် ယောက္ခမကြီးထံသို့ အကြောင်းကြားခိုင်းလိုက်သည်။

"ပူဇော်ဖွယ်အမှု အစုစုအားလုံး စီမံပြင်ဆင်ပြီးပါပြီ။ ယောက္ခမကြီးလာရောက်ပြီး မြတ်စွာဘုရားကို ကိုယ်တိုင်ကိုယ်ကျ ပြုစုလုပ်ကျွေးစေလိုပါတယ်"

www.foreverspace.com.mm



တက္ကတွန်းများက သူဌေးကြီးကို မျက်စောင်းခဲ၍ ကြည့်နေကြသည်။ အချို့ကတော့ ခပ်ရဲရဲပင် "သူဌေးကြီး၊ ရဟန်းဂေါတမနဲ့ တပည့်တွေကို ဆွမ်းကျွေးမယ့်အလုပ်ဟာ သင့်အရာလား။ သင့်ချွေးမ ဝိသာခါ စီမံတဲ့အလုပ် သူ့ဟာသူလုပ်ပစေ"

သူဌေးကြီး မလွန်ဆန်ရဲပါ။ သို့သော် 'ငါမလာနိုင်ဘူး' ဟုလည်း ချွေးမဖြစ်သူကို တင်းတင်းပြတ်ပြတ် စကားမပြန်ရဲပါ။ ထို့ကြောင့် "ငါ့သမီးပဲ ဗုဒ္ဓကို ပြုစုလုပ်ကျွေးပါ" ဟု ခပ်ဝါးဝါး အဖြေပေးလိုက်၏။ အရပ်တစ်ပါးသို့ သူ တိမ်းရှောင်၍မဖြစ်။ သူ့ဆရာတက္ကတွန်းများက စံအိမ်အတွင်းရှိ ဆွမ်းကျွေးပွဲကြီးကို ရူးစမ်းထောက်လှမ်းနေကြသည်ကိုး။

ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းတော်များအား ဆွမ်းကပ်ပူဇော်၍ ဆွမ်းအမှုပြီးသောအခါ ယောက္ခမကြီးထံ နောက်ထပ်တစ်ကြိမ် သတင်းပို့စေပြန်၏။ "ဆွမ်းအမှုပြီးပါပြီ။ ဘုရားရှင် တရားဒေသနာချီးမြှင့်တော်မူလိမ့်မည်။ တရားစကား လာရောက်နာကြားပါ" ဟူသော တရားဖိတ်စကား။

သည်တစ်ကြိမ်မှာတော့ မိဂါရသူဌေးကြီး မငြင်းတော့ပါ။ မတိမ်းရှောင်တော့ပါ။ သူ၏ ရှေးကုသိုလ်ကံကလည်း စီမံဖန်တီး တိုက်တွန်းပါပြီ။ ဆရာတက္ကတွန်းများ မျက်စောင်းတခဲခဲရှိနေကြတာကိုလည်း သူဂရုမစိုက်တော့။ 'အခု တရားစကားနာကြားဖို့ ခေါ်တာကို ငါမသွားဘူးဆိုရင် အတော်ကို အကြောင်းမဟုတ်၊ လွန်ကဲဆိုးဝါးရာရောက်တော့မယ်' ဟု ဆင်ခြင်မိသည်။ ထို့



www.foreverspace.com.mm



ကြောင့် သူဌေးကြီး သွားဖို့ ဟန်ပြင်သည်။

တက္ကတွန်းများက သူ့ကို မတားကြ။ သူဌေးကြီး၏ အသွင်မှာ တား၍လည်းရမည် မဟုတ်ကြောင်း တက္ကတွန်းများ ရိပ်စားမိကြသည်။ သို့သော် သူတို့လူ လက်လွတ်သွားမည်ကို စိုးရိမ်ကြသည်။ ဗုဒ္ဓတရားစကားကို နာကြားပြီးလျှင် ဗုဒ္ဓဘက်သား ဖြစ်သွားတော့မှာဘဲဟု စိတ်ပူကြသည်။ ထို့ကြောင့် မတားသာတားသာ တစ်ခုတော့ 'ခွ' တိုက်လိုက်ကြ၏။

"ရဟန်းဂေါတမရဲ့တရားကို နာချင်လဲနာကြည့်ပေါ့၊ ဒါပေမယ့် တင်းတိမ်ကန့်လန့်ကာ ကာပြီး ကန့်လန့်ကာအပြင်ဘက်မှာ နေပြီးနာ"

တက္ကတွန်းတို့အတွေးက လွန်စွာ အသရေရှိသော ဗုဒ္ဓ၏ အဆင်းတော်ကို အနီးကပ်မြင်တွေ့ရလျှင် သူတို့သူဌေးကြီး ဗုဒ္ဓကိုကြည်ညိုကာ၊ ဗုဒ္ဓဘက်သို့ အကြွင်းမဲ့ တိမ်းညွတ်သွားလိမ့်မည်ဟူသော အတွေးဖြစ်လေသည်။ သူဌေးကြီးကို ထိုသို့ ညွှန်ကြားပြီးနောက် တက္ကတွန်းများက တပည့်များနှင့် စံအိမ်အစေခံများကိုပါ တစ်ဆက်တည်း ခိုင်းလိုက်ကြ၏။ တင်းတိမ်ကန့်လန့်ကာ ကာကြဖို့ ဖြစ်သည်။

တက္ကတွန်းများ၏ အစီအမံဖြင့် ဗုဒ္ဓနှင့် မိဂါရသူဌေးကြီး အကြားတွင် တင်းတိမ်ကန့်လန့်ကာ ခြားနေ၏။ မိမိတို့လူ ဗုဒ္ဓဘက်သား ဖြစ်မသွားစေရေးအတွက် ကောင်းစွာ ဟန့်တားပိုင်းခြားလိုက်နိုင်ကြပြီဟု တက္ကတွန်းများ ယူဆကြသည်။

www.foreverspace.com.mm

သို့သော် တက္ကတွန်းတို့ မသိစွမ်းနိုင်သော အရာတစ်ခုရှိနေသည်။

လစန္ဒာသည် ကောင်းကင်ထက် အဇ္ဈောတွင် သူ၏ လမ်း၌ပင် သူတည်လေသည်။ သို့သော် ထိုသို့တည်လျက်ကပင် လူတိုင်းလူတိုင်းအဖို့ရာ၌ 'လစန္ဒာသည် ငါ့အထက်၌တည်၏။ လစန္ဒာသည် ငါ့အထက်၌တည်၏' ဟု စိတ်ဝယ် ထင်ကြရသည်။ ထို့အတူပင် ဖြစ်ချေသည်။ ဗုဒ္ဓမြတ်စွာ တရားဟောတော်မူပြီဆိုလျှင် ရှေ့မှောက်၌ တည်နေမူများ၊ ဝဲယာတို့၌ တည်နေသူများ၊ နောက်ပါး၌ တည်နေသူများ၊ စကြဝဠာတိုက် အရာအထောင်ကို ကျော်လွန်၍ တည်နေသူများ၊ အကနိဋ္ဌ ဗြဟ္မာဘုံ၌ တည်နေသူများအားလုံး အသီးသီးတို့သည်ပင် "မြတ်စွာဘုရားသည် ငါ့အား ကြည့်နေတော်မူလျက် ငါ့အားသာလျှင် တရားဟောတော်မူနေ ပြီ" ဟု ပြောဆိုကြရ၏။

မြတ်စွာဘုရားတို့ တရားဟောတော်မူနေသောအခါ ဝဲယာ၊ ရှေ့နောက် ထက်ရပ်ဝန်းကျင်ရှိ တရားနာပရိသတ်အားလုံးတို့၏ စိတ်သန္တာန်ဝယ် မိမိတို့၏မျက်နှာ ရှေ့ရှုတည်နေတော်မူသကဲ့သို့ ထင်ရသည်။

တက္ကတွန်းတို့၏ အဟန့်အတားကား လုံးဝပင် အရာမထင်တော့သောအဖြစ်သို့ ရောက်သွား၏။ တင်းတိမ်ကန့်လန့်ကာ တစ်ဖက်တွင်ရှိနေသော မိဂါရသူဌေးကြီးအား "အသင်သည် တင်းတိမ်ကန့်လန့်ကာ၏ အခြားတစ်ဖက်၌ဖြစ်စေ၊ နံရံတစ်ဖက်





www.foreverspace.com.mm

သို့တည်းမဟုတ် တောင်တစ်ဖက်၊ သို့တည်းမဟုတ် ကမ်းပါးယံ တစ်ဖက် သို့တည်းမဟုတ် စကြဝဠာတိုက် တစ်ဖက်၌ဖြစ်စေ နေလိုမူနေစေ။ မည်မျှပင် ဝေးကွာခြားနားစေကာမူ ငါဘုရား၏ အသံတော်ကို အသင်မိဂါရ ကြားစေခြင်းငှာ စွမ်းနိုင်၏" ဟု ဆိုဘိသည့်ပမာပင်....။

ဒါနကထာ၊ သီလကထာ၊ မဂ္ဂကထာ အစရှိသော မဂ်ဖိုလ်ရကြောင်း တရားစကားများက မိဂါရသူဌေးကြီးအဖို့ ရွှေအဝင်းဝင်းမှည့်သော အသီးရှိသည့် သရက်ပင်ကြီးကို ပင်စည်မှ ဆွဲကိုင်လှုပ်လိုက်သကဲ့သို့ရှိ တော့သည်။

ဒေသနာတော် နိဂုံး အဆုံးသတ်သွား၏။

တင်းတိမ်ကန့်လန့်ကာသည် အောက်ခြေမှ ကြွသွားသည်။ မိဂါရသူဌေးကြီးကိုယ်တိုင် လက်ဖြင့် ပင့်တင်လိုက်သောကြောင့် ဖြစ်၏။ တက္ကတွန်းတို့၏ ဖွဲ့ထုတ်ခွဲခြားရေး အစီအမံ ပျက်စီးသွားခဲ့ပြီ။ သူဌေးကြီးသည် ကန့်လန့်ကာတစ်ဖက်သို့ ဒူးတုပ်ဝပ်တွား ဖြတ်သန်းသွားပြီးနောက် ဗုဒ္ဓ၏ခြေတော်တို့ကို တည်ခြင်းငါးပါးဖြင့် ရိုသေမြတ်နိုးရှိခိုးသည်။ သူဌေးကြီး သောတာပတ္တိဖိုလ်၌ တည်ခဲ့ပြီး သောတာပန် အရိယာ ဖြစ်သွားပြီ။

ထို့နောက် သူဌေးကြီးသည်မြတ်စွာဘုရား၏ မျက်မှောက်တော်မှာပင် ချွေးမဖြစ်သူ ဝိသာခါဆီသို့ အညွတ်အနူး အထူးကျေးဇူးရှိသော မျက်လုံးများဖြင့် ကြည့်လျက် ပြောလေသည်။

**"ချစ်သမီးဟာ ဒီနေ့ကအစပြုပြီး ငါ့ရဲ့ မိခင်ပါပေ"**

www.foreverspace.com.mm



မိဂါရသူဌေး၏ မယ်တော် မိဂါရသူဌေး၏ မိခင် မိဂါရမာတာ။

* * *

## ဝိသာခါ၏အလှ

ရန်သူကို မိတ်ဆွေအဖြစ်သို့ ပြောင်းလဲပစ်နိုင်သော စွမ်းရည်မျိုးကိုလည်း တွေ့ရတတ်ပါသည်။ မိုက်မဲသူကို လိမ္မာသူအဖြစ်သို့ ပြောင်းလဲပစ်နိုင်သော စွမ်းရည်မျိုးကိုလည်း တွေ့ရတတ်ပါသည်။ ပလွှားသူကို ကျိုးနွံသူအဖြစ်သို့၊ ခက်ထန်သူကို နူးညံ့သူအဖြစ်သို့၊ အမုန်းဖွဲ့သူကို တောင်းပန်သူအဖြစ်သို့.... စသည်ဖြင့် ပြောင်းလဲပစ်နိုင်သော စွမ်းရည်မျိုးများကို အခါအားလျော်စွာ တွေ့ရတတ်ပါသည်။

ယခုမူ သားနှင့်စပ်သဖြင့် ချွေးမ (သမီး) တော်စပ်သူအား 'မိခင်ပါပေ' ဟူ၍ အမေအရာထားလိုက်သည်အထိ ပြောင်းလဲပစ်နိုင်စွမ်းသော အရည်အသွေးသည်ကား ရှားရှားပါးပါး ဖြစ်တောင့်ဖြစ်ခဲ.... ဟု ဆိုရပါမည်။

မိဂါရသူဌေးကြီးသည် မိမိ၏ အသက်၊ မိမိ၏ အရွယ်ကို မိမိထက် များစွာငယ်သော ချွေးမ၏ခြေရင်းသို့ ပစ်ချလိုက်သည်။ အသက်အရွယ်ကြီးရင့်ခြင်းနှင့် အသိဉာဏ် ပြည့်ဝခြင်းတို့သည် အချိုးကျမျှင်းညီများ မဟုတ်ကြောင်း၊ သူဌေးကြီး သဘောပေါက်သွားသည်။ တက္ကတွန်းဆရာတို့ကို ကျောခိုင်းလိုက်ကာ



www.foreverspace.com.mm



ဗုဒ္ဓမြတ်စွာဘက်သို့ မျက်နှာမူလိုက်သည့် မိဂါရ သူဌေးကြီးသည်လည်း သဘောကျဖွယ်ဖြစ်၏။ အမှားကို အမှားမှန်း သိလိုက်ပြီးသည့်အခါ.... အနည်းနှင့်အများ တွေဝေယိမ်းယိုင် တတ်ကြပါသေးသည်။ တစ်လျှောက်လုံးလုံး ဖက်တွယ်ထားခဲ့သော အမှားကို အမှားဟု သိလျက်နှင့်ပင် အစွဲမကျွတ်ချင်တတ်ကြပါ။ အမှားကို 'အားနာ' နေမိတတ်ကြပါသည်။ အမှားကို 'ထားခဲ့ရမှာ' နှမြောနေမိတတ်ကြပါသည်။ မိဂါရသူဌေးကား ထိုသို့မဟုတ်သူသည် တက္ကတွန်းဆရာတို့ကို လုံးလုံးကြီး ယုံမှတ်ပုံအပ်ခဲ့သူဖြစ်ခဲ့သည်။ ရဟန်းဆွမ်းရပ်သည်ကိုပင် မမြင်ယောင် မကြားယောင်ပြုသည်အထိ ရတနာသုံးပါးနှင့်ဝေးသူ ဖြစ်လေသည်။ သို့သော် (သူ၏ ဥပနိဿယကလည်း အထောက်အပံ့ပြုပြီးဖြစ်သဖြင့်) ဗုဒ္ဓ၏ဒေသနာအဆုံး သောတာပတ္တိဖိုလ်သို့ ဆိုက်ပြီးချိန်မှစ၍ သူ့ဘဝမှာ ရုတ်တရက်ကြီး ပြောင်းသွားခဲ့သည်။ ဘဝဖြစ်တည်ရှင်သန်မှုတစ်ခု ပြောင်းသွားသည်ဆိုခြင်းမှာ အယူအဆ၊ အတွေးအခေါ်၊ အသိဉာဏ်၊ ယုံကြည်မှုတို့ ပြောင်းခြင်းပင်ဖြစ်သည်။

မိဂါရသူဌေးကြီးသည် ထိုသို့ အပြောင်းကြီးပြောင်းသွားခဲ့သူ ဖြစ်သည်။ ထို့ကြောင့် သူ အစဉ်တစိုက် ခိုအောင်းခဲ့သော 'အမှားတွင်း' ထဲမှ လွတ်လွတ်ကျွတ်ကျွတ် ခုန်ထွက်လွတ်မြောက်ခဲ့သည်။ အမှားကို သူ အားမနာတော့။ အစွဲအငွေ့ မထားတော့။

တကယ်တော့ ဗုဒ္ဓဒေသနာ နိဂုံးအဆုံး၊ သောတာပန်

www.foreverspace.com.mm



အရိယာ ဖြစ်သွားပြီးပြီ ဆိုသည်နှင့် သူဌေးကြီး၏ အခန်းကဏ္ဍမှာ ပြီးဆုံးခဲ့ပြီ ဖြစ်လေသည်။ ဘုရားတရားသံဃာအား ကိုးကွယ်ဆည်းကပ်ရာဟူ၍ မှတ်ယူပါ၏ ဟူ၍ သရဏဂုံကို သူ ရွတ်ဆိုလိုက်လျှင်ပင် သူ့ဘက်က ပြီးသွားခဲ့ပြီ။ သို့သော် သူ မပြီးပါ။

“ချစ်သမီးဟာ ဒီကနေ့ကအစပြုပြီး ငါ့မိခင်ပါပေ” ဟု သူကြွေးကြော်သည်။ သမီးချွေးမအား မိခင်အရာထားလိုက်သည်။ ဝိသာခါအား ‘မိဂါရမာတာ’ ဖြစ်စေလိုက်သည်။ ဤကား မိဂါရသူဌေးကြီးအနေနှင့် ‘အထိပ်’ တွင် ‘အထွတ်’ တင်လိုက်ခြင်းပင် ဖြစ်သည်။ ဤအခြင်းအရာအတွက် သူဌေးကြီးအား လှိုက်လှဲစွာ ချီးကျူးမိပါသည်။

လှပ၍ အံ့သြဖွယ်ဖြစ်သော ဤအကွက်ကို ကြည့်ရှုနေရင်းမှာပင် ကျွန်တော်သည် သူဌေးကြီး၏ ရုပ်ပုံဆီမှ ဝိသာခါ၏ ရုပ်ပုံဆီသို့ ရွေ့ကြည့်မိပါသည်။ ‘မိဂါရမာတာ’ ဟူသော ဝိသေသကို ဘာတွေက ရရှိစေပါသလဲ။ ယောက္ခမကြီးနှုတ်မှ (မြတ်စွာဘုရား ရှေ့တော်မှောက်မှာပင်) သင်သည် ငါ၏ မိခင်ပါပေဟု ထုတ်ဖော်ကြွေးကြော် ဖြစ်စေလောက်အောင် ဝိသာခါ ဘယ်သို့ လုပ်လိုက်ပါသလဲ။ ဝိသာခါ၏ စွမ်းဆောင်ရည်က ဘာပါလဲ။

* * *

ဝိသာခါ၏ စွမ်းဆောင်းရည်က ဘာပါလဲ။

ဦးဆုံးတွေ့လိုက်ရသည့်အချက်မှာ နှစ်သက်လေးစားဖွယ်



www.foreverspace.com.mm



ပင် ဖြစ်၏။

အံ့သြဖွယ်ဟုလည်း ပြောနိုင်ပါသည်။ အဲဒါကတော့...

‘မိဂါရမာတာ’ ဘွဲ့နာမကို ရရှိဖို့ ဝိသာခါ ‘မကြိုးစားခြင်း’ ဘဲ ဖြစ်လေသည်။ ရဖို့မကြိုးစားဘဲ ရလိုက်သောဘွဲ့ ဖြစ်လေသည်။ ဘုရားရှင် လက်ထက်တော်က ဧတဒဂ် အပါအဝင် ဘွဲ့မည်ရည်များရရှိကြသော ရဟန်း၊ လူယောကျ်ား၊ လူမိန်းမများကို ကြည့်လိုက်တော့လည်း ထိုနည်းတူပင် ဖြစ်ကြပေသည်။ မြတ်စွာဘုရားထံမှ နှင်းအပ်ချီးမြှောက်သော ထိုသို့ဘွဲ့ကို ရလို၍ ထိုပုဂ္ဂိုလ်များ ကြိုးစားခဲ့ကြခြင်း မဟုတ်ပါ။ (ရှေးရှေးဘဝ ဘဝများက စိတ်ညွတ်ဆုတောင်း ဆုပန်ဖြစ်ခဲ့သည်များတော့ ရှိပါသည်) ဝိသာခါလည်း ထိုနှယ်အတူ ဖြစ်၏။

ယောက္ခမက အမေအခေါ်ခံရဖို့ ဝိသာခါ မရည်ရွယ်ခဲ့။ မျှော်မှန်းချက်မထားခဲ့။ ဝိသာခါသည် သူလုပ်စရာရှိသည်များကိုသာ လုပ်သွားခဲ့ခြင်းဖြစ်လေသည်။ ရတနာသုံးပါး၌ မလှုပ်မရွေ့ အစွဲအမြဲတည်ခြင်း၊ ရတနာသုံးပါး၌ ဆည်းကပ်ပူဇော်ရေးအား အဟန့်အတားဖြစ်စေသည့် အရာမှန်သမျှကို နည်းမှန် လမ်းမှန် ဆန့်ကျင်ခြင်း၊ မိမိရသင့်ရထိုက်သော အခွင့်အရေးများ မိမိလက်ထဲရောက်ရှိဖို့ တည်ငြိမ်စွာ ကြိုးစားခြင်းတို့သာလျှင် ဝိသာခါ၏ အလုပ်များ ဖြစ်ပါသည်။

အယူလွဲသော၊ နေမာန်၊ ဥစ္စာမာန်တို့ဖြင့် ပလွှားသော၊ အယူမှားဆရာတို့ကိုအား ယုံကြည်ဆည်းကပ်သော၊ လွဲချော်

www.foreverspace.com.mm



သော ကောက်ယူချက်များဖြင့် မိမိကို တစ်ဆင့်ပြီးတစ်ဆင့် တိုက်ခိုက်သော.... မိဂါရသူဌေးကြီး ကို ဖိနှိပ်ဖို့၊ ချိုးနှိမ်ဖို့၊ အရှက်တကွဲအကျိုးနည်းဖြစ်စေဖို့.... ဝိသာခါ မလုပ်ခဲ့ပါ။

ဝိသာခါလုပ်သည့် အလုပ်များက သူ့ လမ်းကြောင်းပေါ်သူ တည့်မတ်စွာတည်ရင်း ရှေ့ဆက်လျှောက်သွားတာပဲ ဖြစ်၏။ သာဝတ္ထိ စရောက်သည့်နေ့၊ သူ့ဆီရောက်လာသော လက်ဆောင်ပဏ္ဏာတွေကို ထိုက်ရာထိုက်ရာ ပြန်ခွဲဝေပေးသော ဒါနသဂ်ဟအမှုမှအစ၊ အာဇာနည်မြည်းမ မီးဖွားဖို့ကိစ္စ၊ ယောက္ခမ၏ စွပ်စွဲချက်များကို ရှင်းလင်းထုချေခြင်း အလယ်၊ မြတ်စွာဘုရားအား ပင့်ဖိတ်လှူဒါန်းကာ ယောက္ခမကြီးကို တရားနာဖိတ်ခြင်းအဆုံး....၊ ဝိသာခါသည် သူလုပ်စရာရှိတာတွေကိုလဲ လုပ်သွားတာဖြစ်လေသည်။

အယူလွဲသော ယောက္ခမကြီး အရှုံးပေးလက်နက်ချ၍ သူ့ထံ 'ယို့' လာစေဖို့၊ ဝိသာခါ အားမထုတ်ခဲ့ဘူးဆိုတာ တွေ့လိုက်ရပါသည်။

သူ လုပ်စရာရှိသည့်အလုပ်တွေ လုပ်ရာမှာတော့၊ ဝိသာခါသည် သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာ.... စသည်များကို ချိန်ညှိလုပ်ဆောင်သွားနိုင်ခဲ့ပေသည်။

လိုအပ်တိုင်း လိုအပ်တိုင်း မိမိဘက်မှ အမှန်ဖြစ်ကြောင်းယောက္ခမသူဌေးကြီး မှားနေကြောင်းကိုတော့ ဝိသာခါ ထုတ်ဖော်ပြခဲ့သည်။ သို့သော် အဲဒါတွေကလည်း မိဂါရကို ပုဂ္ဂိုလ်အရ



www.foreverspace.com.mm



တိုက်ခိုက်သည်မဟုတ်ပါ။ တရားကိုယ်အရသာ ဆန့်ကျင်ခဲ့ခြင်းဖြစ်ပါသည်။ တရားကိုယ်သဘောကို မမြင်ဘဲ၊ ပုဂ္ဂိုလ်ရေးအရတိုက်ခိုက်ခဲ့သူမှာ မိဂါရသူဌေးကြီးသာဖြစ်သည်။ 'အမှန်သမား' များသည် မကောင်းသူကို မတိုက်ခိုက်ပါ။ မကောင်းမှုကိုသာတိုက်ခိုက်ကြသည်။ တစ်ဖက်မှ ပြန်ကြည့်တော့လည်း ရှင်းရှင်းလေးပါပဲ။ 'အမှားသမား' များက ကောင်းသူကို တိုက်ခိုက်ရင်းကောင်းမှုကိုပါ ပုတ်ခတ်ကြလေသည်။

မိဂါရမာတာ ဝိသေသဘွဲ့ကို ဝိသာခါ ရရှိခဲ့ခြင်းသည် သူ့ဘာသာသူ ဖန်တီးပြုလုပ်၍ သူ့ဦးခေါင်းပေါ်သို့ သရဖူဆောင်းယူလိုက်ခြင်းမဟုတ်၊ တစ်ပါးသူက (ဆန့်ကျင်ခဲ့သူက) ညွတ်နူးကြည်သာစွာ၊ ဖန်တီးပြုလုပ်၍ ဦးခေါင်းပေါ် ဆင်ပေးလိုက်ခြင်းသာ ဖြစ်သည်။

မိဂါရမာတာဆိုသည့် ဘွဲ့ကကော၊ ဘွဲ့ထူးဂုဏ်ထူး၊ ဘွဲ့မည်နာမတို့ ထုံးစံ၊ သူ့နှင့်တကွ ဩဇာ၊ တိက္ကမ၊ ငွေကြေးစနစ်တွေကို သယ်ဆောင်လာပါသလား။ မဟုတ်ပါ။ မိဂါရမာတာဘွဲ့သည် ရွေ့ပြားခတ်ထားသည့် နဖူးသင်းကျစ်တန်ဆာ အက္ခရာများ မဟုတ်ပါ။ စလွယ်သွယ်ပြောင်း ဘောင်းနားရွှေခင်းလည်းမဟုတ်ပါ။

"ချစ်သမီးကား ငါ၏ မိခင်ပါပေ" ဟူ၍ သူဌေးကြီး နှုတ်မှထွက်သော စကားလုံးများသာ ဖြစ်သည်။

သို့သော် ထိုစကားလုံး (ဘွဲ့) သည် ကြီးကျယ်သော

www.foreverspace.com.mm



သင်္ကေတဖြစ်သည်။ ထိုသင်္ကေတက ဘာကို သယ်ဆောင်ပါသလဲ၊ ဘာကို ကိုယ်စားပြုပါသလဲ ရှင်းပါသည်။ အမှားကို အမှန်က အောင်မြင်ခြင်း၊ အမှန်၏ အောင်ပွဲ။ သူ့နောက်ဆက်တွဲ အကျိုးတရားတွေကကော....။

ဘုရားတရားကို နာကြားအပြီး၊ သောတာပန် အရိယာ ဖြစ်သွားသည့် သူဌေးကြီးသည် ချွေးမကို မိခင်အရာ၌ ထားပြီး နောက် ဘုရား၏ ခြေတော်အစုံကို ဆုပ်နယ်လျက် ဦးတိုက်လျက် လျှောက်ထားသော စကားကို နားထောင်ကြည့်ပါ။

"အရှင်ဘုရား၊ တပည့်တော် မိဂါရပါဘုရား....၊ မိဂါရပါ ဘုရား....၊ မိဂါရပါဘုရား...." ဟု သုံးကြိမ်တိုင် အမည်ကို ထုတ်ဖော်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ တပည့်တော်သည် လွန်ခဲ့ပြီးသော ကာလပတ်လုံး (တစ်သက်လုံးလုံး) အဘယ်မည်သော အလှူခံပုဂ္ဂိုလ်၌ လှူအပ်သော အလှူသည် အကျိုး ကြီးမြတ်၏ဟု မသိခဲ့ပါဘူးဘုရား၊ ယခုမှ (ချွေးမကို အမှီပြု၍) သိပါပြီဘုရား၊ အလုံးစုံသော အပါယ်ဆင်းရဲတို့မှ လည်း လွတ်မြောက်ရပါပြီဘုရား၊ တပည့်တော်၏အိမ်သို့ ချွေးမ ဝိသာခါ (ယခုအခါ တပည့်တော်၏မိခင် မိဂါရမာတာ) ရောက်လာသည်ကား တပည့်တော်၏ အလုံးစုံသော အကျိုးစီးပွား ချမ်းသာဖြစ်ဖို့ရန် ရောက်လာခြင်း ဖြစ်ပါတော့သည်ဘုရား...."

(သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ သဟပ္ဖလံ။

အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ဃရမာဂတာ။)



www.foreverspace.com.mm



နောက်တစ်နေ့မှာလည်း ဝိသာခါသည် မြတ်စွာဘုရားကို ပင့်ဖိတ်ပြန်သည်။ ထိုနေ့တွင် မိဂါရသူဌေးကြီးကတော် ဝိသာခါ၏ ယောက္ခမ မိန်းမကြီးလည်း သောတာပတ္တိဖိုလ်သို့ ဆိုက်ခဲ့ပြန်သည်။ ထိုအချိန်မှစ၍ မိဂါရသူဌေးကြီး၏ အိမ်သည် ဘုရားမြတ်စွာ သာသနာအတွက် တံခါးဟင်းလင်းဖွင့်ပြီးသား ဖြစ်သွားလေသည်။ တက္ကတွန်းတို့အဖို့တော့ နေလာ နှင်းပျောက်။

မိမိကိုယ်မိမိ အောင်နိုင်ခြင်း ပြီးသည့်နောက်တွင် အကြီးဆုံးဟု ဆိုရမည့် အောင်ပွဲမျိုးမှာ တိမ်းနေသောသူအား တည့်အောင်၊ ကောက်နေသူအား ဖြောင့်အောင်၊ မှားနေသူအား မှန်အောင်၊ လုပ်ခြင်းပင် ဖြစ်၏။ ဤအခြင်းအရာသည် အမှောင်မှသည် အလင်းသို့၊ အကျမှသည် အတက်သို့၊ အရှုပ်မှသည် အရှင်း ထုတ်ယူကယ်တင်ပို့ဆောင်ခြင်းလည်း ဖြစ်သည်။ ဝိသာခါရသော အောင်ပွဲကား ဤအောင်ပွဲပါပေ။

* * *

ဝိသာခါ၏ အတ္ထုပ္ပတ္တိကို ရှေ့ဆက်ကြည့်သောအခါ ကြည်နူးအံ့သြစရာ (သာဓုခေါ်စရာ) အများအပြားကို တွေ့ရပါသေးသည်။

ယောက္ခမသူဌေးကြီးက အဖိုးတစ်သိန်းထိုက်သော ဃနမဋ္ဌက အဆင်တန်ဆာ ဝတ်စုံပြုလုပ်၍ ဝိသာခါအား ဂုဏ်ပြုပေးအပ်ခြင်း။

www.foreverspace.com.mm



မြတ်စွာဘုရားထံမှ ဝိသာခါ ဆုရှစ်ပါးရရှိခြင်း။

(၁။ သံဃာအား အသက်ထက်ဆုံး မိုးရေခံသင်္ကန်း လှူဒါန်းခွင့်ရခြင်း၊ ၂။ အာဂန္တုရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့် ရခြင်း၊ ၃။ ခရီးသွား ရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊ ၄။ သူနာရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊ ၅။ သူနာပြု ရဟန်းတို့အား ဆွမ်းလှူဒါန်းခွင့်ရခြင်း၊ ၆။ သူနာရဟန်းတို့အား ဆေးလှူဒါန်းခွင့်ရခြင်း၊ ၇။ အမြဲ ယာဂုလှူဒါန်းခွင့်ရခြင်း၊ ၈။ ဘိက္ခုနီ သံဃာအား ရေ/ သနုတ်သင်္ကန်း လှူဒါန်းခွင့်ရခြင်း)

- သားတစ်ကျိပ်၊ သမီးတစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်တို့ ပွားစည်းခြင်း။
- အသက် ၁၂၀ ရှည်သည်အထိ ဆံဖြူတစ်ပင်မှမပေါက်၊ အမြဲတစေ ၁၆ နှစ် အရွယ်ကဲ့သို့ ပျိုနုနေခြင်း။
- ဣရိယာပုထ်တိုင်းတွင် တင့်တယ်ခြင်း။
- မဟာလတာတန်ဆာကို မိမိကိုယ်တိုင် ကိုးကုဋေ တစ်သိန်းအသပြာဖြင့် ဈေးဖြတ် ပြန်လည်ဝယ်ယူကာ သာဝတ္ထိမြို့ အရှေ့တံခါးအနီး၌ မြေနေရာ ဝယ်ယူကာ နောက်ထပ် ကိုးကုဋေ အသပြာဖြင့် ပုဗ္ဗာရုံကျောင်းဆောက်၍ လှူဒါန်းခြင်း၊ ကျောင်းရေစက်ချပွဲကို လေးလတိုင် ကျင်းပခြင်း။ (နိုင်ငံတော်ဗုဒ္ဓသာသနာ၊ မဟာဗုဒ္ဓဝင် ဆဋ္ဌမတွဲ ဒုတိယပိုင်း၊ စာ ၂၇၈-၂၉၄ တွင် အကျယ်ဖတ်ရှုနိုင်ပါသည်။)
- များပြားလှစွာသော သံဃာတို့အား အာဂန္တုဆွမ်း၊ ခရီးသွား ဆွမ်း၊ ဆေး၊ အဖျော်များ မပြတ်လှူဒါန်းခြင်း။
- လှူဒါန်းရခြင်းနှင့် မွေ့လျော်သောအရာ (ဒါယိက) ဝယ်၊ အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ဘွဲ့ကို မြတ်စွာဘုရားထံမှ ရရှိခြင်း.....။



www.foreverspace.com.mm



ဝိသာခါ၏ ထိုဂုဏ်သတင်းများကို တွေ့ရသောအခါ ကြီးကျယ် ခမ်းနားလှပါပေသည်တကားဟူ၍ ဝမ်းမြောက်ကြည်နူးရှိရပါသည်။

သို့သော် (မိမိ၏ သဒ္ဓါ၊ အင်တင်နာကပဲ ဖမ်းယူနိုင်စွမ်းအား နည်း၍လားတော့ မသိပါ) ဝိသာခါ၏ရုပ်ပုံကို မြင်ကြည့်လိုက်ရာ၌ ဆိုခဲ့ပြီးသော ကြီးကျယ်ခမ်းနားမှုများက အရေးအကြောင်း အရောင်လှိုင်း သိပ်ကြီး ထင်းထင်းပြက်ပြက် မပေါ်ပါ။

ဝိသာခါနှင့်ပတ်သက်၍ အရုပ်အပြတ်ဆုံး၊ အသံအပြီဆုံး ပေါ်လာခဲ့သည့် ရုပ်ပုံက မိဂါရမာတာအတွက်ပင် ဖြစ်နေတော့သည်။ ထိုစွမ်းဆောင်ရည်အား ဦးညွှတ်လိုက်ရခြင်းဖြင့်ပင် မိမိကိုယ်မိမိ ကျေနပ်သွားတော့သည်။ ပုဗ္ဗာရုံ ကျောင်းအမကြီးဆိုသော ဂုဏ်ပုဒ်သည် ကြီးကျယ်လှပါပေသည်။ မိမိအတွက်မူ 'မိဂါရမာတာ' က ပို 'လှ' နေလေသည်။

www.foreverspace.com.mm

# သီတာဒေဝီ၏ အခန်းကဏ္ဍနှင့် သဘောထားရပ်တည်ချက်

www.foreverspace.com.mm

"....ရွှေသမင်ယောင်၊ ပရိယာယ် ကြံဆောင်သည့်အရာကို၊ ပူဆာတစ်ခု၊ လိုချင်သည့်အမှုကြောင့်၊ ရှုမျှော်စိတ်တွင်၊ ဆင်ခြင်မဲ့ငြား၊ အလိုက်မှား၍၊ သီတာမိဖုရားကို၊ ဒသဂီရိ၊ မသိတရား၊ ခိုးယူသွား၍၊ မယားတစ်ယောက်ကြောင့်၊ မဖြောင့်အိပ်စက်၊ ဆင်းရဲနက်နှင့် သို့ဘက်မကွာ၊ ဒသဂီရိကို တိုက်၍ အောင်မြင်ပါသည်။ သီတာမိဖုရားမှာ၊ ဒသဂီရိလက်ဝယ်၊ နေ့ရက်မြင့်ရှည်၊ ဆယ်လလုံးလုံးပင် ရှိလေသည်။ ယုံကြည်စရာ၊ မရှိပါပြီ၊ သီတာဒေဝီကို၊ ကျွန်ုပ်မိဖုရား မလုပ်လိုပါ၊ နေရာဌာန၊ မိဘရွာပြည်၊ ပြန်လိုလျှင်လည်း ပြန်လေတော့၊ မဖောက်မှန်စွာ၊ ပြည်လကာ်၌၊ မြစ်စွာသို့ပင်၊ နေလိုလျှင်လည်း နေရစ်တော့...."

(ရာမမင်း)

နေမျိုးနာဋကကျော်ခေါင်ရေး၊ ရာမပြဇာတ်တော်ကြီး။

တတိယတွဲ စာ ၁၄၅

(တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာန ၂၀၀၂)

ပုဂံစာအုပ်တိုက်

www.foreverspace.com.mm



အထက်ပါ ရာမမင်း၏ စကားလက်ာကို စကားပြေပြန်ဖို့ မလိုဟု ထင်ပါသည်။ ရာမမင်း ထိုလက်ာရွတ်ချိန် (စကားပြောချိန်) နောက်ခံအခင်းအကျင်းက ဤသို့ဖြစ်သည်။ စီးချင်းတိုက်ပွဲ၌ ဒသဂီရိ ကျဆုံးခဲ့ပြီးပြီ။ လက်ာကျွန်းကို ရာမမင်း၊ လက္ခဏာမင်းသားတို့ ဦးဆောင်သော မျောက်တပ်ကြီးက အနိုင်ရ စီးနင်းခဲ့ပြီးပြီ။ ဒသဂီရိကိုယ်တိုင်သာမက သူ၏ညီတော်၊ သားတော်စသည့် အင်အားတန်ခိုးကြီး ဘီလူးများလည်း ကျဆုံးသွားကြပြီ။ ရန်အပေါင်းကို အောင်မြင်ပြီးနောက် သီတာဒေဝီကို အကျဉ်းကျခံနေရသောနေရာမှ၊ ဝိဘီသန (ဘိဘိသန) ကိုယ်တိုင် ရာမမင်း အမိန့်ဖြင့် ခေါ်ယူလာခဲ့ပြီးလည်း ဖြစ်သည်။ ရှေ့တော်မှောက်သို့ သီတာရောက်လာသည်နှင့် ရာမမင်း မဆိုင်းမတွ ပြောလိုက်သော စကားမှာ အထက်ပါအတိုင်း ဖြစ်လေသည်။

ရာမမင်း ထိုသို့ဆိုလိုက်သည်နှင့် "ဗိုလ်မှူး၊ ရဲမက်၊ လက်နက်ကိုင်တို့ အုအုသောင်းသောင်း၊ နလုံးလှိုက်လှဲ၊ ကြေကွဲလွမ်းဆွတ်၊ မျက်နှာနွမ်းလျ၊ ရှိကြသောဟူ၏။ ထိုအချိန်တွင် သီတာမိဖုရား မည်သို့ဆိုပါသနည်း"

အထက်အညွှန်းပါ စာအုပ်စာမျက်နှာမှပင် ကောက်နုတ်ဖော်ပြပါမည်။

"…. ရှည်လျားမာသ ဆယ်လတိုင်တိုင် ကြာလေသော်လည်း၊ စောင့်စည်းသစ္စာ၊ သေချာမြဲချက်၊ ဒသဂီရိ၊ အကြိမ်ကြိမ်ထွက်၍ ဖျောင်းဖျသော်လည်း၊ ကျွန်တော်မ အသက်ကို စွန့်ပါတော့သည်။ မကြည်မလင်၊ မရှင်မပျ၊ နေရသည်သာ ထွင်ရှ ထိပ်ချာလည်း၊ ဗျာပါစိုးနှောင့် ကျွန်မကြောင့်ပင်၊ မဖြောင့်စက်တော်၊ ရှင်ပျော်မလန်း၊ ပင်ပန်းအကြံ၊ ဆင်းရဲခံ၍၊ ဘီလူးနိုင်ငံအလုံး၊ သိမ်းကျုံးပြီးတိုင်၊ နိုင်တော်မူမှ၊ ကျွန်တော်မကို၊ စိတ်ကမကြည်၊ ရှိလေသည်မှာ၊ မြဲတည်မှန်ပင်၊ စွန့်ပစ်ချင်သော်လည်း၊ ဆေးစင် သစ္စာ၊ တော်ဖြောင့်သည့်အရာကို၊ သိတော်မူသာအောင် မီးပုံမှာဆင်း၍ ကိုယ်ကို သန့်ရှင်းပါရစေဘုရား"

ရာမယဏအကဏ္ဍာတ်၊ ဆို ငိုပြော ဇာတ်များ ခင်းကျင်းတင်ဆက်ကြသည့်အခါ ဤအခန်းကို သီတာဒေဝီ မီးပုံးဆင်းသစ္စာဆိုခန်းဟု အမည်တပ်ကြသည်။ သီတာ၏ သစ္စာတန်ခိုးကြောင့် မီးကူးမလောင်ကျွမ်း၊ မီးတောက်များသည်လည်း ပကတိကြာပန်းများနှယ်ရှိကာ၊ 'သစ္စာမြောက်' ကြောင်း တင်ဆက်ကပြကြသည်။

မီးလျှံတို့ ကြာအဖြစ် ပြောင်းလဲသွားသည့်အခါမှ ရာမမင်းသည် သီတာကို တောင်းပန်ကာ ရွေလက်ကမ်းသည်။ ထိုအချိန်ဝယ် သီတာဒေဝီ မည်သို့ရှိလေမည်နည်း။

* * *

ရာမယဏကို စာပေအားဖြင့်၊ စင်တင်ဇာတ်ထုပ်အားဖြင့် အကြောင်းအမျိုးမျိုးအရ မိမိသည် လက်ပွန်းတတီးရှိလာခဲ့ရာတွင် စိတ်ဝင် စားဖွယ်၊ ဝိဝါဒများ၊ မူကွဲများကို တွေ့ရှိလာရလေ




ပုဂံစာအုပ်တိုက်

သည်။ တစ်ချိန် တည်းမှာပင် ရာမယဏာ၏ အဓိကဇာတ်ဆောင် များဖြစ်သော ရာမ၊ လက္ခဏ၊ သီတာတို့ သုံးဦး၏ စရိုက်လက္ခဏာ (Characters) များကို နီးနီးကပ်ကပ် မြင်ခွင့်ရခဲ့ရာ အံ့သြစရာ၊ ဘဝင် မကျစရာများကိုလည်း တွေ့လာရတော့သည်။ (သီတာမင်းသမီး ကြင်ရာရွေးချယ်ပွဲ၊ လေးတင်ပွဲမှာပင် မူကွဲများ တွေ့ရသည်။ ဤအကြောင်းကို နောင်အခါ သီးသန့်တင်ပြရန် စိတ်ကူးရှိပါ သည်)

ယခုအခါ ရာမယဏဇာတ်ထွက်၊ အခြားဇာတ်ဆောင်များ၊ ဇာတ်ကွက်များ၊ ဖြစ်ရပ်များကို အပထားလျက်၊ သီတာ၏ အခန်းကဏ္ဍကိုသာ တင်ပြဆွေးနွေးပါမည်။



# ၁

၁၉၄၅ တွင် လန်ဒန်မြို့၊ ဗားနဒ်လမ်းနေ ဦးတက်ထွတ်သည် မဟာရာမဝတ္ထု ပေမူတစ်ခုမှ လက်ရေးမူအဖြစ် ကူးယူခဲ့သည်။ ယင်းမူကို ဆရာ ဦးသိန်းဟန် (ဇော်ဂျီ)ထံ အပ်နှံခဲ့သည်။ ဦးတက်ထွတ်သည် (၁၉၄၅ – ၁၉၄၉) အထိ ၄ နှစ်တိုင် ပေမူမှ ကူးယူခဲ့ သည်။ မူလပြုစုသူအမည် မပါပါ။ ကုန်းဘောင်ခေတ် ပညာရှင် တစ်ဦး ပြုစုခဲ့သည်ဟုသာ မှန်းဆရသည်။ မြန်မာနိုင်ငံ သုတေ သနအသင်း၏ တာဝန်ပေးချက်အရ ယင်းမူကို ဦးမောင်မောင်ကြီးက တည်းဖြတ်ခဲ့သည်။ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှ တက္ကသိုလ်ပို့ချစာစဉ်အဖြစ်၊ 'မဟာရာမဝတ္ထု' အမည်ပေးကာ ပုံနှိပ်ပြဌာန်းခဲ့သည်။ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာန၊ ဒုတိယနှစ် အထူးပြုစာအုပ် ဖြစ်ခဲ့



www.foreverspace.com.mm

www.foreverspace.com.mm



သည်။ ယခု.... ထို မဟာရာမဝတ္ထုမှတွင်လာသော သီတာ၏ မူလအစကို ဖော်ပြပါ မည်။ (ဝတ္ထုမူရင်းအတိုင်း ဖော်ပြလျှင် စာရှည်မည်ဖြစ်၍ စကား အသုံးဖလှယ်ကာ ဖော်ပြပါမည်။)

ဒသဂီရိဘီလူးမင်းသည် ထိုအချိန်၌ လင်္ကာဒီပအရှင်သခင် ဖြစ်နေပါပြီ။ မိဖုရားမန္ဒောဒရီမှ သားတော် မေဃနာဒကို ဖွားမြင်ပြီးခဲ့ပြီဖြစ်သည်။ အသူရာနတ်မင်းတို့ဘက်မှနေ၍ စစ်ကူကာ၊ သိကြားမင်းကို အောင်မြင်ခဲ့ပြီးလည်း ဖြစ်သည်။ ထို့မှသာမက ဒသဂီရိသည် မင်းကျင့်တရား ချွတ်ယွင်းလျက် သေရည်သောက်ခြင်း၊ တစ်ပါးသူတို့စည်းစိမ်ကို ဖျက်ဆီး အနိုင်အထက်ယူခြင်း စသည့် မတရားသောအမှုများကို ကျူးလွန်နေသည်ဟု ဆိုပါသည်။

ဒသဂီရိသည် လပြည့်၊ လကွယ်နေ့တိုင်း လေယာဉ်ရထား စီးကာ ဟိမဝန္တာကို လှည့်သည်။ တစ်ခုသော လပြည့်တွင် လေယာဉ်ရထားစီး၍ ဟိမဝန္တာ၊ ကေလာသဘတောင်သို့ ရောက်သည်။ ကေလာသဘတောင်တွင် 'ဂန္ဓဗ္ဗနတ်သမီး' သည် သီလဆောက်တည်နေထိုင်လျက် အသက်ကိုသာ စွန့်အံ့၊ သီလကို မဖျက်ပြီဟု ဓိဋ္ဌာန် သစ္စာပြုနေသည်။

ဒသဂီရိက နတ်သမီးကို တပ်မက်ကာ အနီးသို့ချဉ်းသည်။ ကောင်းကင်အထက်သို့ နတ်သမီး ပျံတက်ရာ၊ ဒသဂီရိက လေယာဉ်ရထားဖြင့် လိုက်သည်။

နတ်သမီး ။ ။ ဟယ်.... ဘီလူး၊ ငါ့ကိုလွှတ်၊ ငါ့သီလကို



www.foreverspace.com.mm



မဖျက်ဆီးနှင့်။

ဒသဂီရိ ။ ။ သင့်သီလကို မဖျက်ပါ။ စုံမက်ချစ်ခင်လျက် သိမ်းပိုက်ချွန်းဝယ်၊ မိဖုရားတောင်ညာ တင်လို၍သာ ဖြစ်သည်။ ငါ့အား မြတ်နိုးပါ။

(အလိုမတူဘဲလျက် အနိုင်အထက် သီလဖျက်သည်။)

နတ်သမီး ။ ။ ဒုသီလ၊ မိစ္ဆာစိတ်ဘီလူး၊ ငါအလိုမရှိဘဲ၊ ငါ၏ မြတ်သီလကို သင်ဖျက်သည်။ သင်၏ ဦးခေါင်းဆယ်လုံးသည် ထန်းသီးခိုင်ကို ဓားဖြင့် ပိုင်းခုတ်ဘိသို့ ကြွေကျသည် ဖြစ်စေသောဝ် အသင့်ကိုနှိမ်နင်းနိုင်သည့် ယောကျ်ားမြတ်အား ပေါင်းရသည် ဖြစ်စေသောဝ်။

(နတ်သမီးဆက်၍ သစ္စာဆိုသည်။)

"ငါ၏သီလ မြတ်သည်မှန်လျှင် ယခုကျိန်ဆဲသည့်အတိုင်း ဒသဂီရိအား ဖြစ်မည်မှန်လျှင်၊ လေယာဉ်ရထားသည် မြေသို့ သက်လျှောပါစေ။ ထိုကျသည့်အရပ်၌ မီးပုံကြီးစွာ ပေါက်ပါစေသတည်း။ (နတ်သမီး ဓိဋ္ဌာန်သစ္စာအတိုင်းဖြစ်သည်။ နတ်သမီးလည်း မီးပုံဆင်း၍ သေသည်။)

ဒသဂီရိ ။ ။ (လွန်စွာထိတ်လန့်၍)၊ ရေရွတ်ကျိန်ဆဲ၍ သစ္စာပြုသောစကားသည် ချွတ်ယွင်းသည်မရှိ၊ မှန်အံ့သော လက္ခဏာရှိသည်။ ဘီလူးအမတ်တို့ ဤအရပ်ဒေသကို စောင့်ကြပ်ကြည့်ရှု တစ်စုံတစ်ခု ထင်ရှားဖြစ်ပေါ်လျှင် ငါ့ထံဆောင်ကြဉ်းခဲ့ကြ။

ပုဂံစာအုပ်တိုက်

www.foreverspace.com.mm



(အချိန်အခါတိုင်သောအခါ မီးပုံနေရာ၌ အခက်လေးဖြာနှင့် အငုံတစ်ငုံရှိသော ပဒုမ္မာကြာပင်ကြီး ပေါက်လာသည်။ ခုနစ်ရက်ရှိလျှင် အငုံကြာဝတ်ဆံအတွင်း၌ သံသေဒဗပဋိသန္ဓေစွဲကာ၊ လွန်စွာချောမောသော မိန်းမသူ ဖွားမြင်သည်။ အစောင့်ဘီလူးတို့က ထိုသံသေဒဇမင်းသမီးကို ဒသဂီရိထံ ဆောင်ကြဉ်းခဲ့ကြသည်။)

ဒသဂီရိ ။ ။ (အတွေး) (ချစ်ခင်လေးမြတ် တပ်မက်စရာ
ကောင်းလိုက်ပါဘိတော့၊ သို့သော်.... နတ်သမီးကျိန်ဆဲရေရွတ် စကားရှိချေသည်။ ဤ သတို့သမီးငယ်သည် ငါ၏ ရန်သူတည်း၊ သို့သော် မိန်းမဖြစ်သဖြင့် ငါ့ကို မဖျက်ဆီးနိုင်ရာ၊ သို့သော်.... မီးပုံဆင်းတဲ့အခါက၊ ငါ့အား နှိမ်နင်းနိုင်အံ့သူကို ပေါင်းရစေသားဟု မိဋ္ဌာန်သောသစ္စာစကား ရှိပြန်သေးသည်။ သတို့သမီးငယ်ကို ကြာရှည်ထားလျှင် ငါ့အား နှိမ်နင်းနိုင်သူနှင့်ယှဉ်၍ ရန်ပြုလိမ့်မည်။ ထား၍မသင့်....)

အမတ်တို့.... လုံခြုံစွာသော သံသေတ္တာကိုလုပ်။ သံသေတ္တာတွင် မင်းသမီးကိုထည့်ပြီးလျှင်၊ သမုဒ္ဒရာဆိပ်ကမ်းမှ မျှောလိုက်ကြ။

(သမုဒ္ဒရာအတိုင်း မျောခဲ့ပြီး၊ လှိုင်းတံပိုးပုတ်ခတ်လျက် ဇမ္ဗူဒိပ်ကျွန်း၊ မိတ္ထီလာပြည်အနီး၊ သောင်မြိတ်တစ်ခုတွင် တင်



www.foreverspace.com.mm



ကာ၊သဲဖုံးလွှမ်းလျက် ကြီးစွာသောသောင်ထွန်းလျက်ရှိသည်။)

* * *

မိတ္ထီလာပြည့်ရှင် ဇနက္ကမင်းကြီးတွင် ညီတော်သုံးယောက်တို့၌ သမီးတစ်ယောက်စီ ထွန်းကားကြသော်လည်း ကိုယ်တိုင်မှာ သားသမီးမရှိသဖြင့် ဂေါ်ခံရသေ့ကြီးကို လျှုဒါန်းပူဇော်ကာ သားဆုတောင်းသည်။ ဂေါ်ခံရသေ့ကြီးက ဒိဗ္ဗစက္ခုဖြင့်ကြည့်ရာ သားရအံ့မမြင်၊ သမီးရအံ့သာမြင်၍....။

ဂေါ်ခံရသေ့ ။ ။ မင်္ဂလာ နေ့ကောင်းရက်မြတ်ရွေး၍ သမုဒ္ဒရာ
ကမ်းခြေမှာ ဥသဘနွားမြတ်၊ ရွှေထွန်သွား၊ ထွန်တုံး၊ ထမ်းပိုးတို့ဖြင့် ထွန်ပါဘိ မင်းကြီး။

ဇနက္ကမင်းကြီးသည် သမုဒ္ဒရာဆိပ်ကမ်း၌ ပွဲလမ်းသဘင်ကြီးစွာခံ၍ထွန်သောအခါ သံသေတ္တာပေါ်လေသည်။ ဖွင့်ကြလျှင်လူမကနတ်တမျှ တင့်တယ်လှပသော သတို့သမီးငယ်ကိုရသည်။ ဟေမန္တဥတုအခါတွင် ရသောကြောင့် သီဒါ (တစ်နည်း) မြစ်သမုဒ္ဒရာအနားဝယ် ရသောကြောင့် သီတာဟု အမည်မှည့်ကာ၊ ဇနက္ကမင်းကြီးသည် ရင်မှဖြစ်သော သမီးတော်ရင်းအဖြစ် မွေးမြူလေသည်။

ဤကား.... မဟာရာမဝတ္ထုလာ သီတာ၏ မူလဇာစ်မြစ်ဘဝ ဖြစ်ပါသည်။

* * *

www.foreverspace.com.mm



နောက်မူတစ်ခုဖြစ်သော 'သညာသည် နေမျိုးနာဋကကျော်ခေါင်' ၏ 'ရာမပြဇာတ်တော်ကြီး' ပထမတွဲမှ ကောက်နုတ်ဖော်ပြပါမည်။

ဟေမာလျတောင်သို့ လက္ခမီနတ်သမီး ရောက်လာသောအခါ ရထားပျံစီးလာသော ဒသဂီရိနှင့် ဆိုင်မိကြသည်။

ဒသဂီရိ ။ ။ ကောင်းကင်မိုးလယ်၊ သောက်ရှူးကြယ်သို့၊ ရှုဖွယ်ကြည်လင်၊ တွေ့ရမြင်သည်၊ ဘုန်းငင်ကံသာ၊ ဆောင်နှင့်ပါပြီ၊ မေတ္တာရစ်ထုံ၊ သက်စုံလုံ၍၊ ရွှေဘုန်းအောင်ချာ၊ နန်းသိင်္ဂါသို့၊ စံရာကြည်ဖြူ၊ လိုက်တော်မူလော့၊ ဖြူအူနုနယ်.... မင်းလှငယ်။

လက္ခမီ ။ ။ ဟယ်.... ဟယ် ဘီလူးယုတ်၊ စက်ဆုတ်စရာ၊ ခေါင်းဆယ်မြွာနှင့်၊ မနာလိုအောင်၊ ကြံဆောင်ရယ်မော၊ နင်မပြောနှင့်၊ ဤလောကတွင်၊ ငါ့အရှင်သည် သခင်ရာမမင်းမှတစ်ပါး အခြားသူမရှိ၊ နင်သွားလေ....။

(ဒသဂီရိ ပြင်းစွာအမျက်ထွက်လျက်၊ ရထားမှ သက်ဆင်း၊ သန်လျက်ကိုကိုင်၊ နတ်သမီး၏ ဆံထုံးကိုဆွဲ၊ ခုတ်မိုးမည်ပြင်သည်။)

လက္ခမီ ။ ။ ဟယ် ဘီလူးမိုက်၊ မထိုက်မတန်၊ ရှေးလွန်ဘဝ၊ သံသရက၊ ပုညမတော်၊ သို့အောင်သော်ကို၊



www.foreverspace.com.mm



မကျော်အခွင့်၊ နင်ပြုကျင့်သည်၊ မမြင့်မကြာ၊ ငါနတ်သမီး ကြီးသည်တန်ခိုး၊ ဗိသနိုးတွင်ခြင်း၊ နတ်မင်းအလောင်း၊ လျင်ကြောင်းထံပါး၊ သွားချဉ်ခုပင်၊ သခင်ရာမ၊ မာနထန်ပြင်း၊ မီးရှိန်လင်းသို့၊ မကြွင်းစေ့စုံ၊ နင့်မျိုးကုန်အောင်၊ ထင်းပုံသောနယ် သတ်လိမ့်မယ်။

(နတ်သမီး ကျိန်ဆဲကာ.... မြေထဲသို့ ခွဲဝင်သည်။)

မိတ္ထိလာပြည်၊ ဇနက္ကမင်းကြီးသည် တစ်ဆယ့်နှစ်နှစ်တိုင်အောင် သားဆုတောင်းသည်။ ယဇ်ပူဇော်ရန် တန်ဆောင်း၊ မြေယာများ ပြင်ရန် စီမံရာ၊ နတ်သမီးကွယ်ရာအရပ်၌ ထွန်မိသည်။ ပထဝီမြေဆီမြေလုံး စုန့်စုန့်တက်ကာ၊ ထိုမြေလုံးကိုခွဲ၍ကြည့်လျှင်၊ ဆယ့်နှစ်နှစ်အရွယ် နတ်ကညာတမျှ မင်းသမီးပေါ်လာသည်။ သမီးတော် အဖြစ်မွေး၍ သီတာအမည်မှည့်သည်။

*  *  *

ဤမျှဆိုလျှင် သီတာဒေဝီအမည်ရှိ ဇာတ်ကောင် မည်သို့ပေါ်ပေါက်လာပုံကို ခြေရာခံရရှိလောက်ပေပြီ။ နှိုင်းယှဉ်လေ့လာမှုရှုထောင့်မှကြည့်လျှင် မဟာရာမနှင့် ရာမပြဇာတ်တော်ကြီးလာမူနှစ်ခုတို့သည် အမည်နာမအချို့ ဖြစ်ရပ်ဇာတ်ကွက်အချို့ ကွဲလွဲသည်မှအပ ကျောရိုးချင်းတူနေသည်ကို တွေ့နိုင်ပါသည်။

**မဟာရာမဝတ္ထု**

- ဂန္ဓဗ္ဗနတ်သမီး
- ဟိမဝန္တာ၊ ကေလာသဘတောင်
- သီလအဖျက်ဆီးခံရ
- မီးပုံထဲသို့ခုန်ဆင်း
- ပဒုမ္မာကြာငုံတွင်း သံသေဒဇဖြစ်၊
- ဆောင်ကြဉ်းခံရ၊ သံသေတ္တာတွင်းထည့်
- သမုဒ္ဒရာမျှောခံရ၊ သံသေတ္တာတွင်းမှရ။

**ရာမပြဇာတ်တော်ကြီး**

- လက္ခမီနတ်သမီး
- ဟေမာလျတောင်
- ဆံထုံးကို ဆွဲကိုင်ခြင်းခံရ၊
- သန်လျက်ဖြင့် ခုတ်မိုးဟန်ခံရ
- မြေထဲသို့ခွဲဝင်
- မြေဆီမြေလုံး စုန့်စုန့်တက်
- မြေလုံးကိုခွဲ အထဲမှပေါ်လာ။

မိမိသည် ရာမယဏဇေဒပညာရှင် မဟုတ်ပါ။ သုတေသန သမားလည်း မဟုတ်ပါ။ သုတေသီပညာရှင်တို့ ရှာဖွေတူးဖော် ထားခဲ့ကြသည့် လမ်းမှာများအတိုင်း လိုက်ပါလေ့လာမိသူမျှသာ





ဖြစ်ပါသည်။ ထို့ကြောင့် သုတေသနဆန်သော ဤ နှိုင်းယှဉ် လေ့လာမှုကို ဤတွင် တစ်ခန်းရပ်ကာ ဝတ္ထုရေးသမားတစ်ဦး နေရာမှနေ၍ သီတာဒေဝီကို လှမ်းကြည့်လိုက်ပါသည်။ ထိုအခါ (ပြောခွင့်ရလျှင် ပြောကောင်းပြောမည့်) သီတာဒေဝီ၏ စကား လုံးများကို ဤသို့ ကြားယောင်လိုက်ပါသည်။

* * *

*"ကျွန်မ.... သီတာပါ.... ဟင့်အင်း.... သီတာဒေဝီဆိုတဲ့ အခေါ် အဝေါ်က ရာမမင်းနဲ့ အကြောင်းဆက်ပြီးမှ ခံယူရရှိတဲ့ အမည် နာမဖြစ်ပါတယ်။ သီတာဒေဝီ မဟုတ်သေးပါဘူး။ ဒေဝီ ဆိုတာက မင်းယောကျ်ား တစ်ဦးဦးကို အမှီသဟဲပြုပြီးမှ မှည့် ခေါ်အပ်ပါတယ်။ သီတာမင်းသမီးလို့ ခေါ်မယ်ဆိုရင်တောင်မှ မိတ္ထီလာပြည့်ရှင် ဇနက္ကမင်းကြီး သမီးတော်အဖြစ် မွေးမြူခဲ့လို့.... မင်းရဲ့သမီး၊ မင်းသမီးအရာရောက်ခဲ့တာပါ။*

*သီတာဟာ.... သီတာအဖြစ်နဲ့ပဲ စတင်ခဲ့ပါတယ်။ အို.... နေပါ ဦး.... သီတာဟာ သီတာအဖြစ်နဲ့ပဲ စတင်ခဲ့တာ မဟုတ်သေးပါ။ သီတာအဖြစ်ရောက်ရှိဖို့က အတိတ်ဘဝမှာ နတ်သမီးတစ်ပါး ဖြစ်ခဲ့ပါတယ်။ နတ်သမီးတစ်ပါးအဖြစ် တောတောင် (ဟိမဝန္တာ၊ ကေလာသဘတောင်/ဟေမာလျတောင်)မှာ လှည့်လည်နေခဲ့စဉ် မှာပဲ မိဋ္ဌာဇီဝ၊ ဒုဿီလ၊ ဒသဂီရိ ဘီလူးမင်းရဲ့ အနိုင်အထက်*

ပြုကျင့်မှုကို ခံခဲ့ရပါတယ်။

နာကြည်းတဲ့စိတ်၊ နာကျင်တဲ့ခံစားမှုများက၊ မိန်းမသားတစ်ဦးအတွက် ဒေါသနဲ့ ကျိန်စာမှတစ်ပါး၊ အခြားမည်သို့မျှ တုံ့ပြန်စရာ မရှိခဲ့ပါဘူး။ အဲဒီ နာကြည်း နာကျင်မှုအခံမှာ၊ ဒေါသနဲ့ ကျိန်စာဆိုခဲ့ခြင်းဟာ.... မသင့်လျော်ဘူးဆိုရင်၊ လင်္ကာဒီပ သိဃို ဘုရင်ရဲ့ ကျူးကျော်စော်ကားမှုကိုကော ဘယ်လိုသဘောထားကြမှာပါလဲ....။

ကျိန်စာ....၊ ဒေါသ....၊ အဓိဋ္ဌာန်.... သစ္စာ....၊ အဲဒီခွန်အားတွေ ပေါင်းဆုံပြီး ကြောက်စရာလုပ်မှုတစ်ခု ဖြစ်ပေါ်လာတယ်ဆိုရင်ကော။

ကြောက်စရာ လုပ်မှု....၊ အလှတရားဟာ ရုဒ္ဒ၊ ဘယာနက ဝိဘစ္ဆ ရသများနဲ့ ရောပြွမ်းလို့ဖြစ်ပါသလား....။ သီတာ မသိပါ။ သို့သော် ကိုယ်နှိုက်က မသိလိုက်ပါဘဲ အဲဒီအဖြစ်သနစ်ထဲကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရပါတယ်။ မိတ္ထီလာပြည့်ရှင် ဘုရင်ဇနက္ကရဲ့ 'သားဆု' ဟာ အထမမြောက်ခဲ့လေဘဲ (သံသေတ္တာထဲက/ မြေဆီမြေလုံးထဲက)၊ သီတာကို တွေ့ရှိပြီး 'သမီး' အရာ ရောက်ခဲ့ရတာကကော....။

သီတာဟာ၊ ဗဟိဒ္ဓပယောဂတွေရဲ့ ဆုံးဖြတ်မှုကို တစ်ဖက်သတ် ခံရတဲ့ ရွေးချယ်ခံသက်သက်ဖြစ်တယ်လို့ မပြောလိုပါ။ မပြောသာပါ။ မိမိရဲ့ဆန္ဒ၊ ရည်စူးမှု အလျှဉ်းမပါဘဲ ပြုသမျှ နုရတဲ့ဘဝ လို့လည်း မဆိုလိုပါ။ မဆိုသာပါ....။





ဒါပေမယ့်....၊ သီတာဆိုတဲ့ ကျွန်မ မိန်းမသားအပေါ်မှာ ဗဟိဒ္ဓ ပြဋ္ဌာန်းမှုတွေက ကြီးစိုးလွှမ်းမိုးလို့ နေတော့တယ်။

ဒါဟာ.... ကျွန်မ.... သီတာရဲ့ မူလဘဝအစပဲရှိပါသေးတယ်။ ကျွန်မဘဝတစ်လျှောက်လုံး.... ဘယ်လိုဖြတ်သန်း ရင်ဆိုင်ခံစားရတယ်ဆိုတာတွေကို ဆက်ပြောပြချင်ပါသေးတယ်....။ ပြောခွင့် ပြုနိုင်မလား.... ရှင်....။



www.foreverspace.com.mm

www.foreverspace.com.mm

## ၂

“....မင်းတကာ့မင်း၊ သက်နှင်းရလို၊ မိတ်ဖွဲ့မည်ဆိုသော်လည်း ဗိုလ်တစ်ထောင်တင်၊ လေးညှို့စင်ကို၊ တင်နိုင်သူ၊ ပစ်နိုင်သူ သီတာကိုယူပါရော့.... ချစ်သူ မုန်းသူ၊ ဘုန်းရှိသူ မရှိသူ၊ ဘယ်သူသာ၊ ဘယ်ဝါညွှန့်ခုံတဲ့ရွေးတဲ့ မရွေးချဲ့သာ၊ ကမ္ဘာနှင့် နေဇာ၊ ယောက်မကြီးရှာ၊ ဟင်းဖတ်ပါသည့်နှယ်၊ မျက်နှာကြည့်၍၊ ဘယ်သည့်မင်းကို၊ ငါအလိုတူ ပေးတော်မူမည်၊ အယူသေချာ၊ မပြောသာဘူး၊ သတ္တဝါတစ်ခု၊ ကံတစ်ခု၊ သူ့နဖူးစာ၊ ထိုက်ရာစီမံ၊ ခင်ပွန်းစာ ဖန်လိမ့်မည်....။

(ဦးတိုး၏ ရာမရကန်) (သတ်ပုံ – မူရင်း)

“....သီတာမင်းသမီး၏ လုပတင့်တယ် ရှုချင်ဖွယ်သော အရုပ်အဆင်းတို့ကို လက်ံဒီပ သိဃိုဋ္ဌကျွန်းမှစ၍ အပြည်





www.foreverspace.com.mm

ပြည်ထောင်သော တစ်ရာ့တစ်ပါးသော မင်းတို့သည် ကြော်ငြာကိတ္တိ၊ နံ့သိကြေညာသဖြင့်၊ သီတာဒေဝီမင်းသမီးကို နှစ်လိုစုံမက်ကြသဖြင့် အထူးထူးသော လက်ဆောင် ဘဏ္ဍာ ရွှေငွေအစရှိသည် တို့ကို ဆက်သပေးကမ်းကြကုန်၏။

ထိုအခါ ဇနက္ကမင်းကြီးသည် ဤသို့ကြံ၏။ ဩော်.... ငါ၌တစ်ယောက်သော သမီးရှိချေ၏။ ထိုတစ်ယောက်သော သမီးကိုပင် တစ်ရာ့တစ်ပါးသော မင်းတို့သည် ချစ်ခင်မြတ်နိုးကြသောကြောင့် လက်ဆောင်ဘဏ္ဍာတို့ကို ငါ့အား ပေးကမ်းလာကြကုန်သည်။ တစ်ဦးသောမင်းအား ဆောင်နှင်းသည်ရှိသော်၊ တစ်ပါးသောမင်းသည် အမျက်ရှိလတ္တံ့။ ထိုသို့ အမျက်ထွက်သည်ရှိသော် ငါ့အား ရန်ခိုက်ပြုရာသည်။ အဘယ်ကဲ့သို့ ပြုရပါမည်နည်းဟု ကြံအောက်မေ့ပြီးလျှင်၊ ကျက်သရေရှိသော ခန်းတိုက်မှထွက်၍ ခြသေ့ံခံသော လေသာနန်းတံခါးကို ဖွင့်လှစ်ပြီးလျှင် လေညင်းခံသော မုခ်နန်းဉကင်ဝယ်၊မဟာသရမန္တန်ကို သရဇ္ဈာယ်လေ၏။”

(မဟာရာမဝတ္ထု) (သတ်ပုံ– မူရင်း)

ထိုအခါ မိတ္ထီလာပြည်တွင် ဇနက္ကမင်းကြီး သမီးတော် သီတာမင်းသမီး အရှယ်သို့ရောက်လျှင် ဇနက္ကမင်းကြီး ဆိုသည်မှာ....

“နန်းမတောင်ညာ၊ စိုးချုပ်ချာသည်၊ မလယဒေဝီ၊ ဆင်းသီဂိ၊ နတ်ပြည်ဆင်းဝါ၊ မင်းသီတာကို၊ ကြေညာထူးပြား၊ တိုင်း

www.foreverspace.com.mm



တစ်ပါးက၊ စကားပေစာရောက်ချိမ့်မည်။ သို့ဖြစ်သည်မှာ၊ အားနာသဖြင့်၊ ခွင့်မပေးသာ၊ မင်းတစ်ရာတွင် များစွာပြောထူ၊ မည်သူမထိုက်၊ မည်သူထိုက်ဟု ဆိုလိုက်မသင့် ရှည်မြင့်သံသာ၊ ကံဖန်ရာဖြင့်၊ ရှစ်ရာဗိုလ်နိုင်၊ လေးကြွခိုင်ကို၊ တင်နိုင်သသူ၊ ယူလောဟူ၍ ဆိုမူကောင်းမည် ငါထင်သည်"

မလယဒေဝီ မိဖုရားက "ဘုန်းစည်နေလ၊ ထွန်းတောက်ပ၍ ဘုရားအကြံတော်၊ သင့်လျော်မည်ပင် မှန်စင်မုချ၊ ကျွန်တော်မလည်း၊ ဒေါသလွတ်ကွာ ကြိုက်လှပါ၏ဘုရား..."

(နေမျိုးနာဋက ကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီး)

(သတ်ပုံ- မူရင်း)



www.foreverspace.com.mm

# ၃

တစ်ပင်တိုင်မြနန်းစံ ဘုရင့်သမီးတော်များမှာ ဥစ္စာရွှေငွေစည်းစိမ်ဘွဲ့ထူးနာမ လိုလေသေးမရှိ ပြည့်စုံကြသည်။ ဘုရင့်သမီးတော်အနေဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများကို အလိုအလျောက် ခံယူရရှိကြသည်။ ထို အလိုအလျောက် ခံယူရရှိသည့် အခွင့်အရေးများတွင် အရေးပါသော အချက်တစ်ချက်လည်း ပါဝင်လေသည်။ ယင်းမှာ.... မိမိအား နှစ်သက်လာကြသော မင်းယောကျ်ားများက ကြင်ရာဇနီးအဖြစ် ရွေးချယ်သတ်မှတ်ခြင်းကို ခံယူရသော (အခွင့်အရေး) ပင်ဖြစ်၏။ ဘုရင့်သမီးတော်သည် မိမိမေတ္တာမျှသူ၊ တိမ်းညွတ်သူ၊ စုံမက်သူ၊ အားကိုးအားထားပြုလိုသူကို ရွေးချယ်ပိုင်ခွင့်မရှိ၊ သမီးတော် ထိပ်ထားသည် ခမည်းတော်ဖုရား၊ မယ်တော်ဖုရားတို့က ချစ်မြတ်နိုးစွာ ပေးသနား

www.foreverspace.com.mm



သော စည်းစိမ်တော်တို့နှင့်အတူ အဆိုပါ ဖူးစာရှင်ကိုလည်း၊ ခံယူရရှိရလိမ့်မည်သာပင်....။ (သာဂလတိုင်းပြည်မှ ပဘာဝတီ တို့ဆိုလျှင် ခုနစ်ပြည်ထောင်မင်းများက ဝိုင်းဝန်း တောင်းဆိုကြ သဖြင့် မည်သို့မျှ မကြံတတ်သော မဒ္ဒရာဇ်မင်းကြီးက "သတ္တ ဗိလေ ကရိ တွာန၊ အဟမေတံ ပဘာဝတီ၊ ခတ္တိယာနံ ပဒဿမိ၊ ယေမံဟန္တုံကြာဂတာ" ဟူသော ဂါထာကို ရွတ်ဆိုတော်မူ၏။ အဓိပ္ပာယ်ကား "အမတ်တို့ ငါသည် အကယ်၍ စေငြားအံ့၊ ကြွင်း ကျန်သော မင်းတို့သည် စစ်ထိုးခြင်းကို ပြုကြကုန်လတ္တံ့၊ တစ်ယောက်သောမင်းအားသာ ပေးခြင်းငှာ မတတ်ကောင်း၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြတ်သော ကုသမင်းကို စင်လျက် စွန့်ပစ်၍လာ၏။ ထိုလာခြင်း၏ အကျိုးကိုရခြင်းငှာ ထိုပဘာဝတီကို သတ်ပြီးလျှင် ခုနစ်ပိုင်းပိုင်း၍ ခုနစ်ပြည်ထောင် သော မင်းတို့အား ပို့စေအံ့....")

ဓနဉ္စယမင်းကြီး၏ သမီးတော် သီတာမင်းသမီးလည်း ခုနစ် ပိုင်း ပိုင်း၍ ခုနစ်တိုင်းအဝေခံရလိမ့်မည်ဟူသော အဖြစ်မျိုးနှင့် မကြုံရစေကာမူ ဖူးစာရှင်ရွေးချယ်ပွဲကိုကား၊ သလွန်ထက်မှ ငြိမ်သက်စွာ အသင့်စောင့်ရမည့် အခြေသို့ကား ရောက်ခဲ့လေ သည်။

မဟာရာမဝတ္ထုမူအရ၊ မဟေသရနတ်မင်းကြီးပေးသော နတ်လေး၊ နတ်မြား၊ ရာမပြဇာတ်တော်ကြီးမူအရ၊ ဗိုလ်ရှစ်ရာ



www.foreverspace.com.mm



တင်မှရသည့်လေးနှင့် ဗိုလ်ခြေတစ်ထောင်တင်မြား။ ထိုလေးကို တင်နိုင်သူနှင့် သီတာအား အကြောင်းဆက်ပေါင်းဖက်စေမည်ဟု ဓနဉ္စယမင်းကြီး ဆုံးဖြတ်သည်။ ပြဇာတ်တော်ကြီးမူတွင် အတွင်း ဝန်က....

"တစ်ရာသော ထီးဆောင်းမင်းတို့တွင် မည်သူမဆို၊ ကံ ကုသိုလ် ညွှန်ရာ၊ ဗိုလ်ရှစ်ရာနိုင်သော လေးကြီးကို၊ ဆွဲငင်တင်ပစ် နိုင်သူဖြစ်လျှင်၊ ထိမ်းမြားလက်ထပ်မည်၊ လေးပွဲသဘင်ခံရန် မဏ္ဍပ်ကနားများဆောက်လုပ်၍ မင်းနေတန်ဆောင်းများကို မြို့ အရှေ့တံခါးဖြင့် သင့်ရာတွင် ဆောက်လုပ်စေ၊ သဘင်စုံလည်း ခံစေ၊ တစ်ရာသောမင်းတို့ကိုလည်း လေးပွဲသဘင်ခံရာ လာမည့် အကြောင်းနှင့် သင့်ရာ အဆောင်မြဲအမတ်တို့ကို ခန့်အပ်၍၊ ရာဇသံပေး၍ ခေါ်စေ" ဟူသော အမိန့်တော်ကို ပြန်လေသည်။

လေးတင် ကြင်ရာရွေးပွဲသဘင်သို့ ထီးဆောင်းမင်းတစ်ရာ ရောက်လာကြ၏။ လူစွမ်းကောင်းအတွက် 'အောင်ဆု'ဖြစ်သော၊ သီတာမင်းသမီးက မဏ္ဍပ်တစ်နေရာမှာ ပန်းကုံးများအသင့်ထား လျက်၊ ရံရွေတော် များအလယ် နေရာယူရသည်။ ပန်းကုံးများက လေးအမှု ကုန်အောင်ပြုနိုင်သူ သူရဲကောင်းကို ဖူးစာရှင်အဖြစ် ဆက်သရမည့် ပန်းကုံးများဖြစ်လေသည်။

ထီးဆောင်းမင်းတို့.... လေးပွဲသဘင် ဝင်ကြပါပြီ။

ဦးတိုးက.... သူ၏ ရာမရကန်တွင် ဤသို့ သရုပ်ဖော်၏။

www.foreverspace.com.mm



"ရတနာနန်းပိုင်၊ ရှစ်ပြိုင်ရိပ်သာ၊ ခေါင်ချာစိုးပြု၊ ထီးဆောင်းစုမှာလည်း၊ မင်းပုရတနာ၊ ထောင်တိုက်နှင့် လေးတင်ကို၊ သဘင်တော်ကြည့်မည်လို့၊ ထွက်သည့်လို့လာလျှင်ဘက်၊ ပျာကယီး ပျာကယာ၊ မှန်ဗယ်ညာမှာ မင်းသီတာတစ်ပါးကို သူဇာလား၊ နန္ဒာလား၊ စိတ္တာလားလို့၊ သုံးပါးစေ့ပင်၊ ညီအစ်မ ထင်ကြသည်၊ စိတ်ရွှင်မြူးခုန်၊ အာရုံပေါင်းစု၊ ပုထုဇဉ် နှလုံးသား၊ မနောကံပြစ်မှား၊ အံသွားကျိုပ်ခဲ၊ နေနှင့်ဦးဟဲ့.... လို့၊ စိတ်စွဲရင်းနှင့်၊ သည်မင်းတလဟာ၊ စောင်ရန်းတည့်စောင်ရန်းကာ၊ မနေသာ မထိုင်သာ၊ မင်းတချို့မှာကောင့်၊ စိတ်စေတနာ၊ ပျံ့ရာမှာ မိုးထိ၊ ယမ်းအားရှိသည့်နှယ်...."

ဖူးစာမမှန် ဘုန်းမတန်သောကြောင့် အပြည်ပြည်မင်းများမှာ လေးတော်ကြီးကို မကြွမတင်နိုင်ကြ။ မဟာရာမဝတ္ထုမှုတွင် ဆိုသည်မှာ အချို့သည် လေးကို ထက်ဝက်သာ ကြွနိုင်ကုန်၏။ အချို့သည် အဖျား အမြိတ်အစွန်ကိုသာ ကြွနိုင်၏။ အချို့ကား လေးကို မကြွနိုင်ကုန်။ မြားကိုသာ ကြွနိုင်ကုန်၏။ အချို့ကား မြားကိုမျှ မကြွနိုင်ဖြစ်ကြ၍ ချွေးလုံးကြီးစွာ ထွက်ကာ ပင်ပန်းဟိုက်ဟောင်ခြင်း ဖြစ်ကြကုန်၏။ အချို့ကား ကြောက်ထိတ်လန့်သဖြင့် မိမိတို့၏နေရာမှ မထဝံ့ကြကုန်။ အချို့ကား မိမိတို့နေရာ အရပ်တွင်မှ မနေဝံ့၍ ပုန်းလျှိုးတိမ်းရှောင်ကြ၏။

ဤသို့ 'ကသောင်းကနင်း' ဖြစ်နေချိန်ဝယ်၊ သီတာ



www.foreverspace.com.mm



မင်းသမီး ဘယ်သို့ရှိလေသနည်း။ အမျိုးမျိုး အဖုံဖုံ အရေးမလှဖြစ်နေကြသော ထီးဆောင်းမင်းတို့ကို ကြည့်၍ သီတာ ရယ်မောနေမည်လား....။ မဖြစ်နိုင်ပါ။ လှောင်ပြောင် ရယ်မောနေသူ များက သီတာ၏ ရံရွှေအပျိုတော်များသာ ဖြစ်၏။ "အလိုကြည့်ပ မမရို့၊ နွမ်းလျစိတ်မှာ၊ ပါမှမဟုတ်၊ ခုဝင်တဲ့လာ၊ ရှက်စရာ၊ မျက်နှာပုပ်နှင့် ယုတ်တဲ့အသရေ၊ သဘင်တွင်းမှာ၊ သည်မင်းလို ခေတာဖြင့်၊ ရေမှာသာ ဆင်းလို့၊ သေချင်ပါတော့တယ် မမရို့" ဟူ၍လည်းကောင်း။ "ဘယ်တိုင်းအောက်ချာ၊ ဘယ်ပြည်ရွာက၊ မင်းများဖြစ်လေသည့်၊ ဖြန့်လှစ်စကြာ၊ လေးတင်မယ် လာရှာသတဲ့၊ အားနာစရာအရေး၊ လေးကိုပင် တင်မနိုင်မည်ဝေးရော၊ လေးနားတွင် မတ်တတ်၊ သူမှရပ်နိုင်ပါ့မလား၊ တို့ထိပ်ထားကိုဖြင့်၊ စော်ကားသမူ၊ မနောကံရူလှပြီ၊ သူ့မူလရပ်သွင်၊ သည်သခင်မှာ၊ လေးတင်ရန်ဒုက္ခ၊ ဘုရားစင်အပေါ်ယံက၊ ချွေးလန်၍ ကျသလို၊ ပြရုပ်ပေါ်ပါဘိ မမရယ်" ဟူ၍လည်းကောင်း ရယ်မော လှောင် ပြောင်နေကြ၏။

(လေးတင်ပွဲနှင့်ပတ်သက်၍ မဟာရာမဝတ္ထုမှုအရ၊ ဒသ ဂီရိ ဘီလူးမင်းက ဦးစွာ ယှဉ်ပြိုင်ပြီးမှ တစ်ရာသော ထီးဆောင်းမင်းတို့ အလှည့်ယူ ပြိုင်ပွဲဝင်ကြသည်ဟု ဖော်ပြပါသည်။ နာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးမူတွင် အခြားသောမင်းများပြိုင်ပွဲဝင်ပြီးမှ ဒသဂီရိ ယှဉ်ပြိုင်သည်ဟု ပါရှိသည်။)

ဒသဂီရိ လေးတင်ပွဲဝင်သည့် အမူအရာ (အပြုအမူ) ကို ရှုပါ။

ခင်းထားသော လေးဆီသို့ သူချဉ်းကပ်သည်။ ထို့နောက် ရံရွေတော်များ ဝန်းရံစားနေကြသည့် သီတာမင်းသမီးကို 'စိမ်းစိမ်းကြည့်' သည်။ ထိုအခါ နှုတ်စအာစထက်သော အပျိုတော် တစ်ယောက်က ဤသို့ ဆိုသည်။

"ကြည့်စမ်းပ မမငဲ့၊ မမြင်စဖူး၊ အသွင်ကထူးသနှင့်၊ ဘီလူးလား၊ သဘက်လား၊ သူ့ပုံကဆိုးလိုက်တာ၊ ရဲယိုသီးအလားကဲ့သို့၊ ဆိုးဝါးသည့်ရုပ်သွင် မမြင်ချင်အောင်၊ ပြင်ပြင်ခုသာ၊ လေးတင်မဲ့လာသတဲ့၊ မူရာမလှ၊ သူ့ရုပ်မှာ၊ ဥပကာသမက်၊ အမြင်ခက်ပါဘိ၊ သက်သက်ခုနော်၊ လေးကိုသော်လျှင်၊ မတော်လို့များ၊ တင်နိုင်လို့သွားရင်ဖြင့်၊ ထိပ်ထားနှင့် ခုဘက်ညားရချက်များကို၊ စိတ်လက်ညစ်ညူး တင်ကူးလို့ပူပါဘိ၊ ပင်နန်းသူတို့က၊ ဗျာရတက်များလှချည့်၊ စော်ကားမဲ့ သိန်းဃို၌ပိုင်၊ လေးတော်ကိုပင်၊ ယခုဝင်၍၊ မတင်နိုင်အောင် ကိုယ်တိုင် ဆုတောင်းကြစို့.... မမငယ်"

သိန်းဃို၌ပြည့်ရှင် ဘီလူးမင်းသည်၊ ထိုထိုစကားကို ကြားရသောအခါ၊ ပြင်းစွာအမျက်ထွက်၍၊ ခြိမ်းခြောက်မည်ဟုရှိရာတွင်၊ အပျိုတော် နောက်တစ်ယောက်ကလည်း နှုတ်စွာရင့်သီး၊ ဤသို့ ဆိုပြန်လေသည်။

"ဟုတ်ပါသေး မမရေ၊ သူ့ရုပ်ကာ၊ မူအရာ၊ မျက်နှာမှာ





ခလုတ်၊ ကျပ်သဘက်တွေ၊ အစိမ်းသေတစ္ဆေရုပ်လို၊ နံပုပ် ညှီဟောက် အစွယ်ပေါက်၍၊ နှာရောက်ကောက်စောင်း၊ ခေါပတောင်းလို၊ ခေါင်ထက်သီးခိုင်၊ အော့ ချင်စရာ၊ နှလုံးနာတဲ့ပြင်၊ အနံ့စရာနိုင်လွန်းလို့၊ ပင်တိုင်သူသခင်၊ ခုကြို့ရငြား၊ သူ့ပုံများ မထားမြင်ရလျှင် တမင်ယခုလေမြင်ရတွင်း သေပါလိမ့်တော့ မနေ ခုသော်အရေးပေါ်၍ လေးတော်ကို ပိုင်ပိုင်တင်ကာထားလို့၊ မကြွနိုင်အောင် မြိုင်မြိုင်ဆုတောင်းကြစို့ မမတို့"

ဒသဂီရိသည် ခြောင်းခြောင်းထသောအမျက်ဖြင့်၊ လေးကြီး အနားကပ်ကာ၊ လေးကိုကိုင်၊ ကြုံးဝါးကြိမ်းပလေသည်။ ထို့နောက်.... သူလေးကို ကြွချီအစွမ်းပြသည်။ လေးကိုကိုင် လျက်သားပင်၊ ဇနက္ကမင်းကြီးထံ သွား၍ အရေးဆိုသည်။ ကျွန်ုပ်ထံသို့ သီတာမင်းသမီး ပန်းကုံးဆက်သသင့်ပြီ အကြည်တော်။ ဇနက္ကမင်းကြီးက.... ကြွနိုင်ချီနိုင်ရုံမျှဖြင့် ရကောင်းရထိုက်သည်မဆိုသာ၊ လေးကို ဆွဲငင်တော်မူပါဦး အကြည်တော်ဟု ဆိုသည်။ (လေးညှို့ကြိုးကို ဆွဲငင်ရန် ဖြစ်၏။) ဒသဂီရိ ထိုအဆင့်ကို မစွမ်းဆောင်နိုင်ပါ။



www.foreverspace.com.mm

www.foreverspace.com.mm

## ၄

ဤဇာတ်ကွက်ရောက်သည်အထိ၊ လေးတင်ကြင်ရာရွေးပွဲ အခင်းအကျင်းကြီးတစ်ခုလုံးတွင်၊ ကာယကံရှင်ဖြစ်သော သီတာမင်းသမီး၏ အမူအရာ (အပြုအမူ) မည်သို့ ရှိလေသနည်း။

ဇနက္ကမင်းကြီး၊ တစ်ရာသော ထီးဆောင်းမင်း၊ ဒသဂီရိဘီလူးမင်း၊ ရံရွေအပျိုတော်များ၊ လေးတင်ပွဲသဘင်ဆိုင်ရာ ပရိသတ်များ.... အသီးသီးအသက အပြိုင်းအရိုင်း လှုပ်လှုပ်ရှားရှား ရှိကြလေသည်။ ထိုဝန်းကျင် အခြေအနေထဲမှာ သီတာမင်းသမီး အဘယ်သို့ရှိပါသနည်း။

ဦးတိုးသည်လည်းကောင်း၊ နေမျိုးနာဋက ကျော်ခေါင်သည်လည်းကောင်း၊ မဟာရာမဝတ္ထုစီရင်သူ အမည်မသိစာဆိုသည် လည်းကောင်း.... သီတာမင်းသမီး၏အခြေအနေကို



www.foreverspace.com.mm



ဖော်ပြခဲ့ခြင်းမရှိကြောင်း တွေ့ရပါသည်။ ဘာကြောင့် အရေးအကြီးဆုံး ကာယကံရှင်၏ ကိုယ်စိတ် နှလုံးသုံးပါးအပြုအမူကို ဆရာတို့ ဖော်ပြခြင်း မပြုခဲ့ကြပါသနည်း....။ ထိုအကြောင်းကို မစဉ်းစား တော့ပါ။

(ရာမယဏလေးတင်ခန်း၊ စင်တင်ကဇာတ်၊ ဇာတ်ထုပ်များမှာတော့ သီတာမင်းသမီး လေးပွဲသဘင်သို့ ရောက်ရှိလာပုံ၊ သလွန်တွင် နေရာယူပုံ၊ အပြည်ပြည်မင်းများ ရှုံးနိမ့်မှုကို ငေးမောနေပုံ၊ ဒသဂီရိအလှည့်တွင် ထိတ်လန့်နေပုံ.... စသည်တို့ကို ရိပ်ခနဲ တွေ့လိုက်ရပါသည်။)

မိမိသည် လေးပွဲသဘင်ကြီးအလယ်တွင် ပျောက်ဆုံး မှိန်ဖျော့နေသော သီတာဒေဝီ၏ ရုပ်ပုံလွှာကို ရေးခြယ်ချင်လာလေသည်။ သူ့ကိုအကြောင်းပြု၍ ဖြစ်ပေါ်ရသော၊ ဤ လေးတင်ကြင်ရာရွေးပွဲ၊ ဖူးစာရှင် သူရဲကောင်းပြိုင်ပွဲကြီး၌ သူပျောက်နေခြင်းသည် မဖြစ်သင့်ဟု ထင်မြင်မိလာပါသည်။ ထို့ကြောင့်.... သီတာမင်းသမီးအား.... ဤသို့ ရင်တွင်းစကား ရေရွတ်စေလိုက်ပါသည်။

*"…. ဘုရင်မင်းမြတ်ရဲ့ ပင်တိုင်စံသမီးတော်မှာ မိန်းမသူတကာတို့ လိုချင်မက်မောတတ်ကြ၊ လိုချင်မက်မောပေမယ့် မရရှိမပိုင်ဆိုင်ကြတဲ့။ ရွှေငွေကျောက်သံရတနာမျိုးစုံ.... အဝတ်အထည် အဆင်တကာမျိုးစုံ၊ အမွှေးအကြိုင်၊ အလှအပ.... မျိုးစုံ…. သမီးတော်မှာ ပြည့်စုံပေတယ်။*

"သမီးတော်ရဲ့ နှုတ်တစ်ဖွင့်၊ လက်တစ်ဝင့် အမိန့်တော်ကို ဖြည့်ဆည်းဆောင်ရွက်ပေးမယ့် ရံရွေအပျိုတော်များက အလှည့်ယူပြီး အချိန်ပြည့် ခစားနေကြလေတယ်။ သမီးတော် ဘာကို အလိုရှိပါသလဲ....။ မဆိုင်းမတွ ပြည့်စုံရမယ်။ စည်းစိမ်ဥစ္စာ၊ ဘဏ္ဍာ၊ ဘွဲ့နာမ၊ အခိုင်းအစေ.... အားလုံးဟာ ဘုရင့်သမီးတော် ရှေ့မှောက်မှာ အရံသင့် စောင့်ဆိုင်းနေကြလေရဲ့....။

"ဟောဒီကမ္ဘာလောကမှာ ရှိရှိသမျှ မိန်းမပျိုတို့ လိုချင်လျက်နဲ့ မရကြသော အရာခပ်သိမ်းဟာ သမီးတော်ထံမှာ ပြည့်စုံပြီး ရှိရှိသမျှ မိန်းမပျိုတို့ ရယူပိုင်ဆိုင်စွမ်းရှိကြလေတဲ့ အရာတစ်ခုကတော့ သမီးတော်ထံမှ ဗလာဟင်းလင်း.... ပျောက်ကင်းလို့ နေတယ်....။

"အဲဒါက....အခြားမဟုတ်၊ မိမိရဲ့ သည်းပွတ်နှလုံးကို မိမိ အပ်နှင်းလိုသူထံ အပ်နှင်းခွင့်.... ပြီးတော့.... မိမိအလိုရှိသော သည်းပွတ်နှလုံးကို မိမိဘာသာရွေးချယ်ရယူခွင့်.... အဲဒါဟာ ချစ်ခြင်းမေတ္တာတရား....။

"သမီးတော်မှာ.... အဲဒီအခွင့်အရေး လုံးဝမရှိပါဘူး။ ခပ်သိမ်းသော မိန်းမပျိုလေးများဟာ သူတို့ကို ချစ်တဲ့ ယောကျ်ားပျို၊ သူတို့ကချစ်တဲ့ ချစ်သူများကို ရင်ဖိုလှိုက်လက်၊ ရှိုက်မက်တဲ့ နှလုံးခုန်သံများနဲ့ ရှာဖွေနေကြချိန်မှာ.... ဇနက္ကမင်းကြီးရဲ့ သမီးတော်သီတာကတော့.... ဟောဒီ 'ကတ္တီပါထည်၊ ပတ်လည်ပြင်မွမ်း၊ နရန်းစွယ်တပ်၊ ကြာယပ်ညောင်ရွက်၊ မျက်နှာကြက်ဝဲပျံ၊





ရွှေပလ္လင်ခံ၊ ငွေပလ္လင်ခံ' တန်ဆောင်းမဏ္ဍပ်ကြီးရဲ့ တစ်နေရာ မှာ.... ရွှေခြည်ဖောက်ပဝါကို ခြုံလွှမ်းလို့.... ရွှေသလွန်ပေါ်မှာ စံမြန်းလို့၊ ရံရွေတော်တို့ရဲ့ လက်အုပ်ဖူးငုံကြာပန်းတို့ကို ခံယူလို့ .... သေဆုံးနေသော ရှင်သန်ခြင်း၊ သို့မဟုတ်.... ရှင်သန်နေ သောသေဆုံးခြင်းနဲ့ ထိုင်လျက်သား....။

"ဟောဟိုအလယ်မှာတော့.... မဟေသရနတ်မင်းကြီး ဆက်သတဲ့ လေးတော်ကြီး။ ထီးဆောင်းမင်းတစ်ရာတို့က၊ သီတာ့ကို ရှုငေးကြ၊ လေးတော်ကြီးကိုကြည့်လိုက်ကြ....။ လေးမြားကို ကြည့်နေစဉ်၊ မှုန်သီတွေဝေ၊ စိုးထိတ်ဟန်ရှိကြတဲ့ သူတို့ မင်းယောကျ်ားတွေရဲ့ မျက်လုံးများက သီတာ့ဆီ ငေ့အကြည့်မှာတော့.... အို.... ရာဂအခိုးအလျှံတွေ.... တဝင်းဝင်းနဲ့ပါလား ....။

"လေးတော်အမှု သူတို့ မပြုနိုင်ကြလို့ ရှုံးနိမ့်ဆုတ်ခွာသွားကြစဉ်မှာလဲ၊ သီတာ့ကို စိမ်းစိမ်းပါအောင်ကြည့်.... မမိတဲ့ငါး၊ မစားရတဲ့ သစ်သီး၊ မမြည်းရတဲ့ သေရည်တစ်ခွက်အလား....။

"အို.... ဟောဟိုမှာ သိန်းဃိုဠ်ပြည့်ရှင်ဆိုတဲ့ ဒသဂီရိ ဘီလူးမင်း၊ သူကတော့ အားလုံးနဲ့ ခြားနား၊ ကြွားရွှား ကိုယ်ဟန်၊ ခက်ထန်သန်စွမ်းတဲ့ အမူအရာနဲ့ သူ့ကိုယ်သူ ယုံကြည်တဲ့အသွင်နဲ့.... လေးကြီးကို ပိုင်ပိုင်ဆုပ်ကိုင်.... သီတာ့ဆီ တစ်ချက်ယိုင်အကြည့်.... ဘုရား.... ဘုရား ဝင်းဝင်းတောက်နေတဲ့ သူ့မျက်လုံးတွေထဲမှာ သီတာဟာ သားကောင်လား၊ ယစ်ကောင်လား....။

www.foreverspace.com.mm



"သောသောအုတ်အုတ်၊ရုတ်ရုတ်သဲသဲ၊ လေးပွဲသဘင်ကြီးထဲမှာတော့ ကြေးပသံ၊ ကြိမ်းဝါးသံ၊ ရယ်မောသံ၊ လှောင်ပြောင်သံ၊ ညည်းတွားသံ၊ အသံတွေ.... အသံတွေနဲ့ တက်ပျံလှိုင်းထလို့နေတော့တယ်.... အဲဒီအသံတွေကြားမှာ (လေးကိုကြွချီ၊ လေးညို့ဆွဲငင်၊ စွမ်းအင်ပြည့်ဝတဲ့ လူစွမ်းကောင်းရဲ့ ဘုန်းလက်ရုံးပြပွဲ ....နဲ့၊ မိန်းမသားတစ်ယောက်ရဲ့ နှလုံးသား.... ဘယ်လိုများ ဆက်စပ်ပါလိမ့်လို့.... တိုးတိုးဖွဖွ မြည်တမ်းနေတဲ့ သီတာ့အသံဟာ မှေးမှိန်ပျောက်ကွယ်နေပါတယ်။ အဲဒီလေးညို့မှာ.... မြားတံကိုမတပ်ဆင်ဘဲ၊ သီတာ့ရဲ့ ဆွံ့အနေတဲ့ နှလုံးသားကိုသာ နေရာချထား၊ တအားပဲငင်လို့ စကြဝဠာအပြင်ထိရောက်အောင် ပစ်လွှတ်လိုက်ကြပါတော့...."



www.foreverspace.com.mm

၅

လေးတင်ပွဲ၌ သိန်းဃိုဋ်ပြည့်ရှင်သည် အစွမ်းပြပြီးခဲ့ပေပြီ။ တစ်ရာသော ထီးဆောင်းမင်းတို့ မပြုနိုင်သောအမှုကို သူ ပြုခဲ့ပြီ။ ဝင်ရောက်ယှဉ်ပြိုင်သူ အားလုံးတွင် သူသာ ဘုန်းစွမ်းအင်အားအကြီးဆုံးဟု သက်သေပြခဲ့ပြီ။ 'စံချိန်အမြင့်ဆုံး' အစွမ်းကိုပြပြီးနောက် ဒသဂီရိ ကြွေးကြော်၏။

ဒသဂီရိ ။ ။ မင်းများတို့၊ သင်တို့သည် ဤလေးကို ကြွချီနိုင်မည်ထား၍၊ တစ်စိတ်တစ်ဒေသကိုမျှ ကြွချီခြင်းငှာ မစွမ်းနိုင်ကြကုန်။ ငါတစ်မူကား ဤလေးကို တင်ခြင်းငှာ မစွမ်းနိုင်ငြားသော်လည်း ချီကြွခြင်းငှာ စွမ်းနိုင်၏။ ယင်းသို့ဖြစ်၍၊ သီတာမင်းသမီးကို ငါရထိုက်ပြီ။ ငါ့အား ပေးကြလော့။

ထိုသို့ဆို၍ သဘင်၏အလယ်တွင် လက်ပမ်းပေါက်ခတ်

www.foreverspace.com.mm



ကခုန်၏။ တစ်ရာသောထီးဆောင်းမင်းတို့ အဘယ်သို့ရှိသနည်း။ သီတာ မင်းသမီးကို သိန်းယို၌ဘုရင် မရထိုက်ဟု တစ်ယောက်သောသူမျှ ထွက်ဆိုခြင်းငှာ မငံ့ကြ။ ထို့ကြောင့် လေးပွဲသဘင် တစ်ခုလုံးမှာ ဒသဂီရိ၏ ကြုံးဝါးသံ၊ ကြွားရွားလှုပ်ရှားဟန်များ သာ ကြီးစိုးနေတော့သည်။ ဤအချိန်ဝယ် သီတာမင်းသမီး အဘယ်သို့ရှိသနည်း။

မဟာရာမဝတ္ထုတွင်မူ သီတာ၏အပြုအမူကို ရိုးတိုးရိပ်တိပ် ဆိုသလို ဖော်ပြထားသည်။ ထိုအကွက်ကို (မူလစာသားများ အပေါ် အခြေခံ၍) တင်ပြပါမည်။

သီတာ ။ ။ ဒသဂီရိမင်းဟာ သူ့အရာမဟုတ်ဘဲ ဘာကြောင့် ဒီနေရာကို ဝင်လာရတာလဲ၊ ခမည်းတော်က ဘာကြောင့် သူ့ကို ဆွဲမထုတ်တာလဲ။

ရံရွေများ ။ ။ အရှင်မ.... မင်းတရားကြီးက တစ်ရာ့တစ်ပါးသော မင်းတို့ထံ ရုပ်ပုံရွှေလွှာနဲ့တကွ ဖိတ်စာများ ဝေငှာရာမှာ ဒသဂီရိမင်းလည်း ဖိတ်စာရခဲ့လို့ ရောက်လာခြင်း ဖြစ်ပါတယ်။ အခု.... ထီးဆောင်းမင်းတစ်ရာတို့အနက်မှ ဒသဂီရိမင်းဟာ အားလုံးထက် ပိုမိုစွမ်းဆောင်နိုင်ပြီး လေးတော်ကို ချိုကြွနိုင်တဲ့ အတွက် အရှင်မကို သူသာရထိုက်ကြောင်း ပြောဆိုနေပါတယ်။

သီတာ ။ ။ ရံရွေတို့.... ဒီမင်းယုတ်အပေါ် ချစ်ခင်တဲ့စိတ်မျိုး ဆိုလို့ ဆံခြည်တစ်ခြမ်း၊ နှမ်းတစ်လုံးခန့်မျှ ငါ့မှာ မရှိဘူး။ လေးကို ချိုကြွနိုင်ရုံတာမျှနဲ့ ဒသဂီရိထံ ငါ့ကို ခမည်းတော်က





ဆောင်နှင်းမယ်ဆိုရင်တော့ လူ့လောကမှာ အသက်ရှင်နေလို့ အချည်းနှီး။ ဒါကြောင့် ငါ့ကိုယ်ငါ ဓားနဲ့ဖြစ်စေ၊ အဆိပ်နဲ့ဖြစ်စေ အဆုံးစီရင် သေပွဲဝင်မယ်။

ရံရွေများ ။ ။ အရှင်မ.... ဒီအကြောင်းကြောင့်အတွက်တော့ မစိုးရိမ်ပါနဲ့၊ အရှင်မရဲ့ ရှေးဘုန်းရှေးကံ ထောက်ပံ့မှုနဲ့ သိကြားစတဲ့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များရဲ့ မစတော်မူခြင်းများကြောင့် ဒီဒသဂီရိမင်းယုတ်ကို နှိမ်နင်းနိုင်တဲ့ ဘုန်းရှင်ကံရှင် မင်းညီမင်းသား ရောက်လာပါလိမ့်မယ်။

(ထိုအချိန်တွင် ဒသဂီရိသည် ဇနက္ကမင်းကြီး ရှေ့မှောက်သို့ သွား၍ ကြုံးဝါးနေ၏။)

ဒသဂီရိ ။ ။ ဇနက္ကမင်းကြီး၊ ထီးဆောင်းမင်း တစ်ရာတို့မှာ ငါမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်မျှ ဗိုလ်ထောင်တင်လေးကို ချိုကြွခြင်းငှာ မစွမ်းနိုင်ကြဘူး။ ဒါကြောင့်.... သီတာမင်းသမီးကို ငါသာရထိုက်တယ်၊ လက်ထပ်မင်္ဂလာသဘင်ပြုပြီး ငါ့ထံ ဆောင်နှင်း၊ အကယ်၍ သင်မဆောင်နှင်းလျှင် ငါ့အစွမ်းနဲ့ ဆောင်ကြဉ်းမယ်။

www.foreverspace.com.mm

# ၆

လေးတင်ခန်း၌ မှုကွဲများ ရှိနေကြောင်း ဖော်ပြခဲ့ပါသည်။

ရာမယဏဇာတ်ထုပ် စင်တင်ကပြသည့်မှု၊ ကျမ်းပြုသူ ဖိုးစိန်၏ (ရာမသုံးမျိုး ပုံတော်ရာမမှု)၊ ဦးတိုး၏ (ရာမရကန်မှု)၊ (မဟာရာမဝတ္ထုမှု)၊ (ရာမပြဇာတ်တော်ကြီး) မှ စသည်ဖြင့် ဆင်ဆင်တူသယောင်၊ ကွဲပြားသောမှုများရှိနေသည်။ သို့သော် ထိုမှုကွဲများကို ယခု ဖော်ပြမည် မဟုတ်ပါ။

မှုကွဲများ၌ ဘုံလက္ခဏာအားဖြင့် တူကြသော အချက် တစ်ချက်ကိုသာ ဖော်ပြပါမည်။ ယင်းကား.... ရာမမင်းသား လေးတင်ပွဲဝင်ပုံပင်ဖြစ်၏။ တစ်နည်းဆိုသော် လေးတင်ပွဲဝင် သော ရာမမင်းသား၏ 'သဘောထား' ပင်ဖြစ်၏။

မှုကွဲများအနက်မှ 'မဟာရာမဝတ္ထု' နှင့် 'ရာမပြဇာတ်တော်



www.foreverspace.com.mm



ကြီး' နှစ်ခုပါ ရာမမင်းသား၏ လေးတင်ပွဲဝင်ပုံကို ကောက်နုတ် ဖော်ပြပါမည်။

မဟာရာမဝတ္ထု....မှ

ဒသဂီရိ၏ မောက်မာသော အပြုအမူကို မြင်သောအခါ ရာမမင်းသား မနှစ်မမြို့ဖြစ်သည်။ ထို့ကြောင့် ဆရာတော် ဂေါ်ခိ ရသေ့ကို လျှောက်ထားသည်။

ရာမ ။ ။ ကျင့်ဝတ်သီလမြတ်ဓမ္မ၌ နှစ်ခြိုက်ပျော်မွေ့ပါသော အရှင်ဘုရား။ အကျွန်ုပ်တို့သည်လည်း၊ အသမ္ဘိန္န ခတ္တိယ မင်းမျိုးမင်းနွယ်ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ပါ၍ ဤဗိုလ်ခြေတစ်ထောင် တင်နိုင်သော လေး ညို့ကို တင်လိုပါသည်။ အကျွန်ုပ်တို့အား သနား သဖြင့် အခွင့်ပေးတော်မူပါလော့။

ထိုအခါ ဆရာတော်က သင်တင်ခြင်းငှာ စွမ်းနိုင်ပါမည် လောဟု မေးသည်။ ရာမမင်းသားက....

ရာမ ။ ။ အကျွန်ုပ်သည် တင်နိုင်သည်ဖြစ်စေ၊ မတင်နိုင်သည် ဖြစ်စေ၊ မင်းမျိုးမင်းနွယ်၏ အသရေပျက်အံ့ စိုးပါ သည်။ ဤ လေးညို့မျှလောက်ကို အကျွန်ုပ်သည် ပမာဏ မမူပါ။ တင်အံ့သော အကြောင်းကိုသာ အခွင့်လွှတ်တော်မူပါ။

ဟု လျှောက်သည်။

ဤတွင် ဆရာတော်က ဇနက္ကမင်းကြီးအား၊ မိမိ၏ တပည့်

www.foreverspace.com.mm



ရာမ လေးတင်ခွင့်ပြုရန် ခွင့်တောင်းသည်။ ဇနက္ကမင်းကြီးက ဝမ်းသာအားရ ခွင့်ပြုသည်။ ရာမမင်းသားလည်း ဆရာတော်နှင့် ခမည်းတော်၊ မယ်တော်စံရာ အယုဒ္ဓယပြည်သို့ ရည်မှန်း၍ ဦးသုံးကြိမ်ချ ပူဇော်ပြီး လေးတင်ပွဲ ဝင်အံ့ပြင်သည်။

ထိုအခါ ညီတော် လက္ခဏမင်းသားက နောင်တော်ရာမကို ပြောလာ၏။

လက္ခဏ ။ ။ နောင်တော် ဤသဘင်မှာ ဤမျှလောက်သော လေးညို့ကိုတင်ပြီး၊ ဘုန်းလက်ရုံးဂုဏ် မပြစေချင်ပါ။ ဤပမာဏမျှလောက်သော လေးညို့ကို ကျွန်ုပ်ပင် နောင်တော့်ကိုယ်စား တင်ပါမည်။ ရှုစား၍သာ နေပါ။

ရာမ ။ ။ ဤလေးသည် ပမာဏမထားလောက်ဘြား ညီတော်၏အရေးအရာမဟုတ်၊ နောင်တော်၏ အရေးသာ။ သို့ကြောင့် နောင်တော် လေးညို့ တင်သောအခါညီတော်က အပါးမှနေ၍ မြားကို သာဆက်၊ နောင်တော် မြားလွှတ်မည်။

ထီးဆောင်းမင်းများ။ ။ ကျောင်းသားလူငယ် တပည့်အရွယ် အမောင်လုလင်တို့....၊ အားခွန်ဗလကြီးလှသော ဒသဂီရိဘီလူးမင်းသော်မှပင် ဤလေးကို တင်နိုင်မည်ထား။ ချီကြွနိုင်ရန်ကိုပင် အလွန်ကြိုးစားရသည်။ အနားသို့ မချဉ်းကပ်ကြနှင့်။



www.foreverspace.com.mm



အမောင်တို့ ဤလေးပွဲသဘင်ကြီးသို့ဝင်၍ ပြက်ရယ်ပြုကြသလော။

ရာမ ။ ။ အမင်းမင်းတို့.... သင်တို့သာလျှင် ဘုန်းတန်ခိုးအာဏာမရှိ၊ သတ္တိနည်း၍ဤလေးအနားမချဉ်းကပ်ရဲကြဖြစ်သည်။ ငါတစ်မူကား နုနယ်ပျိုမျစ်သော်လည်း ဤလေးမျှလောက်ကို ပမာဏမမူ။ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းငါတင်၍ ပြမည်။ အသာအယာသာ ကြည့်ရှုနေကြကုန်။

ဒသဂီရိ ။ ။ ကျောင်းသားလုလင်....

ဤနတ်လေးအပါးသို့ချဉ်းရန် သင့်အသက်ငယ် နုလွန်းလှသေးသည်။ သင့်လို လုလင်ငယ်ကို မဆိုထားဘိ နဂါး၊ ဂဠုန်၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗ၊ အသုရာတို့ကို အစိုးရ၍ အားခွန်ဗလ သတ္တိကြီးမားလှသော ငါမှ တုံသော်လည်း တင်နိုင်မည်ထားဘိ၊ ချီကြွရန်ကိုပင် အင်မတန့်အားဖြင့် စွမ်းရချေသည်။ အမောင့်ဆရာရသေ့က မတားမြစ်သလော။ အမောင် ဤသဘင်မှာ ခန္ဓာဆုံးတော့မည်။ အဝေးမှာသာ နေလော့။

ရာမမင်းသားက မသိကျိုးကျွန်ပြု၍ လေးကိုသာ အာရုံပြုချဉ်းကပ်သည်။ အခြွေအရံ အပျိုတော်ရံရွေတို့မှာ ရာမမင်းသားကို မြင်သောအခါ ကြုခြေပျက်ယွင်း သတိကင်းလျက် ကရိကပါး

ဖောက်ပြားချွတ်ချော်ကြသည်။

သီတာမင်းသမီးလည်း (မရပ်မတည် မဆည်တတ်နိုင် ကြီးမိုင်ဗျာတွေလျက် ရှက်လှသော အသေရေကို အထွေထွေ စောင့်ထိန်းလျက် နှစ်သက်ခြင်း ပြင်းစွာဖြစ်လျက်) ဤသို့ ကြံအောက်မေ့၏။

(သြော်.... ခမည်းတော်ကား ရက်စက်စွာ အဘယ့်ကြောင့် ဤမင်းသားငယ်အား လေးတင်ခွင့်ပြုလိုက်ရပါသနည်း။ မကြင်မနာပြဘိ၏ တကား။ အားတော်ကလည်း ကန္တ့ကလျှရှိလှ၏။ ဤလေးကို တင်နိုင်စွမ်းပါမည်လော။ ခမည်းတော်သည် ဤအတိုင်းသာလျှင် ငါ့အား လက်ကိုဆွဲကိုင်၍ မင်းသားနှင့် ဆောင်နှင်းပါဘိ။ မင်းသားသည် လေးကိုတင်နိုင်ပါစေ၊ မတင်နိုင်သည်ရှိသော် ငါသည်ပင် ဤတစ်ပင်တိုင်နန်းမှဆင်း၍ မင်းသားနောက်သို့ အလုပ်အကျွေးလိုက်တော့အံ့) ထိုသို့ ထွေထွေရာရာ ကြံပြီးနောက် သီတာက ရံရွေတော်များကို ဆိုသည်။

သီတာ ။ ။ ရံရွေတို့၊ လေးတင်ပွဲဝင်လာသော မင်းသားညီနောင်တို့သည် အလွန်တစ်ရာ ပင်ပန်းပုံရ၏။ သို့ဖြစ်၍ သင်တို့က ငါ့ကိုယ်စား ကွမ်း၊ ရေတော်များ ဆက်သကြကုန်။ (မိမိ၏ ဆံထုံးမှ ပန်းခိုင်ကိုဖြုတ်ယူ၍ အပျိုတော် တစ်ယောက်အား ပေးပြီး) ဤပန်းကို လေးတင်မည့် မင်းယောကျ်ားထံသွား၍ ဆက်ချေ။





အပျိုတော်က ပန်းခိုင်ကို ရာမမင်းသားထံသွား၍ ဆက်သည်။ ရာမမင်းသားက သူ့လည်မှာဆင်သော ပန်းကုံးကိုချွတ်၍ သီတာအတွက် ပေးလိုက်သည်။ အပျိုတော်က ပန်းကုံးကို သီတာထံဆက်ရာ၊ သီတာသည် ရာမမင်းသားအား မြင်သည့်ကာလပင် ချစ်ခင်စုံမက် နှစ်သက်သည်ဖြစ်၍ ပန်းကုံးကို ပီတိဖြင့် စိန်းစိန်းကြည့်၍ ဦးခေါင်း၌ ပန်ဆင်လိုက်သည်။

ထို့နောက် ရာမမင်းသား လေးကိုတင်ရန်ရွယ်သည်။ သီတာမင်းသမီးက ပန်းကုံးကိုချွတ်၍ နတ်တကာတို့အား ပသပြီး ရာမမင်းသား အောင်မြင်စေကြောင်း ဆုတောင်းပြီး ရံရွေများကိုလည်း ဆုတောင်းမေတ္တာ ပတ္တနာပြုကြစေသည်။

ရာမမင်းသား လေးကို ချီကြွ၏။ ထို့နောက် လေးညို့ကို တင်သည်။ ဘုန်းအာနုဘော်ကြောင့် မိုးကြိုးသံ၊ လျှပ်သံ၊ ပွဲတင်သံ၊ တော်လဲသံတို့ ပြင်းစွာ မြည်ဟည်းလျက် လေးညို့နှစ်ပိုင်းကျိုးသည်။ ဒသဂီရိလည်း လွန်စွာ ထိတ်လန့်သည်ဖြစ်၍ ငါ.... သီတာကို မဆောင်ခံ့ပါပြီဟု ရေရွတ်ကာ လင်္ကာဒီပသို့ ပြန်ပြေးလေသည်။

ဤကား.... မဟာရာမဝတ္ထုလာ.... လေးတင်ခန်းမြင်ကွင်းပင် ဖြစ်ပါသည်။

## ၄

**(နေမျိုးနာဋကကျော်ခေါင်) ၏ (ရာမပြဇာတ်တော်ကြီး)....မှ**

ဒသဂီရိ လေးကို ချိုးကြွရုံမျှသာ တတ်နိုင်သဖြင့် အရှက်ရ၍ ပြန်ထိုင်စဉ်။

ဝိဿာမိတ္တရသေ့ ။ ။ မောင်ရာမမင်းသား၊ ပရိသတ်တို့အလယ်၌ စွမ်းအားကို ထင်ရှားပြလော့။

ဇနက္ကမင်းကြီး ။ ။ ဆရာတော်ဘုရား၊ အလွန်တရာကြီးမြတ်သော မင်းအပေါင်းတို့ မတင်နိုင်ရှိကြသည်ကို သူငယ်ဖြစ်သော ရာမမင်းသား အသို့တင်နိုင်ပါအံ့နည်း။

ဝိဿာမိတ္တရသေ့ ။ ။ ဒကာတော်မင်းကြီး၊ ဆရာ့တပည့် ရာမမင်းသာကို ငယ်သည်ဟူ၍ မဖြစ်ထင်တော်မူသလော။ မင်းသား၏ သတ္တိကို ဆရာဆိုအံ့။ ဆင်တစ်ထောင်အားကိုဆောင်၍ အမြင့်သုံးဆယ့်ခုနစ်ယူဇနာရှိသော တာရကာမည်သော ဘီလူးမကိုလည်းခွင်းနိုင်၏။ ယဇ်နတ်ပူဇော်ရာ ဖျက်ဆီးလာသော ဘီလူးအပေါင်းနှစ်သောင်းကျော်ကိုလည်း တစ်ယောက်ထီးတည်း အောင်မြင်နိုင်သူ ဖြစ်သည်။ သမီးတော်နှင့် ထိမ်းမြားလော့....။

ဇနက္ကမင်းကြီး ။ ။ ဆရာတော့်တပည့်၊ အယုဒ္ဓယပြည်ကြီးကို အစိုးရသော ဒသရဋ္ဌမင်းကြီးသားဖြစ်ကြောင်းကိုလည်းသိပါ၏။ မတင်နိုင်သဖြင့် ကြောက်ရွံခြင်းကို ရမည်ဖြစ်၍သာ ဆိုပါသည်။

ယခု မင်းအပေါင်းတို့၏မျက်မှောက်၌ ရာမမင်းသား၏ ဂုဏ်သတ္တိကို ပြပါလော့၊ ခွင့်ပေးပါတော့သည်။

(သီတာမင်းသမီးလည်း ခမည်းတော်ဆိုသော စကားကိုကြားလျှင် မင်းသားမျက်နှာကို ရိပ်ကာကြည့်၍ ပန်းကုံးဆက်ချင်ဟန်ပြစေ။ သည်မင်းသားသည် ငါ၏ အရှင်မှန်ပြီဖြစ်သည် နှလုံးထားဟန်ထားစေ)







www.foreverspace.com.mm

(မင်းသားလည်း မင်းသမီးပြသော ပန်းကုံးကိုမြင်လျှင် လှမ်းယူမတတ်ရှိ၏။ ကုန္ဒြေချုပ်တည်းဟန်၊ ချုပ်တည်းစေ)

ရာမ ။ ။ ဘုရားကျွန်တော်တို့ကို သနားတော်မူ၍ ခွင့်ပေးတော်မူသည်မှာ မဟာဒေဝနတ်မင်းကြီးပေးအပ်သော လေးကို ရွက်ဆောင်အံ့ငှာ မင်းအဖြစ်လည်း မဟုတ်ပါ။ မင်းဝတ်မင်းစားလည်း မစုံလင်ပါ။ ကျွန်တော်တို့ ညီနောင်နေပြည်တော်သို့ ရောက်ခြင်းလည်း လေးကိုတင်လို၍၊ ပေးစားထိမ်းမြားခြင်း ခံလို၍ရောက်ခြင်းမဟုတ်ပါ။ ဆရာတော်ဘုရားထံအတတ်သင်နေခိုက် ဆရာခေါ်ခဲ့သောကြောင့်ရောက်ရပါသည် ဘုရား။

ဝိသွာမိတ္တ ။ ။ မောင်မင်းသား၊ များစွာသောစကားကို မဆိုပါနှင့်။ မင်းသား အစွမ်းအရည်ကို များစွာသော မင်းအပေါင်းတို့ တင်ကြလေသည်ကိုတင်လော့။

ရာမ ။ ။ အရှင်ဘုရား၊ ဤလေးကို တင်ခြင်းငှာ အလိုမရှိပါဘုရား....။

လက္ခဏ ။ ။ နောင်တော်ဘုရား.... မအပ်မရာသော စကားကို အဘယ်ကြောင့်ဆိုသနည်း။ဇနက္က





မင်းကြီးက ခွင့်ပေး၍ ရှိလေပြီးသည်ကို နောင်တော်ကသာ ခွင့်ပေးပါ၊ ကျွန်တော် ကျိုးအောင်တင်ပါမည်။

ဝိသွာမိတ္တ ။ ။ မောင်လက္ခဏ၊ ဤလေးသည် မောင့် နောင်တော် ရာမမင်းသား တင်ထိုက်ပေသည့် လေးဖြစ်ပေသည်။မောင့်မှာ ပင့်ရုံမျှသာ ပင့်ရမည်။

(လက္ခဏလည်း ရှင်ရသေ့အမိန့်အတိုင်း လေးကို ပင့်ရုံမျှ ပင့်၍ ပြန်ချခဲ့၏။ ရာမမင်းသားက.... ကြိုးဝါး၍ လေးကို တင်သည်။ ထိုစဉ် သီတာမင်းသမီးက အောင်မြင်စေကြောင်း ဆုတောင်းသည်။ ရာမမင်းသား လေးတင်မြားပစ်သည်။)

www.foreverspace.com.mm

## ၈

လေးတင်ပွဲ အခင်းအကျင်းကို သက်ဆိုင်ရာစာများမှ ကောက်နုတ်ဖော်ပြပြီးပါပြီ။ ထိုအခင်းအကျင်းကိုထောက်၍ လေးတင်ပွဲရောက် ရာမမင်းသား၏ အခန်းကဏ္ဍကို ဤသို့ တွေ့နိုင်မည်ဖြစ်သည်။

- ရာမမင်းသားသည် အခြားသော ထီးဆောင်းမင်းတစ်ရာတို့ကဲ့သို့၊ ဒသဂီရိမင်းကဲ့သို့ လေးတင်ဖူးစာရှင်ရွေးပွဲသို့ ဝင်ရောက်ပါရန် ဖိတ်ကြားလွှာကို ရရှိခဲ့ခြင်းမဟုတ်။
- ဝိသွာမိတ္တဆရာရသေ့ လေးပွဲသဘင်သို့ အကြည့်အရှုလာရန် ပင့်ခေါ်သည်တွင် တပည့်ဖြစ်သော ရာမနှင့် လက္ခဏတို့အား လေးတင်ရမည့် အခွင့်အခါရောက်နိုင်သည်ဟူ၍ ခေါ်ဆောင်လာခဲ့ခြင်းဖြစ်သည်။



www.foreverspace.com.mm



- လေးတင်ပွဲတွင် ဒသဂီရိ ချိုကြပြီး၊ သီတာအား လက်ဝယ်အပ်နှင်းရမည်ဟု ကြိမ်းမောင်းစဉ်၊ မောက်မာရိုင်းပျမှုကို မခံမရပ်နိုင်သောကြောင့် ရာမမင်းသားက လေးတင်ခွင့်ပြုရန်ခွင့်တောင်းသည်။ (မဟာရာမ – မူအရ)
- ဒသဂီရိ ချိုကြပြီး လေးမတင်နိုင်ရှိရာတွင် ဝိသွာမိတ္တရှင်ရသေ့က ရာမမင်းသားအား လေးအတင်ခိုင်းရာ ရာမမင်းသားက လေးတင်ခြင်းငှာ အလိုမရှိပါဟု ငြင်းဆိုသည်။ (ပြဇာတ်တော်ကြီး – မူအရ)
- မငြင်းဆန်သာသောကြောင့် ရာမမင်းသား လေးတင်ပွဲဝင်သည်။

ဤအခင်းအကျင်းများကို ကြည့်လျှင် ရာမမင်းသား လေးတင်ပွဲဝင်ခြင်းမှာ သီတာမင်းသမီးအား ချစ်ခင်စုံမက် လိုလားနှစ်သက်၍ မဟုတ်ကြောင်း၊ ဒသဂီရိ၏ မောက်မာမှုကို သည်းမခံနိုင်သောကြောင့် (သို့မဟုတ်) ဘုန်းစွမ်းပြလိုသောကြောင့် (သို့မဟုတ်) ဆရာရသေ့၏ အမိန့်ကို မငြင်းဆန်နိုင်သောကြောင့်သာ ဖြစ်ကြောင်း ထင်ရှားပါသည်။

သို့သော်.... သီတာမင်းသမီး အနေဖြင့်မူကား....

ရာမမင်းသားကို မြင်စကတည်းကပင် တိမ်းညွတ်ခဲ့ကြောင်း၊ ဤမင်းသားပင်လျှင် လေးကိုတင်၍ ဖူးစာရှင်ဖြစ်ပါစေတော့ဟု ဆုတောင်းခဲ့ကြောင်း၊ ပန်းခိုင်ကို အလျင်ဦးစွာချွတ်၍ ရာမမင်းသားထံ ပေးအပ်ခိုင်းကြောင်း.... စသည့် အပြုအမူ

www.foreverspace.com.mm

လှုပ်ရှားမှုများကို တွေ့နိုင်လေသည်။

လေးတင်ပွဲကို နောက်ခံပြုလျက် သီတာမင်းသမီး၏ ရင်တွင်းစကားများကို ဤသို့ ကြားယောင်မိပါလေသည်။



www.foreverspace.com.mm

## ၉

*"... အားခွန်ဗလ ကြီးမားသလောက် ခက်ထန်ရိုင်းပျတဲ့ သိန်းယိုဋ္ဌဘုရင်ဟာ သတ်မှတ်ထားတဲ့ ပြိုင်ပွဲစည်းမျဉ်းနဲ့အညီ စ၊ လယ်၊ ဆုံး မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဒါပေမယ့်.... ဝင်ရောက်ယှဉ်ပြိုင်သော ထီးဆောင်းမင်းအားလုံးတို့ထက်၊ သူက ပိုမို စွမ်းဆောင်နိုင်တယ် ဆိုတာကတော့ ဘယ်သူမှငြင်းလို့မရတဲ့ အချက်ပါ။ အဲဒါကြောင့်မို့လည်း သီတာကို သူရပိုင်ခွင့်ရှိကြောင်းနဲ့ အကယ်၍ လက်ဆက်ဆောင်နှင်းမပေးဘူးဆိုရင် အတင်းအဓမ္မယူဆောင်သွားရမှာဖြစ်ကြောင်း သူ ကြုံးဝါးလို့နေပါပြီ....။*

*"ဟောဒီမဏ္ဍပ်ကြီးထဲမှာ ရှိနေကြတဲ့ ဘယ်သူ တစ်ဦးတစ်ယောက်ကမှလည်း သိန်းယိုဋ္ဌဘုရင်ကို မတားဆီးမဆန့်ကျင်ရဲကြဘူးလေ။ ကြောက်စရာကောင်းလှတဲ့ ဒသဂီရိမင်းလက်ထဲ*

www.foreverspace.com.mm

သီတာ ကျရောက် သက်ဆင်းရတော့မှာလား။ အို.... လေးပွဲသဘင် ကျင်းပတဲ့ စိန်၊ ရွှေ၊ ပတ္တမြား ကျောက်သံ ရတနာမျိုးစုံတို့နဲ့ ဆင်ယင်ထားသော ဟောဒီမဏ္ဍပ်ကြီးဟာ.... တကယ်တော့ ကျွန်မအတွက် 'အလောင်းစင်' ပါပဲ....။

"သိန်းဃိုဠ်ဘုရင်လက်ထဲ သက်ဆင်းရမယ်ဆိုရင်တော့ သီတာ ကိုယ့်ကိုယ်ကို အဆုံးစီရင်လိုက်တော့မယ်။ မချစ်မနှစ်သက်သူနှင့် အတူတကွနေရခြင်း၊ ဆင်းရဲဒုက္ခနဲ့ အသက်ရှင်နေခြင်းထက်၊ သေဆုံးခြင်းက ပိုလို့ ချိုမြိန်မှာ.... မဟုတ်လား....၊ မချစ်သူနှင့်အတူနေရခြင်း.... ချစ်သူနှင့် အတူမနေရ၊ ကွေကွင်းရခြင်း.... အို.... ချစ်သူက ဘယ်မှာလဲ....။

"အို.... သူ.... သူ.... ဆရာရသေ့ကြီးနောက်နားမှာ တစ်ချိန်လုံး ခပ်ရို့ရို့ရပ်နေတဲ့....သူ။ လှုပ်လှုပ်ရှားရှားနဲ့ ရှေ့ကို တိုးထွက်လာ။

"သူက တစ်ချက်ကလေးဆိုမှ.... တစ်ချက်ကလေး မျက်လုံးတွေ ဝင့်ပြီး.... သီတာ့ကို လှမ်းကြည့်တယ်။ ဒီအခါမှာ သူ့ကို တစ်ချိန်လုံး ငေးကြည့်နေမိတဲ့.... သီတာ့မျက်လုံးတွေနဲ့ တိုးဆောင့်မိသွားတယ်။ ဟင်.... ရင်ထဲမှာ သိမ့်ခနဲ.... လွန့်လွန့်လူးလူး.... အဲဒါ.... ဘာလဲ.... ဟင်။

"ဆရာရသေ့၊ ထီးဆောင်းမင်းများ၊ ခမည်းတော် ဇနက္ကမင်းကြီး၊ သိန်းဃိုဠ်ဘုရင်တို့နဲ့.... သူ့အကြား ဘာတွေပြောနေဆိုနေကြသလဲ။ သူ ခေါင်းယမ်းတယ်။ အံကြိတ်ပြီး မျက်မှောင်





www.foreverspace.com.mm

ကြုတ်တယ်။ ပြီးတော့.... သူ့ရင်အုံတစ်ခုလုံး မို့မောက်သွားသည်အထိ အသက်ပြင်းပြင်းရှိုက်တယ်။ ပြီးတော့.... လေးတင်ခုံရှိရာ ချဉ်းကပ်လာတယ်။

"သမ္မာဒေဝနတ်မြတ်များ.... ကူညီ ဝိုင်းမိုင်းမတော်မူကြပါ.... ကျွန်မရဲ့သူ့ရဲကောင်း.... လေးပွဲသဘင်ဝင်ပါတော့မယ်။ သူ.... လေးတော်အမှူ အလုံးစုံပြုနိုင်ပါစေ.... အို.... မပြုနိုင်ရင်လည်း.... သီတာ သူ့နောက်ကို လိုက်သွားတော့မယ်။

"ဘာကြောင့်လဲဆိုတော့.... ကျွန်မ သူ့ကို ချစ်မိပြီလေ။

"ကျွန်မ သူ့ကို ချစ်မိပြီဆိုတာလောက် သေချာတဲ့အရာ.... ဒီလောကကြီးထဲမှာ မရှိတော့ဘူး။

"အို.... ကြည့်စမ်းပါလေ.... နတ်ကောင်းနတ်မြတ်တွေရဲ့ တန်ခိုးတော်ပေပဲလား.... သီတာရဲ့ အချစ်ကြောင့်ပဲလား.... ချစ်သူရဲ့ စွမ်းပကားကြောင့်ပဲလား.... အဲဒါတွေ အားလုံး ပေါင်းဆုံတဲ့ အကြောင်းတရားပဲလား.... သူ.... အောင်မြင်သွားပြီ။

"ထီးဆောင်းမင်းအပေါင်းတို့နဲ့ တကွသော၊ ဗိုလ်ပါပရိသတ်ရဲ့ သောသောအုတ်အုတ် ကောင်းချီးပေးသံတွေ.... ရာဇကူဠေန္ဒြကြားထဲက၊ ခမည်းတော်မင်းကြီးရဲ့ အပြုံး။ သူ့တပည့်အတွက် ကျေနပ်အားရနေတဲ့ ဆရာရသေ့ကြီး....။ သူ့နောင်တော်အတွက် ဂုဏ်ယူမဆုံးရှိနေတဲ့ လက္ခဏ မင်းသား။

"ပြီးတော့.... သူတို့ အားလုံးနဲ့ ဆန့်ကျင်စွာ ဆောက်တည်ရာမဲ့ ကတုန်ကယင် ဖြစ်နေတဲ့ သိန်းဃိုဠ်ဘုရင်....။

www.foreverspace.com.mm

"အောင်ပွဲရ၊ သူ့ရဲကောင်းချစ်သူရဲ့ လည်မှာ သီတာရဲ့ ပန်းကုံးကို ဆင်မြန်းပေးလိုက်ပါပြီ.... လေးပွဲသဘင်မှသည်၊ စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားသဘင်.... သို့....။ အို.... ကျွန်မလောက် ကံကောင်းတဲ့ မိန်းကလေး ဒီလောကမှာ ရှိပါသေးသလား။ ချစ်တဲ့သူက.... အောင်ပွဲရခဲ့ပြီလေ။

"အချစ်တွေနဲ့.... ပြီးတော့.... ပျော်ရွှင်ကြည်နူးမှုတွေနဲ့ ဆည်မတန့်နိုင်တော့တဲ့ မျက်ရည်တွေက သီတာ့မျက်အိမ်မှာ ဝန်းဖွဲ့ပြည့်လျှံ လို့....။ အဲဒီမျက်ရည်လွှာက တစ်ဆင့်.... ချစ်သူရဲ့ မျက်လုံးတွေကို ကြည့်လိုက်တယ်။ ရှင်ကော.... ပျော်ရွှင်နေတယ်မဟုတ်လား.... ချစ်သူ....။ လေးတင်ဖို့ ချဉ်းကပ်လာခဲ့စဉ်က ကျွန်မဆီတစ်ချက်လှမ်းကြည့်လိုက်တဲ့.... ရှင့် မျက်လုံးတွေကို သီတာ.... ကောင်းစွာ ဖမ်းယူရရှိခဲ့တယ်နော်....။

"ရှင်.... သီတာ့ကို ချစ်ခင်....။

"ဟင်.... မဟုတ်သေးဘူး၊ တစ်ခုခု မှားနေတယ်။

"ရာမမင်းသားဟာ.... လေးတင်ကြင်ရာရွေးပွဲကို ဖိတ်ကြားလွှာနဲ့ ရောက်ရှိလာသူ မဟုတ်ဘူး....။ ဖူးစာရှင် အရွေးခံဖို့ လာတာ မဟုတ်ဘူး။ သူ့ဆရာရသေ့ကြီးနောက်ပါးကနေ သူတို့ ညီနောင်နှစ်ပါး လေးပွဲရှုစားဖို့ လာကြတာ။

"ပြီးတော့.... "လေးပွဲသဘင် မဝင်ချင်ပါ" လို့ ရှင်ပြောခဲ့တဲ့စကား။ ပြီးတော့မှ ဘုန်းစွမ်းလှစွမ်းပြအံ့.... လို့ ရှင် ကြုံးဝါးခဲ့တဲ့ စကား။ နတ်ဒေဝတာများ.... ကယ်မတော်မူကြပါ။





www.foreverspace.com.mm

"ရှင် ကျွန်မကို မချစ်ခဲ့ပါဘူး....။

"အချစ်အတွက်.... ရှင်.... လေးပွဲသဘင် ဝင်ခဲ့တာ မဟုတ်ပါဘူး။ ဒါပေမယ့်.... အရာခပ်သိမ်းဟာ မဆိုစလောက် နောက်ကျစွာနဲ့ ပြီးစီးခဲ့ပြီလေ။ ရှင်နဲ့ ကျွန်မ လက်ထပ်ရတော့မယ်။ သီတာချစ်တဲ့ သူ့ရဲကောင်းကို သီတာ့ခင်ပွန်းအဖြစ် ရရှိပိုင်ဆိုင်ရတော့မယ်။ ဒါပေမယ့် သူ့ရဲကောင်းကြီးကတော့ သီတာ့ကို လေးတင်ပွဲအောင်ပွဲရ လှစွမ်းကောင်းအတွက် ဆုလာဘ် အဖြစ်နဲ့သာ သိမ်းပိုက်မှာ.... ထင်ပါရဲ့....။

"လေးပွဲသဘင်.... အောင်မြင်ခဲ့ပြီ။

"ချစ်သူနဲ့ အတူတကွနေခြင်း.... ချမ်းသာကို ခံစားရတော့မယ့် ကျွန်မ သီတာကော အောင်မြင်ပါရဲ့လား.... ကျွန်မ.... စတင်ရှုံးနိမ့်ပြီ ထင်ပါရဲ့.... ချစ်သူရယ်....။

လှစွမ်းကောင်း ရွေးချယ်သည့် လေးတင်ပွဲကြီးပြီးဆုံးခဲ့ပြီ။ ရာမမင်းသားသည် အောင်ဆုအဖြစ် သီတာဒေဝီကို သိမ်းပိုက်နိုင်ခဲ့သည်။ အလားတူပင် လက္ခဏမင်းသားနှင့် ဥမ္မိလာ၊ ဘဒ္ဒရမင်းသားနှင့် ဟေမိလာ၊ သတ္တုရ ဃနမင်းသားနှင့် အဋ္ဌိလာတို့လည်း လက်ထပ်သဘင်များ ဆင်ယင်ကြလေသည်။ ခမည်းတော် ဒသရဋ္ဌမင်းကြီးက သားတော်လေးပါးနှင့် ကြင်ရာတော်တို့အား အယုဒ္ဓယမြို့တော်၏ အရပ်လေးမျက်နှာတို့တွင် မြို့တည်၍ စံစေတော်မူ၏။

ရာမယဏဇာတ်တော်၏ အရေးကြီးသော အချိုးအကွေ့

ဇာတ်ကွက်သို့ ရောက်ရှိလာပြီဖြစ်သည်။ ခမည်းတော် ဒသရဋ္ဌ မင်းကြီးက သားတော်ကြီးဖြစ်သော ရာမမင်းသားအား "ငါမူ အိုမင်းလေပြီ။ ပျော်မွေ့ရာ နေတော့မည်။ ယနေ့မှစ၍ အယုဒ္ဓယ ပြည်ကြီးနှင့်တကွ၊ ထီးနန်းကို မောင့်အား အပ်နှင်းတော့သည်။ ဘိသိက်ခံ၍ မင်းအဖြစ်ကို ယူလေတော့" ဟုဆိုပါသည်။

ရာမမင်းကို ထီးနန်းအပ်သည်ဆိုလျှင်ပင် ဒသရဋ္ဌမင်းကြီး၏ မိဖုရားကြီးတစ်ပါးဖြစ်သော 'ကေကရ' သည် စိတ်မာန် ပေါက်၍ မြေ၌ လူးလဲငိုကြွေးပါလေသည်။ ကေကရမိဖုရား ထိုသို့ပြုရသည့်နောက်ကြောင်း ရှိပါသည်။

ဒသရဋ္ဌမင်းကြီး၌ ကောသီလာ၊ ကေကရ၊ သုမိတ္တရာ ဟူ၍ မိဖုရားသုံးပါးရှိသည်။ ကောသီလာမိဖုရားမှ ရာမမင်းသားကို ဖွားမြင်သည်။ ကေကရမိဖုရားမှ ဘဒ္ဒရမင်းသားကို ဖွားမြင် သည်။ သုမိတ္တရာ မိဖုရားမှ၊ လက္ခဏနှင့် သတ္တရုဃနတို့ကို ဖွားမြင်သည်။

တစ်ခါက ဒသရဋ္ဌမင်းကြီးသည် သိကြားနှင့် အသူရာစစ်ပွဲ တွင် သိကြားမင်းဘက်မှ စစ်ကူပေးခဲ့သည်။ ထိုစစ်ပွဲ၌ အသူရာ တို့ရှုံးသော်လည်း ဒသရဋ္ဌမင်းကြီးမှာ အသူရာစစ်သည်တို့ ပစ် လွှတ်လိုက်သည့် လက်နက်များ ထိမှန်သဖြင့် ဒဏ်ရာများရခဲ့ လေသည်။ ထိုဒဏ်ရာများကို ကေကရမိဖုရားက ပြုစုကုသ ပေးသဖြင့် ပျောက်ကင်းချမ်းသာခဲ့၏။ မင်းကြီးက လိုသောဆု တောင်းရန် ခွင့်ပေးရာ မိဖုရားက "နောင်မှ အသနားတော်ခံပါ





မည်" ဟု တင်ခဲ့သည်။ မင်းကြီးက ထိုအချိန်တွင် ထိုဆုပြည့်စေရ မည်ဟု ကတိပြုခဲ့သည်။

ယခု.... သားတော်ကြီး ရာမကို ထီးနန်းပေးသောအခါ ရောက်မှ ကေကရမိဖုရားသည် ထိုဆုကို တောင်းလေသည်။ မိဖုရား တောင်းသောဆုကား "ကျွန်တော်မ၏သား ဘဒ္ဒရကို ထီးနန်းနှင်းတော်မူပါ"ဟူ၍ ဖြစ်၏။ မိမိသားကို ထီးနန်းမနှင်း၊ ကောသီလာမိဖုရားကြီး၏သား ရာမမင်းသားကို ထီးနန်းနှင်း သဖြင့် နှလုံးမသာဝေဒနာဖြစ်ရပါကြောင်း လျှောက်၏။ မင်းကြီး .... အခြားဆုကို ယူရန်ပြောသည်။ ကေကရမိဖုရား လက်မခံပါ။

"ကိုယ်တော်သည် မင်းတကာတို့ထက် ဘုန်းကြီးသော အရှင်စင်စစ်ဖြစ်ပါလျက် ပေးပြီးသောကတိကို မဖျက်သင့်ပါ။ ဝန်ခံတော်မူပြီးသည့်အတိုင်း၊ ကျွန်တော်မသားတော် ဘဒ္ဒရ ကိုသာ ဘိသိက်ခံခြင်း မင်းအဖြစ် ပေးတော်မူပါ" ဟု လျှောက် သည်။ အခက်ကြုံရသော ဒသရဋ္ဌမင်းကြီးက သို့ဆိုလျှင် သားတော်ကြီးရာမကို ငါဘယ်လိုပြုရပါ့ဟု ညည်းတွားရာ "ရာမ မင်းသားအား တောအရပ်၌ တစ်ဆယ့်လေးနှစ် နေပါစေဘုရား" ဟု လျှောက်လေသည်။

ဤသို့ဖြင့် ရာမမင်းသား တိုင်းပြည်မှ ထွက်ခွာရဖို့ ကြုံ လာသည်။

မယ်တော် ကောသီလာနှင့်တကွ အယုဒ္ဓယတစ်နန်းတော် လုံး ကြိမ်မီးအုံးဖြစ်ကြရာ၊ ရာမမင်းသားက "ခမည်းတော်ဘုရား

ခံဝန်တော်မူသည့် ကတိသစ္စာ၊ မိထွေးတော် ကေကရမိဖုရား၏ စကားကို မပျက်စေရ။ ဘဒ္ဒရသည်လည်း ညီတော်ပင်ဖြစ်လေရာ ထီးနန်းကို ပေးတော်မူပါလော့.... သားတော်မူကား တောမှာ တစ်ဆယ့်လေးနှစ် နေပါတော့မည်ဘုရား" ဟု လျှောက်လေသည်။

ထို့နောက် ရာမမင်းသားက သီတာဒေဝီအား "မြို့နှင့် နန်းအိမ်၊ သည်စည်းစိမ်ကို၊ စောင့်ငြိမ်ထိန်းသိမ်း၊ ပြည်သူငြိမ်း အောင်၊ မစိမ်းနှင့်နော်၊ ခမည်းတော်နှင့်၊ မယ်တော်ဘုန်းစည်၊ စံရွှေပြည်ကို၊ ရှေ့တည် လျင် လျား၊ မပြတ် သွားဦး၊ ခစားရို သေ၊ လုပ်ကျွေးလေလော့၊ စေ့ရေကြွင်းမဲ့၊ မှာဆိုခဲ့မည်၊ မင့်မေတ္တာ၊ မှတ်သားပါ သီတာငဲ့" ဟုမှာသည်။

မောင်တော်ရာမ၏စကားကို သီတာနားမထောင်ပါ၊ လက်မခံပါ။

"မောင်တော်ထိပ်ချာ၊ ကြွသွားရာကို၊ လျှပ်တပြက်မျှ၊ ခွာရက်ပါဘူး၊ ရှည်ကြူးတွက်စစ်၊ ဆယ့်လေးနှစ်စဉ်၊ တောခွင် စုံဖျား၊ သခင်သွားဦး၊ ပစ်ထားမယ့်ကို၊ နေရစ်ဆိုသော်၊ သက်ကို စွန့်အံ့၊ သေမခန့်သည်၊ ဆွတ်ပျံ့ မေတ္တာ၊ သနားပါဦး၊ မကွာတူ ကွာ၊ လိုက်ပါရမူ၊ သောကမှန်ပြင်း၊ စိုးရိမ်ကင်းဦး၊ ပွင့်လင်း ရှည်သက်၊ ခြေတော်ခက်ကို၊ ထိပ်ထက်တင်ကာ လုပ်ကျွေးပါ မည်၊ လိုက်ပါရစေ၊ ဘုန်းညွန့်ဝေ" ဟု လျှောက်လေသည်။ ညီတော်လက္ခဏကလည်း....





"နောင်နှင့် မရိုး၊ အံ့ချီထင်ရှား၊ မြတ်နှစ်ပါးကို ခစားလုပ်ကျွေး၊ မွေးပါရစေ" ဟု တင်ကာ လိုက်ပါခွင့်တောင်းသည်။

ထို့နောက် ရာမ၊ သီတာ၊ လက္ခဏတို့ အယုဒ္ဒယကို စွန့်ခွာခဲ့ကြသည်။

ဤနေရာမှစ၍ သီတာဒေဝီ၏ ကံသုံးပါး အပြုအမူကို စတင် သတိထားစရာ ဖြစ်လာခဲ့ပေပြီ။ တိတ်ဆိတ်ပျောက်ကွယ်နေသော သီတာဒေဝီ၏အသံကို ကြားလာရပြီ။ မတွေ့မြင်ခဲ့ကြရသော သီတာဒေဝီ၏ ခံစားမှုကို တွေ့လာရပြီ။

စင်စစ်မူ သူချစ်သော ရာမမင်းသားနောက်သို့ လိုက်ပါလာခြင်းသည် ချစ်သူတို့၏ စွန့်စားမှုပင်ဖြစ်၏။ မိန်းမသားတို့၏ အနစ်နာခံမှု အဆင့်သို့ မရောက်သေးပါ။ ချစ်သူမျက်နှာတစ်ရွာထင်သော မိန်းမသား၏ အချစ်နှင့် ပတ်သက်သော အရဲကိုး ဆုံးဖြတ်ချက်မျှသာဟု ဆိုနိုင်ပါသည်။ တောတောင်အရပ်၏ ကြမ်းတမ်းခက်ခဲပုံနှင့် ခရီးလမ်း၏ ပင်ပန်းဆင်းရဲပုံတို့ကို သီတာဒေဝီ ထည့်မတွက်ပါ။ ဘုရင့်သမီးတော်တစ်ပါး၊ ဘုရင့်သားတော်၏ ကြင်ရာတော်တစ်ပါးအနေဖြင့်၊ နန်းရိပ်စည်းစိမ်မှ ထွက်ကာ၊ တောသို့လိုက်ပါခဲ့ခြင်း၏ အဓိက မောင်းနှင်အားမှာ ချစ်သူနှင့် အတူတကွ နေလိုခြင်းပင်ဖြစ်၏။ ချစ်သူနှင့် ကွေကွင်းခြင်းဆင်းရဲကို ကြောက်ရွံ့မှုပင် ဖြစ်၏။

ချစ်သူနှင့် ကွေကွင်းရခြင်းဆင်းရဲကို အခြားဆင်းရဲဒုက္ခအပေါင်းထက် ပိုမိုကြောက်ရွံ့တတ်သော ဤအချက်ဖြင့် သီတာ

ဒေဝီအား မိန်းမသားအပေါင်းတို့ထက် ပို၍ ထူးခြားသူဟူ၍ မသတ်မှတ်နိုင်သေးပါ။ သို့သော်.... သီတာဒေဝီ၏ ကိုယ်ပိုင်ခံစားမှု ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ပြုမူလှုပ်ရှားဆောင်ရွက်မှုများကိုတော့ မြင်တွေ့လာရပြီ ဖြစ်ပါသည်။

လေးပွဲသဘင်တစ်လျှောက်လုံး အသံဆိတ်နေခဲ့သော သီတာဒေဝီသည် တောရပ်နှင်ခန်းမှစ၍ အသက်ဝင်လာခဲ့ပေပြီ။



## ၁၀

မင်းသုံးပါးတို့ ဂန္ဓကတောသို့ ရောက်ခဲ့ကြသည်။

ဂန္ဓကတောသည် သားစားဘီလူးတို့ ပျော်မြူးကျက်စားရာဒေသ ဖြစ်၏။ ဤဒေသမှာပင် ရာမဇာတ်လမ်း၏ ရှေ့ဆက်မည့် ကြီးမားပြင်းထန်သော အခြင်းအရာတို့ ပေါ်ပေါက်လာကြလေသည်။

ပထမဆုံးဖြစ်ရပ်ကား ဒသဂီရိ၏နှမတော် သဗ္ဗနခ ဘီလူးမဖြင့် စတင်၏။ သဗ္ဗနခသည် လင်္ကာပူရမှအပြန်၊ ဂန္ဓကတောအရောက် ရာမမင်းကိုမြင်သောအခါ ချစ်ခင်တပ်မက်မိပြီး နတ်ကညာအယောင်ဆောင်လျက် သီတာဒေဝီမသိအောင် ချဉ်းကပ်လာသည်။ ထို့နောက် ရာမမင်းကို ပြောသည်ကား....

"ထိတ်တင်သတင်း၊ ကြောင်းချင်းမျိုးမည်၊ လှရုပ်ရည်ကို၊

နတ်ပြည်တိုင်အောင်၊ ကျော်စောဆောင်၍၊ ဘုန်းခေါင်ဘုန်းမြင့်၊ သခင့်ထံရင်း၊ မကင်းမကွာ၊ ဤသီတာထက်၊ နှစ်သက်အင်ခြိုက်၊ လိုတော်လိုက်၍ ပျော်ပိုက်သိမ်းမွေး၊ လုပ်ကျွေးနေရအောင် သနားတော်ခံ ရောက်ပါသည်" ဟူ၏။

နတ်ကညာယောင်ဆောင်ထားသော ဘီလူးမဖြစ်ကြောင်း ရာမမင်းသိသဖြင့်....

"ငါ့မှာမူကား၊ ထိမ်းမြားမင်္ဂလာ၊ ဆောင်ခဲ့ပါသည်။ သီတာမိဖုရားနှင့်ဖြစ်သည်ကို မမြင်လား၊ ညီတော်လက္ခဏထံ သွားလေလော့၊ သင့်ကိုမြင်လျှင် ချစ်ခင်သဖြင့်၊ လက်ခံသိမ်းထားအံ့ငှာ၊ ငါ စာရေး၍ ပေးလိုက်မည်" ဟုဆိုကာ လက္ခဏထံသို့ ဤ နတ်ကညာယောင်ဆောင်ထားသော ဘီလူးမအား၊ အသက်ချမ်းသာပေး၍ နှာခေါင်းဖြတ်ပြီး လွှတ်လိုက်ရန်" စာရေးပေးလိုက်သည်။

လက္ခဏက ဘီလူးမကို လေးနှင့်ပစ်ရာ သဗ္ဗနခလည်း နှာခေါင်းပြတ်၍၊ နတ်အသွင်မှ ဘီလူးအသွင်ပြန်ရောက်လျက်၊ ကောင်းကင်ပျံတက် ထွက်ပြေးသွားလေသည်။ ထို့နောက် သဗ္ဗနခက ဒသဂီရိ၏ တူတော်များဖြစ်သော ခရနှင့် ဒုသသန ညီနောင်တို့က ရာမ၊ လက္ခဏတို့ကို စစ်ခင်းကြသည်။ ဤတိုက်ပွဲတွင် ခရ၊ ဒုသသနနှင့်တကွ ဘီလူးများစွာကျဆုံးသွားကြ၏။

ဤပဋိပက္ခကို အကြောင်းခံလျက်၊ ဒသဂီရိသည် ရာမ၊ လက္ခဏတို့ကို လက်စားချေရေးနှင့်အတူ သီတာဒေဝီကိုပါ သိမ်းပိုက်ရေးအတွက် စီစဉ်တော့သည်။ ဦးရီးတော် မာရစ္ဆ၊





ညီတော် ဘိဘိသနတို့ ကန့်ကွက်ကြသော်လည်း ဒသဂီရိ လက်မခံနိုင်ပါ။ "တေဇနေစက်၊ ငါ့ရွှေရုံး၊ ဘုန်းလက်နက်နှင့်၊ လက္ခဏ၊ ရာမ၏၊ ပါမျှမသွင်း၊ လေးတစ်စင်းကို၊ အခင်းတစ်ခု၊ လာမပြုနှင့်၊ ကံပြုသည့်အရာ၊ ကံလားရာ ကံသာမူလ၊ ဇနက္ကသွေး၊ မြင်သူတကာ၊ ရှုလို့မဝ၊ ပစ်ချိုးပသည်။ မသီတာကို ညာဏ်ရှာ၍ ပေးပါမှ၊ ရှုက်ဝေးချေနိုင်ကြရမည်" ဟု ကြုံးဝါးသည်။

ဒသဂီရိအတွက် အလွန်ချိန်ခါသင့်သော အခွင့်အရေးကောင်းပင် ဖြစ်၏။ လေးပွဲသဘင်၌ မိမိကိုဖြတ်ကျော်၍ အောင်ပွဲခံသွားသော ရာမကို ထိုစဉ်ကတည်းက ရန်ငြိုးထားခဲ့သည်။ လေးတင်ပွဲ၏ အမြင့်ဆုံးစွမ်းရည်ကို ပြသထားနိုင်ခဲ့သော မိမိလက်ထဲသို့ သီတာဒေဝီကျရောက်တော့မည့်ဆဲဆဲ ရာမမင်းသား ရောက်လာသဖြင့် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရကာ အရှုံးဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရသည်။ ထီးဆောင်းမင်းအပေါင်းတို့ အလယ်၌ လက်ဗ္ဗပူရ ထီးနန်းသခင် ဘုရင်စင်စစ်ဖြစ်ပါလျက် အရှက်ဖြင့် ရှုံးခဲ့ရသည့်အဖြစ်။ သီတာဒေဝီ၏ ရဲရွှေမောင်းမငယ်များက ရယ်သွမ်းသွေး လှောင်ပြောင်သည်ကိုပင် ခံခဲ့ရသည့်အဖြစ်။

ယခုတစ်ခါ နှမတော် သဗ္ဗနခကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် ကိုယ်ထိလက်ရောက် နှိပ်စက်ခဲ့ပြန်သည်။ သားတော်နှစ်ပါးကို သတ်ဖြတ်ကြပြန်သည်။ ရာမနှင့် လက္ခဏတို့ကို သုတ်သင်ရှင်းလင်း၍ သီတာဒေဝီကို သိမ်းပိုက်ရေးကား၊ လက်ဘ



www.foreverspace.com.mm

www.foreverspace.com.mm



ပူရဘုရင်၏ ရာဇမာန၊ အရှက်၊ ဒေါသ၊ အချစ်.... အားလုံးပြည့်စုံညီညွတ်စေမည့် အစီအမံပင်ဖြစ်လေသည်။

မသင့်တော်ပါကြောင်း အားလုံးက တောင်းပန်တားမြစ်ကြသည့် ကြားမှပင်၊ ဒသဂီရိသည် ဝရီးတော်၊ သည်ကဲ့သို့ ပြောဆိုပါတော့၊ ယခုတိုင် ကြားရမည် မဟုတ်ပြီ။ အကြိအတိုင်း ထွက်ကြစို့၊ "ရသေ့အသွင်၊ ဆင်ပြင်တန်ဆာ၊ တပသီဝတ်၊ မချွတ်ဆောင်ယူပါ တော်မူပြီ၊ ခုမှ ငါသည်၊ ပြင်ဆင်ဝတ်၍၊ လွတ်ရာကနေတော်မူမည်။ ထူးလည်ထွေလာ ဦးရီးမှလည်း၊ မာယာသမင်၊ ပီပြင်လှအောင်၊ အရုပ်ဆောင်၍၊ ညီနောင်နေရာ၊ မင်းသီတာအထံ၊ သွားနှင့်ပါလော" ဟု အမိန့် မှတ်လေသည်။

* * *

ဦးရီးတော် မာရဇ္ဇက၊ ရွှေအဆင်းသို့နှယ် ချစ်စဖွယ်ဝင်းပသော သမင်ငယ် အဖြစ်ဖန်ဆင်းယူလျက်၊ သီတာဒေဝီထံ အယောင်ပြသည်။ ရွှေသမင်ကို မြင်လျှင်ပင်၊ ချစ်မက် လိုချင်လှသဖြင့် သီတာက ဖမ်းသည်။ ဖမ်း၍ မမိနိုင်၊ မမိနိုင်။

"စိဆယ်ရည်မှန်လှ၊ ရွှေမိဂသမင်၊ မဖျားငယ်လက်တွင်၊ ညွန့်ရှင် ငယ်ရွက်ဆန်း၊ သမံသညီလာမှာ၊ အောင်ဇေယျာ သွန်းနေကျပန်း၊ မလှမ်းချင်လှမ်းချင်၊ တော်ဝင်လို့ မြောက်သန်း၊ မူယူ ဟန်ထွေဆန်းလို့၊ သည်ပန်းကိုမယူ၊ ယုဒ္ဒယရွှေနန်းစံ၊ မြိုင်ခန်းစံထိုက်တဲ့သူ၊ သည်တောနှင့် သည်မြိုင်ငူမှာ ဘေးရန်သူထွေပြား



www.foreverspace.com.mm



လို့၊ သနားမယ်ခေါ်ရာ၊ လိုက်ခဲ့ပြန်စွာ၊ ဂန္ဓကမော်ရုံချာမှာ၊ သစ်ကျားစာဖြစ်မည်ကြောင့်လေး"

ဖမ်း၍ မမိသောအခါ၊ မောင်တော်ရာမမင်းရှိရာလာ၍၊ ရွှေသမင်ကို ဖမ်းပေးပါရန် ပူဆာသည်။ "ခေါင်းလျှပ်လည်လျှပ်၊ လှရာမှာ ချုပ်ကရော့၊ အယုဒ္ဒယ၊ နှောင်မြန်းကြသောအခါ၊ ကျွန်မနေသည်၊ ရွှေတောင်ညာမှာ၊ စိန်ပြာချိုင့်နှင့်၊ ချိုရိုင်း ကလေး၊ မွေးပါရမယ်၊ လိုချင်တယ် ဘုန်းကြွယ်ထိပ်တင်၊ ကြည့် တော့ရှင်၊ ရွှေသမင်ကို၊ တိုင်ပင်နေရာ၊ ရှိပါသေး၏။ ဝေးဘူး ဘုရား၊ ဟိုဆီများ၊ သွားမြဲလာမြဲ၊ တောကြီးထဲမှာ၊ စားမြဲစားလို့၊ သနားစရာ၊ ဖမ်းတည့်ပါ...."

ရာမမင်းက ငြင်းပါသည်။ ဤဂန္ဓကတောကြီးမျက်မည်းနှံ့ ဒရယ်၊ သမင်၊ ပြောင်ဆင်စိုင် တိရစ္ဆာန်မရှိ၊ ထိုသမင်သည်၊ ဘီလူးတို့ နာနာရုပ်၊ မာယာလုပ်ခြင်းသာ ဖြစ်သည်ဟု နှစ်သိမ့်သည်။ သီတာက အထပ်ထပ်ပူဆာသည်။ ရာမမင်းကလည်း အတန်တန်ငြင်းသည်။ နောက်ဆုံးတွင်ကား ရာမမင်းအလိုကြိုက် လိုက်လျောရတော့သည်။ သီတာဒေဝီကို စောင့်ရှောက်ရန်၊ ညီတော်လက္ခဏအား အမိန့်အာဏာထားမှာကြားပြီး ရွှေသမင် လှည့်ဖျား ခေါ်ဆောင်ရာနောက် ရာမမင်း ကောက်ကောက်လိုက်ပါသွားသည်။

ခေတ္တအကြာတွင်၊ တောနက်ဆီမှ၊ "ညီတော် လက္ခဏရဲ့ လေး....။ တောကြီးမြိုင်ရပ်မှာ၊ သမင်ခက်လို့.... နှောင်တော်ခန္ဓာ

www.foreverspace.com.mm



ပြတ် သေရအံ့ချည်းသည်" ဟူသော ရာမမင်း၏ အသံကိုကြားကြရတော့သည်။ စင်စစ် ထိုအသံကား၊ ရာမမင်း၏ မြားသင့်ခံရသော ရွှေသမင်၏ ပရိယာယ်ဖြင့် ဟစ်သောအသံ....။

သီတာဒေဝီကမူ မောင်တော်ရာမ၏ အသံဟုပင် ယုံမှတ်သည်။ မောင်တော် ဘေးသင့်ပြီဟု ချောက်ချားတုန်လှုပ်စွာဖြင့် လက္ခဏအား၊ နောင်တော်ရှိရာ လိုက်ပါရန် အမိန့်ပေးလေသည်။ လက္ခဏက၊ နောင်တော့်အသံမဖြစ်နိုင်ကြောင်း ဘီလူးတို့မာယာသာဖြစ်ကြောင်း၊ ထို့အပြင် နောင်တော်၏အမိန့်အရ၊ မရီးတော်ကိုသာ စောင့်ရှောက်ရမည် ဖြစ်ပါကြောင်း၊ အပါးမှ မခွာနိုင်ပါကြောင်း.... ငြင်းဆိုသည်။

အတန်တန်ခိုင်းစေ၍ မရသောအခါ၊ သီတာဒေဝီက "မောင်လက္ခဏ၊ သွားပါ အကြိမ်ကြိမ်ဆိုပါသည်ကို၊ မသွားနေသည်မှာ၊ မောင့်နောင်တော် သေလိုလျှင် သေစေတော့၊ နောင်တော်သေမှ၊ အမောင် ငါ့ကို ယူမည်ကြံသလား" ဟု ဆိုလိုက်၏။

လက္ခဏ ဆက်လက်ငြင်းဆိုဖို့ မတတ်နိုင်တော့.... မရီးတော်အပါး မည်သည့်အန္တရာယ်မျှ မကပ်နိုင်ရန် စည်းတားလျက် ထွက်ခွာသွားရလေသည်။

ထို့နောက် ပေါ်ပေါက်လာသော အဖြစ်အပျက်များက မြန်ဆန်လွန်းလှသလို ကြောက်မက်ဖွယ်လည်း ကောင်းသည်။ တပသီအဝတ်ဖြင့် ရသေ့ယောင်ဆောင်ထားသော ဒသဂီရိ ရောက်လာကာ ဆွမ်းရပ်လေသည်။ သီတာဒေဝီက ကန်တော့



www.foreverspace.com.mm



ဆွမ်းဆိုသည်။ ဒသဂီရိက ထွက်ခွာမသွား။ နောက်ဆုံးတွင်၊ ရသေ့ရဟန်းတည်းဟူသော သဒ္ဓါစိတ်နှင့်အတူ မောင်တော်နှင့် မတ်တော်တို့ ဘေးကင်းစိမ့်သောငှာ ဆွမ်းထွက်လောင်းသည်။ စည်းအပြင်သို့ ရောက်လာသည့် သီတာဒေဝီအား လက်ကိုကိုင်သည့်ခဏ၊ ရသေ့အသွင်ကွယ်၍၊ ဘီလူးမင်းအသွင်ပြကာ၊ ရထားဆီသို့ ဆွဲငင်ခေါ်ဆောင်လျက် ကောင်းကင်ခရီးဖြင့် လင်္ကာပူရသို့ ထွက်ခွာလေသည်။

* * *

ရာမယဏဇာတ်လမ်း၏ ဤအဆစ်အပိုင်း ဇာတ်ကွက်အစဉ်ကို အကယ်၍ သီတာဒေဝီ၏ ပြန်ပြောစကားဖြင့် သရုပ်ဖော်မည်ဆိုပါက....။ သီတာဒေဝီ ဤသို့ မြည်တမ်းပြောဆိုပေလိမ့်မည်။

*"....အယုဒ္ဓယထီးနန်းကို ဆက်ခံစေဆိုတဲ့ အမိန့်တော်ရပြီးကာမှ၊ ဘဒ္ဒရမိဖုရားကြောင့်၊ တောမြိုင်အရပ်မှာ တစ်ဆယ့်လေးနှစ်နေစေဆိုတဲ့၊ ပြည်နှင်ဒဏ်ကို မောင်တော် လက်ခံလိုက်ရတော့တယ်။ အဲဒါဟာ မောင်တော်ရာမအတွက် ကြီးမားလှတဲ့ ဆုံးရှုံးနစ်နာမှုကြီးပါ။ ရာဇဘိသေက သဘင်နဲ့၊ ထီးနန်းပလ္လင် လက်တစ်ကမ်းအရောက်မှာပဲ မောင်တော်ရဲ့ လက်အစုံကို အဖယ်ရှားခံလိုက်ရတဲ့အဖြစ်ပါ။*

*".... ကျွန်မသီတာ မိဖုရားခေါင်ကြီး ဖြစ်ခွင့်မရတော့တာကို ကျွန်မ နည်းနည်းလေးမှ မထိခိုက်မတုန်လှုပ်ပေမဲ့ မောင်တော်*

www.foreverspace.com.mm



အတွက်တော့ သီတာ ကြေကွဲရပါတယ်။ ဒါပေမယ့် တောမြိုင်အရပ် ထွက်စေဆိုတဲ့ အမိန့်ကို မောင်တော်က တည်ကြည်ရဲရင့်စွာ လက်ခံလိုက်ချိန်မှာပဲ သီတာရဲ့ ကြေကွဲမှုတွေ လွင့်ပြယ်ခဲ့ပြီး မောင်တော် ရာမမင်းသားဟာ မိမိရဲ့ ထီးနန်းဆက်ခံခွင့်ကို ဖခင်ဖြစ်သူရဲ့ ကတိသစ္စာ မပျက်ပြယ်ရေးနဲ့ လဲနိုင်တဲ့ သားကောင်း၊ ယောကျ်ားကောင်းပါလားရယ်လို့ မြတ်မြတ်နိုးနိုး တိုးလို့ချစ်ရပြန်ပါတယ်။

"…. အဲဒီနောက်မှာတော့ တောအရပ်ဆီ ထွက်ခွာတော့မယ့် မောင်တော်ရာမရဲ့ခြေလှမ်းတွေနောက် ထက်ကြပ်မကွာ လိုက်ပါဖို့ဆိုတာဟာ၊ သီတာ့အတွက် အလိုအလျောက်ထွက်ပေါ်လာတဲ့ ဆုံးဖြတ်ချက်ပါ။ တကယ်တော့ ချစ်သူနဲ့ အတူရှိနေခြင်းဘဝမှာ၊ အယုဒ္ဓယထီးနန်းနဲ့ တောမြိုင်အရပ်တို့ဟာ ဘာမှမခြားနားပါဘူး။

"…. ဒီလိုနဲ့ ချစ်သူမောင်တော်နဲ့ သီတာ၊ ပြီးတော့ မောင်ငယ်ရင်းတမျှ အားကိုးရတဲ့ မတ်တော်လက္ခဏလည်း လိုက်ပါလို့ သီတာတို့သုံးဦး။ အယုဒ္ဓယကို ကျောခိုင်းလိုက်ကြတော့တယ်။ ကျန်ရစ်သူ ခမည်းတော်မင်းကြီး၊ မယ်တော်ကေသီလာနဲ့ သီတာတို့ကို ချစ်ကြသူများရဲ့ မျက်ရည်တွေကို မသိကျိုးကျွံပြုရက်ခဲ့တယ်ဆိုရင် အဲဒါဟာ မောင်တော်နဲ့အတူ လိုက်ပါရတဲ့ ပျော်ရွှင်မှုကြောင့် ဖြစ်ပါလိမ့်မယ်။

"…. ဂန္ဓကဆိုတဲ့ တောကြီးမျက်မည်းဟာ၊ တောနက်



www.foreverspace.com.mm



သလောက်၊ သားစားဘီလူးတို့ ကျက်စားရာဒေသ….တဲ့။ ဒါပေမယ့် သီတာ့မှာ ကြောက်ရွံ့ထိတ်လန့်စိတ် နည်းနည်းလေးမှမဝင်ခဲ့ပါဘူးဆိုရင် အဲဒါဟာ မောင်တော်ရဲ့ ဘုန်းစွမ်းကို အားကိုးသမှုပြုခြင်းဆိုတာထက် ချစ်သူနဲ့အတူ မကွဲမကွာနေရခြင်းဆိုတဲ့ ချစ်ခြင်းစိတ်ရဲ့ တန်ခိုးအာနိသင်ပဲ ဖြစ်ပါလိမ့်မယ်။

"…. ဒါပေမယ့်…. သားစားဘီလူးတို့ ကျက်စားရာတောဆိုတာလည်း မှားယွင်းနေပြီ ထင်ပါရဲ့…. ဘာကြောင့်လဲဆိုတော့ ချစ်စရာကောင်းလှတဲ့ ရွှေသမင်လေး မြူးထူးကျက်စားလာတဲ့ ဒီဒေသမှာ ဘယ်လို ကြောက်မက်ဖွယ်အန္တရာယ်မှ မရှိနိုင်ပါဘူးကွယ်။ မျက်လုံးနဲ့ အာခေါင် ပတ္တမြားအရောင်။ သဇင်ရွက်သေး၊ မြတ်လေးရွက်နု၊ လေလုတိုင်း အိနွဲ့ အိနွဲ့ပန်း၊ မမီတမီလှမ်းလို့ စားနေပုံက လည်တံမော့်မော့်၊ ချိုစင်လိုမှိုညက်၊ နားရွက်ကလေးက ရွှေအလွှာ၊ ခတ်ရာမှာတလှုပ်လှုပ်…. အို…. ရွှေအဆင်းနဲ့ ဝင်းနေတဲ့သမင်ကလေး…. သီတာချစ်လိုက်တာ၊ ဟောဒီတောထဲမှာ သီတာရဲ့အဖော်၊ ကစားဖက်၊ ပြီးတော့ အယုဒ္ဓယပြန်ရောက်ရင်လည်း ရွှေချိုင့်စိန်စီတဲ့ လှောင်အိမ်လေးနဲ့ မွေး….။

"…. မောင်တော့်ကို သီတာ ပူဆာရတော့တယ်လေ….၊ ဘီလူးတွေက မာယာလုပ်ထားတဲ့ နာနာရုပ်ဆိုတာကို သီတာလက်မခံနိုင်ပါဘူး….။ ဒါကြောင့်လည်း ရွှေသမင်လေးကိုမှ မမွေးရရင် သီတာ စက်မပျော်၊ စားတော်မဝင်၊ စိတ္တဇပင်စွဲတော့မှာပါလို့ပြောမိပါရဲ့….။ ချစ်သူက သီတာ့နဖူးဆံစကို

သပ်၊ သက်ပြင်း ကိုရှိုက်....၊ သူ့ညီလက္ခဏာကို အထပ်ထပ်မှာ၊ အမိန့်အာဏာ ထားပြီးနောက်မှာ၊ လေးနဲ့မြားစွဲလို့ ရွှေသမင်နောက် လိုက်သွား ပါတော့တယ်။ မောင်တော်.... အရှင်ဖမ်းခဲ့နော်.... ဆိုတော့လေ.... သူ့ တစ်ချက်လှည့်ကြည့် ခေါင်းညိတ်လိုက်ပုံက.... ဘုရား.... ဘုရား....

“.... ကျွန်မ မှားခဲ့ပြီ....။ တောနက်တစ်နေရာက သူ့အော်သံကြားတော့မှ သီတာမှားပြီလို့ ချောက်ချားစွာ သိလိုက်ရတော့တယ်။ သမင်ခတ်လို့ မြိုင်ရပ်မှာ.... ခန္ဓာပြတ်စဲ သေပွဲဝင်။ လက္ခဏာရေ.... မင့်နောင်တော်နောက် လိုက်စမ်း။ အခုဆိုတော့ လက္ခဏာက၊ ခေါင်းကို အတွင်းသာယမ်း သူ့အစ်ကို အမိန့်အာဏာကို မလွန်ဆန်စတမ်း ငြင်းဆိုနေတော့တာကလား။ မင်းမလိုက်ရင် အစ်မတော်ကိုယ်တိုင် လိုက်မယ်ဆိုတော့လည်း.... သူက လက်မခံ။ ဒါနဲ့ပဲ သီတာလေ.... လက္ခဏာ ဘယ်လိုမှ မငြင်းနိုင်တဲ့ လက်နက်ကို သုံးလိုက်ရတော့တယ်။ မင်းနောင်တော်မရှိမှ ငါ့ကို သိမ်းပိုက်မယ်ပေါ့လေလို့....။ ဒီမှာတွင်ပဲ၊ လက္ခဏာလေးဟာ၊ စည်းတွေတား၊ နှုတ်က တတွတ်တွတ် ရွတ်ဆိုလို့ ထွက်ခွာသွားတော့တယ်။ ခွင့်လွှတ်ပါ မောင်ငယ် လက္ခဏာရေ....။ အစ်မတော်ရင်ထဲမှာ မင့်နောင်တော်အတွက် အဆမတန်စိုးရိမ်စိတ်နဲ့ မီးတွေတောက်နေခဲ့ပြီလေ....။

“.... အဲဒီနောက်မှာတော့.... ကြောက်စရာ ဒီအဖြစ်ဟာ အိပ်မက်ဆိုးကြီးသာ ဖြစ်လိုက်ပါတော့....။ ဒါပေမယ့် အိပ်မက်





ဆိုး မဟုတ်လေဘူး။

“.... တပသီရသေ့တစ်ပါးမို့ ကြည်ညိုသဒ္ဓါစိတ် ဖြစ်ပေါ်လာပေမယ့်၊ လက္ခဏာစကားနားထောင်ပြီး သီတာ စည်းအပြင် မထွက်၊ နေရာက တစ်ဖဝါးမှမရွေ့ဘဲ၊ ကန်တော့ဆွမ်းပါဘုရားလို့သာ တွင်တွင်ဆိုခဲ့ပါတယ်.... နောက်တော့....။

“.... အို.... ချစ်ခြင်းကြောင့် ပူလောင်ရတဲ့ နှလုံးဟာ ဆင်ခြင်နိုင်စွမ်း အသိတရားကို အနိုင်ရသွားခဲ့ပြီ။ မောင်တော်တို့ညီနောင်အတွက် ဘေးရန်ကင်းစေဖို့ ဆုတောင်းလိုတာနဲ့ပဲ သီတာ ဆွမ်းလောင်းခဲ့တယ်။ စည်းအတွင်းကြွပါဆိုတော့ တပသီရသေ့ကြီးက၊ မာတုဂါမတို့ အရိပ်အာဝါသအတွင်း၊ ငါတို့ မဝင်စကောင်းတဲ့။

“.... သီတာ အပြင်ထွင်ခဲ့မိပါတယ်။

“.... အဲဒီခြေတစ်လှမ်းဟာ.... သီတာ့တစ်ဘဝလုံးကို ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားစေမယ့်.... မိုက်မဲလှတဲ့ ခြေတစ်လှမ်းဆိုတာ.... သိလိုက်တဲ့ တစ်ခဏမှာပဲ နောက်ကျသွားခဲ့ပြီ။

“.... မိတ္တီလာပြည်၊ လေးပွဲသဘင် တက်ရောက် ယှဉ်ပြိုင်ခဲ့တဲ့၊ သိန်းယိုဠ်ဘုရင် ဒသဂီရိဘီလူးမင်း။ သီတာ့လက်ကို သူ ကြမ်းတမ်းစွာ ဆွဲကိုင်ပြီး၊ ရထားပေါ်တင် ကောင်းကင်ခရီးနဲ့ ပျံထွက်ဖို့ ရထားအတက် ရိပ်ခနဲ မြင်လိုက်ရတာက.... မြေအပြင်ထက်၊ သီတာရပ်ခဲ့တဲ့နေရာက စည်းသားအရေးအကြောင်းတွေ ပျက်လို့.... ဆွမ်းအဖြစ်လောင်းဖို့ ယူခဲ့တဲ့ သစ်သီးလေးတွေ

www.foreverspace.com.mm



အလှူးလှူး အလိမ့်လိမ့်....။ သစ်ခက်တဲလေးရဲ့ ခြံစည်းရိုး တစ်ဝိုက်က ပန်းပွင့်လေးတွေ အကြေကြေ အမွမွ....။

"....မောင်တော်ရာမလို့.... ဟစ်လိုက်တဲ့၊ သီတာ့အသံဟာ၊ ဂန္ဓကတောအလုံး သိမ့်သိမ့်တုန်လေသလားမသိ။ သီတာ့ တစ်ကိုယ်လုံးနဲ့ နှလုံးသည်းပွတ်မှာတော့.... မစဲတမ်း ပဲ့တင် ဟည်း.... လို့....။

"....ကျွန်မ.... မှားခဲ့ပြီ....။"



www.foreverspace.com.mm

## ၁၁

ရာမယဏဇာတ်လမ်း တစ်စတစ်စ ရှည်လျားသည်နှင့်အမျှ သီတာဒေဝီ၏ အခန်းကဏ္ဍသည်လည်း ပို၍ပို၍ ရုပ်လုံးကြွလာကြောင်း ဆိုင်ရာအခန်းများအလိုက် ဖော်ပြခဲ့ပါပြီ။ တစ်နည်းအားဖြင့် ရာမယဏဇာတ်ကွက်များ၏ 'အတက်' မျဉ်းနှင့် သီတာဒေဝီ၏ စရိုက်သဘာဝကိုပြသော မျဉ်းကြောင်းတို့သည် အချိုးညီသော 'ဂရပ်' များ ဖြစ်နေသည်ကို တွေ့ရလေသည်။

လက္ခမိနတ်သမီး (ဂန္ဓဗ္ဗ) ဘဝမှစုတေ၍ မိထိလာဘုရင်ဇနက၏ ထွန်သွားထွန်တံရှေ့ မြေဆီမြေလုံး စုံစုံတက်ခဲ့သည်။ သံသေဒဇ ဆယ့်နှစ်နှစ်သမီးအရွယ်မှ ဘဝဇာတ်ကြောင်း အစပြုခဲ့သော သီတာသည် လေးတင်ပွဲကာလတွင် အနည်းငယ် ရုပ်လုံးပေါ်လာသည်။ သို့သော် ထိုအခန်း၌ ဒသဂီရိ၊ ရာမ၊ လက္ခဏ

www.foreverspace.com.mm



တို့၏ စရိုက်ဖော်ပြကွက်များက အားကောင်းစွာ ရှင်သန်ထင်ရှား ရှိနေခဲ့သည်ဖြစ်ရာ သီတာဒေဝီမှာ ဇာတ်လိုက်မင်းသမီး (ဟီးရိုးဝင်း) ဖြစ်ပါလျက် ရုပ်လုံးထင်ရှားခြင်း မရှိခဲ့။ သီတာ၏နေရာမှာ အရွေးခံ၊ အဆုံးဖြတ်ခံ အငြိမ်သက်သက်သာ ရှိခဲ့လေသည်။

ရာမနှင့်လက္ခဏတို့ အယုဒ္ဓယမှထွက်ခွာ တောတောင်အရပ်မှာ ၁၄ နှစ်နေကြစေရန် ပြည်နှင်ဒဏ် အပေးခံရသောဇာတ်ကွက်မှာလည်း သီတာသည် မောင်တော်ရာမ နောက်တော်ပါးမှ လိုက်ပါရသည်ကလွဲ၍ မည်မည်ရရ မပေါ်လွင်ခဲ့။

ဒသဂီရိ၏ အစီအစဉ်ဖြင့် ရွှေသမင်အတု ဖန်ဆင်းကာ ရာမမင်းအား အရပ်တစ်ပါးရောက်အောင် သွေးဆောင်သော အခန်းတွင်ကား သီတာဒေဝီ၏ ရုပ်လွှာသည် အသက်ဝင်လာခဲ့ပေပြီ။ (၂၀၀၁ ခုနှစ် စက်တင်ဘာလ အမေရိကန်ပြည်ထောင်စု၊ မြောက်အီလီနွိုက်တက္ကသိုလ်၌ ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ရာမယဏကွန်ဖရင့်မှာ အိန္ဒိယရာမပညာရှင်တစ်ဦး တင်သွင်းသော စာတမ်းတွင်မူ သီတာဒေဝီ၏ စရိုက်သဘာဝသည် သမင်လိုက်ခန်း၏ ဟိုမှာဘက်နှင့် ဤမှာဘက်တွင် လုံးဝပြောင်းလဲသွားသည်ဟု စိတ်ဝင်စားဖွယ် တင်ပြခဲ့သည်။ သမင်လိုက်ခန်းဇာတ်ကွက်သည် သီတာဒေဝီ၏ စရိုက်အပြောင်းအလဲ အချိုးအကွေ့ မှတ်တိုင်ဖြစ်သည်ဟု စာတမ်းရှင်က ကောက်ချက်ချခဲ့လေသည်။)

ဒသဂီရိ အစမ္မဆောင်ကြဉ်းရာသို့ လိုက်ပါခဲ့ရသည့်



www.foreverspace.com.mm



နောက်ပိုင်းတွင် သီတာသည် ယခင်သီတာနှင့် များစွာပြောင်းလဲခြားနားသွားသည်ဟု ဆိုရပါမည်။ ရွှေသမင်ကို ရွှေလှောင်အိမ်ဖြင့်မွေး မြူရချင်လို လှ၍ မောင်တော်ရာမအား ပူဆာသည့်အကွက်အထိ၊ သီတာသည် လောကအမြင်ကို နားမလည်သေးသည့် ပီဘိ မိန်းမသားဖြစ်ခဲ့သည်။ သူသိသည်မှာ ရာမမင်းကိုမြတ်နိုးစွာ ချစ်ခင်စုံမက်ခြင်း၊ ချစ်သူနှင့် အတူတကွနေလိုခြင်း၊ ထိုသို့နေရခြင်းကြောင့် အရာခပ်သိမ်းပြည့်စုံပြီဟု နားလည်ခြင်း..... ဒါပဲဖြစ်သည်။ တစ်နည်းဆိုရလျှင် လောကကြီးကိုကြည့်မြင်လိုက် သော သီတာသည် အချစ်ကိုသာတွေ့ရသည်။ ထိုလောကကြီး၏ လောကဓမ္မ (လောကဓံတရား) ကို မမြင်တတ်သေး။ လောကကြီးဆိုသည်မှာ ဆန့်ကျင်ဘက်များဖြင့် ပြိုးပြွမ်းရိုက်ခတ်နေသည်ဟု သူမသိသေး။ အချစ်၏ အခြားတစ်ဖက်တွင် အမုန်းရှိနေတာကို မမြင်နိုင်။ ကြည်နူးသာယာမှု၏အခြားတစ်ဖက်၌ စက်ဆုပ်ထိတ်လန့်ဖွယ်များ ရှိနေတာကို မသိ။ အချစ်ဆိုသော အရာ ကိုယ်နှိုက်သည်ပင်လျှင် လှပသော ရင်ခုန်ဖွယ်များနှင့်အတူ ရင့်သီးသော နာကျင်မှုများကို သယ်ဆောင်လာတတ်ကြောင်း သီတာ မသိ။

ဤသို့ဖြင့် ဒသဂီရိ လက်သို့ ပါခဲ့ရလေသည်။

လင်္ကာပူရ သိန်းယိုဋ်ကျွန်းတွင် 'နန်းရွှေချိုင့်လှောင်' အကျဉ်းစံ ဘဝသို့ ရောက်ခဲ့ရလေသည်။ ချစ်သူနှင့် ရှင်ကွဲကွဲကာ၊ မုန်းသူ၊ ထိတ်လန့်ဖွယ် ကြမ်းကြုတ်သူ၏ အချိန်နှင့်အမျှ အနှ

www.foreverspace.com.mm

နည်း၊ အကြမ်းနည်းတို့ဖြင့် ဆွဲဆောင်သိမ်းသွင်းခြင်းကို တွေ့ကြုံရတော့သည်။

ဤဆင်းရဲဒုက္ခသည်ပင် သီတာ၏ ‘ငုပ်’ နေခဲ့သော အရည်အသွေးကို ဖော်ထုတ်လိုက်သည့် အကြောင်းတရား ဖြစ်လာပေသည်။

ချစ်သူကို အချိန်နှင့်အမျှ လွမ်းမောရင်း၊ ဘီလူးတို့အလယ်၊ တစ်ဦးတည်းသော လူသားမိန်းမ အကျဉ်းသားအဖြစ် ထိတ်လန့်စွာ နေထိုင်ရင်း အနိဋ္ဌာရုံများကို သီတာ ဖြတ်သန်းခဲ့ရသည်။ ထိတ်လန့်တုန်လှုပ်ဖွယ် အတွေ့အကြုံထဲမှာပင် သီတာ၏ နှလုံးသားသည် အားကောင်းမောင်းသန်ဖြစ်လာသည်။ ပူဆွေးမှုမြေဆီမှနေ၍ သစ္စာတရားသီးနှံများ ပေါက်ဖွားရှင်သန်လာကြသည်။ ထိတ်လန့်မှုအမြစ်မြွာများမှ မယိမ်းမယိုင် ပြတ်သားမှုပန်းများပွင့်လာကြသည်။

သီဟိုဠ် သိန်းယိုဠ်ပြည့်ရှင်၏ ခက်ထန်သော အရေးဆိုချဉ်းကပ် ထိုးဖောက်မှုကို အောင်မြင်စွာ ခုခံတွန်းလှန်နိုင်ခဲ့သည်။ အသောကဥယျာဉ်ထဲသို့ ဒသဂီရိ လာရောက်တွေ့ဆုံကာ သူ့အချစ်ကို လက်ခံဖို့ လင်္ကာဒီပ မဟေသီအဖြစ်ခံယူဖို့ ချော့တစ်ခါ ချောက်တစ်လှည့် တောင်းဆိုသည့်အကြိမ်တိုင်းမှာပင် သီတာဒေဝီသည် တင်းမာပြတ်သားစွာ ငြင်းဆိုပယ်ချခဲ့လေသည်။

မချစ်မနှစ်သက်နိုင်သူကို ထိုသို့ တင်းမာပြတ်သားစွာ ရင်ဆိုင်ခဲ့ပြီးနောက် တစ်ကိုယ်တည်း ကျန်နေရစ်ချိန်များတွင်





www.foreverspace.com.mm

ကား ထိုခွန်အားများက မျက်ရည်များအဖြစ်သို့ ပြောင်းလဲသွားကြပြန်သည်။ ချစ်သောမောင်တော် ဘယ်သို့ရှိပါလေသနည်း။ ဘယ်အချိန်ဘယ်အခါမှ လာရောက် ကယ်ဆယ်နိုင်ပါမည်နည်း....။ သည်လိုဖြင့်ပင် ဘီလူးမင်း၏ အကျဉ်းသားဘဝဖြင့် အသက်ဆုံးရတော့မည်ထင်ရဲ့။

နောက်ဆုံးမှာတော့ စစ်သူကြီး ဟနုမာန်၏အစွမ်းဖြင့် ရာမ၊ လက္ခဏနှင့် မျောက်စစ်သည်များ (ကုဋေပေါင်း တစ်ကောဋိ) ကျောက်တန်း တံတားဆင်ကာ သမုဒ္ဒရာကို ကူးဖြတ်၊ လင်္ကာပူရသို့ ရောက်လာကြသည်။ ကြီးစွာသော စစ်ပွဲများ ဖြစ်ပေါ်ခဲ့သည်။ ဘီလူးစစ်သည်များ၊ မျောက်စစ်သည်များ၊ နှစ်ဖက် သူရဲကောင်းများ ကြောက်ခမန်းလိလိ တိုက်ခိုက်ကြကာ၊ အကျအဆုံးများစွာဖြင့် စစ်မီးကြီး တောက်လောင်ခဲ့သည်။

လင်္ကာဒီပစစ်မြေပြင်ပေါ်မှ ထိုစစ်မီးလျှံကြီးများသည် သိန်းယိုဠ်ပြည့်ရှင် ဘုရင်ဒသဂီရိကျဆုံးခြင်းနှင့်အတူ ငြိမ်းသေသွားခဲ့သည်။ စစ်ကြီးပြီးခဲ့ပြီ။ မောင်တော်ရာမသည် ကြောက်စရာအကောင်းဆုံး ဘုန်းတန်ခိုး အကြီးဆုံးရန်သူကို ကိုယ်တော်တိုင်၏ လက်ဖြင့် သုတ်သင်အောင်မြင်ခဲ့ပြီ၊ ချစ်သူ၏ ကယ်တင်မှုကြောင့် ရန်သူ့လက်မှ သီတာလွတ်မြောက်ခဲ့ပြီ။

သီတာဒေဝီအဖို့ အလုံးစုံခပ်သိမ်းပြည့်ဝသော ပြည်တော်ပြန်ခရီး ဇာတ်ပေါင်းခန်းပင် မဟုတ်ပါလား။

လောကဓံက မထင်မှတ်ပဲ ချိုးကွေ့သွားပြန်သည်။

www.foreverspace.com.mm



လောကကြီး၏ ဤတစ်ခါ ပုတ်ခတ်လှောင်ပြောင်မှုကား ရက်စက်လွန်းလှသည်။ ရန်သူနှင့် ရင်ဆိုင်ရသော စစ်မြေပြင်နှင့် သေနင်္ဂသည် ရိုးရိုးရှင်းရှင်းပဲဖြစ်သည်။ ချစ်သူနှင့် ရင်ဆိုင်ရသော ချစ်ခြင်းစစ်တလင်းကား ရှုပ်ထွေးသည်နှင့်အမျှ ခါးသီးနာကျင်ဖွယ် ကောင်းလှဘိခြင်း။

ဂန္ဓကတောဝယ် ရသေ့တပသီသူတော်အထင်ဖြင့် သစ်သီးဆွမ်း ထွက်လောင်းခဲ့စဉ်က ရသေ့အသွင်မှသည် ဒသဂီရိ ဘီလူးမင်းအသွင်သို့ ရောက်ရှိသွားခဲ့ဖူးသည်။ ထိုအချိန်ကား သီတာသည် အံ့ဩထိတ်လန့်ခြင်းများဖြင့် အခိုက်အတန့်မျှ မေ့လျော့ သွားခဲ့ဖူးလေသည်။

ယခုကား ချစ်လေသူ၏ အသွင်ပြောင်းလဲမှု ဖြစ်သည်။

ယခင်တစ်ခါက မမျှော်လင့်ခဲ့သော တစ်နေရာမှ တိုက်ခိုက်ခံရခြင်း ဖြစ်သည်ဟုဆိုလျှင် ယခုကား ဘယ်တုန်းကမှ ရှိလိမ့်မည်ဟု မထင်ခဲ့။ မတွေးခဲ့ရသည့်နေရာမှ အထိုးနှက်ခံရခြင်း ဖြစ်လေသည်။

* * *

နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီး တတိယတွဲ၊ စာမျက်နှာ (၁၄၁) တွင် ဤသို့လာသည်။

ရာမမင်း ။ ။ ဗိုလ်မှူးဟနုမာန်၊ သီတာမိဖုရားထံသွား၍
ကြည့်ရှုရမည်။ ကြည့်ရှု၍ ဟနုမာန် ပြန်လာ



www.foreverspace.com.mm



လျှင် လက်ာပုရမြို့မင်း ဘိဘိသနကို ခန့်ထား
၍ ပုပ္ဖရထားနှင့် တင်ယူလာစေမည်။ ဟနု
မာန် အလျင်အမြန်သွား၍ ကြည့်စေ။

ဟနုမာန်က တင်ပါပြီဘုရားဟုဆို၍ ဦးချပြီးလျှင် ထွက်လာစေ။

သီတာမိဖုရားရှေ့သို့ လက်ယှက်၍ ဝင်လာစေ၊ သီတာမိဖုရားထံရောက်လျှင် လျှောက်ရမည်မှာ....

ဟနုမာန် ။ ။ ကျွန်တော်အရှင်၊ ထိပ်ခေါင်တင်၊ ပုပင်သော
နှလုံးကို ကျုံးရှင်သည်ထိ သမုဒ္ဒရာ ရေထဲမှာ
ချသကဲ့သို့ရှိပါပြီ။ လောကလုံးသနင်း ရာမ
မင်းမှာလည်း အရှင်မင်းသမီးကြောင့် စိုးနှောင့်
ဗျာပါ မသာသောစိတ်လက်နှင့် နှောင့်ယှက်
ရန်မီး ဘီလူးကြီးဒသဂီရိကို လုပ်ကြံရှင်းလင်း
အောင်မြင်ခြင်းအပြီးသို့ ရောက်လျှင် ဘိဘိ
သနကို လက်ာပုရပြည်၌ မင်းပြုစေသည်။
အရှင်နှစ်ပါးမှာလည်း ရေတွေ့သော ပဒုမ္မာ
ကဲ့သို့ သာယာ ပွင့်လန်းပါတော့မည်။
ကျွန်တော်ကိုလည်း စေတော်မူ၍ အရှင် မင်း
သမီးထံ အမြန်လာနှင့်ရပါသည်။ ကျွန်တော်
ပြန်၍ရောက်လျှင် လက်ာပုရမြို့မင်း ဘိဘိ
သနကို စေတော်မူ၍ ပုပ္ဖရထားဖြင့် တင်ယူ

www.foreverspace.com.mm

လာပါတော့မည်။

သီတာက ။ ။ 'အရှင်မျက်နှာတော်ကို ဖူးမျှော်ရတော့မည် ထင်ပါသည်။ ဟနုမာန် အလျင်အမြန် ပြန်သွားလျှောက်ထားပါလေဟု စေလိုက်ရာ ဟနုမာန် ပြန်သွားသည်။ ရာမမင်းကို သံတော်ဦးတင်သည်။ ထိုအခါ

ရာမမင်း ။ ။ ညီတော်လက္ခဏ၊ မောင့်မရီးတော် ရွှေလှော်စင်ဝါမင်း သီတာကို မကြာရှေ့ရှု ဆောင်ယူရမည်ဖြစ်သည်။ လင်္ကာပူရ၊ စိုးပိုင်သသည့် ဘိဘိသနကို ပုပ္ဖရထားဆောင်ယူ၍ ငါ့ထံလာရမည်။

အမိန့်အတိုင်း ဘိဘိသနသည် အင်္ဂတ (ကျဆုံးသွားသော ဗာလီမျောက်မင်း၏သား)နှင့်တကွ မျောက်အမတ်များ၊ ဘီလူးအမတ်များ ခြံရံလျက် သီတာကို သွားရောက်ခေါ်ယူလေသည်။ သို့သော် သီတာက

"အများယောက်ျားတို့ အလယ်တွင် ကျွန်ုပ် မိန်းမတစ်ယောက် အထီးတည်းဖြစ်ပါသည်။ အဖော်သဟဲ မရှိပါ။ တင့်တယ်ဖွယ်ရာမည် မထင်ပါ" ဟု ဆိုသဖြင့် ဘိဘိသနက လုပယဉ်ကျေးသော ဘီလူးမမိန်းမပျို ကညာများကို ရွေးချယ်ကာ သီတာဒေဝီ လိုက်ပါဖို့ စီမံရပြန်သည်။ သီတာသည် လက်ဝဲလက်ယာ ပျိုကညာ ရှေ့နောက်ငါးရာခြံရံလျက် ရောက်လာ





www.foreverspace.com.mm

သည်။ ရာမမင်းရှေ့ရောက်လျှင် ရထားမှဆင်းကာ ရှိခိုးလျက်ရှိသည်။

ထိုအခါ ရာမမင်းက မပြောမဆို မျက်နှာအောက်ချလျက်နေသည်ကို မျောက်အပေါင်းတို့ကမြင်လျှင် များစွာကြေကွဲကြသည်နှင့် မျောက်မင်းက ဆိုရမည်မှာ

"လင်္ကာပူရ ပြည်သနင်း ဘိဘိသနမင်း၊ ကျွန်ုပ်တို့သည် အရှင်နှစ်ပါး ကွဲပြား၍ ရှည်လျားကာလ ရှိကြလေပြီ။ ကြီးသည့်တေဇော ဘုန်းကံတော်ကြောင့် ဖူးမြော်မျက်မြင် တွေ့ပြန်လျှင်လည်း သာရွှင်နှုတ်ချို ပြောဆိုမမြွက် ရွှေမျက်နှာတော် မမော်မကြည် ဣန္ဒြေအောက်ချက်လျက် နေပြန်ခဲ့သည်။ အထွေထွေ စိတ်တော်က တွေးခေါ်စွန်းညို၊ ဘသို့ ရှိပြန်လေသည်မသိ" ဟု ဆိုသည်။

ဘိဘိသနကလည်း.....

ကိသကိန္နာမင်းသည် အဆင်းမှာ သတိတော်သွင်း၍ မျှော်တင်းနောက်ရှေ့ လူ့ဓလေ့ဖြင့် စုံစေ့ကြောင်းလျှာ စိတ်ထွေသည်အရာကို မသိသာတော်မူသေးသောကြောင့် နှောင့်နှေးစိတ်တွင် ဆင်ခြင်ဟန်ရှိသေးသည်။ အဆွေတော်ဟု ဆိုသည်။

ထိုအခါ ရာမမင်းက ဗိုလ်ပုံတို့၏အလယ်၌ သီတာမိဖုရားကို ဆိုသည်မှာ

"သီတာမိဖုရား၊ ကျွန်ုပ်စကားဆိုရန် မကျန်မကြွင်း ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို မနာလိုသည်လည်းမရှိနှင့်။ သန့်ရှင်းစေ

www.foreverspace.com.mm



လိုလျှင် ကိုယ့်ကိုသာကိုယ်ပင်၊ ထိန်းသိမ်းရမည်။ ကျွန်ုပ်မှာမူ ကား၊ မိဘနှစ်ပါး၊ ထိမ်းမြားသည့်နေ့ကစ၍ ဒေါသမတန်၊ မျက်မာန်မထွက်၊ သတ်မှတ်တင်ပါသည်။ ဘုန်းစည်ထွန်းပေါ် ခမည်းတော်၏ ရွှေလှော်သိန်းစွန်း၊ ဦးစွန်းထိပ်တင် ပန်ဆင်ရွက်၍ တောသို့ ထွက်လာရသည်တွင် ရွှေသမင်ယောင် ပရိယာယ်ကြံဆောင်သည့်အရာကို ပူဆာတစ်ခု၊ လိုချင်သည့်အမှုကြောင့် ရှုမျှော်စိတ်တွင်၊ ဆင်ခြင်မဲ့ငြား၊ အလိုက်မှား၍ သီတာမိဖုရားကို ဒသဂီရိ၊ မသိတရား၊ ခိုးယူသွား၍ မယားတစ်ယောက်ကြောင့် မဖြောင့်အိပ်ဝယ်၊ ဆင်းရဲနက်နှင့် သို့ဘက်မကွာ၊ ဒသဂီရိကို တိုက်၍ အောင်မြင်ပါသည်။ သီတာမိဖုရားမှာ ဒသဂီရိလက်ဝယ်၊ နေ့ရက်မြင့်ရှည်၊ ဆယ်လလုံးလုံးပင် ရှိလေသည်။ ယုံကြည်စရာမရှိပါပြီ။ သီတာဒေဝီကို ကျွန်ုပ် မိဖုရား မလုပ်လိုပါ။ နေရာဌာန၊ မိဘရွာပြည်၊ ပြန်လိုလျှင်လည်း ပြန်လေတော့၊ မဖောက်မှန်စွာ ပြည်လက်ဘ၌ မြဲစွာသို့ပင် နေလိုလျှင်လည်း နေရစ်တော့။ နာလော့ကြောင်းချာ တစ်ချက်မှာလည်း မည်သာယုဒ္ဓယ၊ ပြည်ဌာနဝယ်၊ ဘဒ္ဒရမည်နှ သတ္တရုဃန၊ ကျွန်ုပ်ညီများထံ ပြန်လိုလျှင်လည်း ပြန်လေတော့ ကျွန်ုပ်တို့မှာ ပြည်ရွာမပြန်၊ တောစွန်အုံနားသွားလာထွက်ဝင်၊ သို့ပင် မြင့်ရှည်နေတော့မည်။

(စာ– ၁၄၅)

ဤစကားကို ကြားကြရသည်တွင် ဗိုလ်မှူးရဲမက် လက်နက်ကိုင်တို့ အူအူသောင်းသောင်း နှလုံးလှိုက်လှဲ ကြေကွဲကြကုန်



www.foreverspace.com.mm



လေသည်။

ဤတွင် သီတာဒေဝီတင်ပုံကား....

"ကျွန်တော်မကို သကာ်ယန စိတ်တော်ကလျှင် တွေးဆကြံစည် မယုံကြည်သော် ပြည်သို့ပြန်လျှင်လည်းပြန်၊ အမှန်မြဲတည်သည်တွင် နေချင်လည်းနေ၊ မသွေစစ်ခင်း၊ စွန့်ပစ်တော့ မည်။ နှုတ်ခြည်ညွှန့်လည်း၊ မိန့်တော် ခွန်းကို ဦးစွန်းထိပ်ထက်၊ ဆင်ရွက်ရသည်မှာ မှန်စွာမချိုး၊ ခံရမည် အဖိုးမှာ၊ ကြမ္မာကံအား၊ ဒသဂီရိ ခိုးယူသွား၍ ရှည်လျားသော ဆယ်လတိုင်တိုင် ကြာသော်လည်း စောင့်စည်းသစ္စာ၊ သေချာမြဲချက်၊ ဒသဂီရိ အကြိမ်ကြိမ် ထွက်၍ ဖျောင်းဖျသော်လည်း ကျွန်တော်အသက်ကို စွန့်ပါတော့သည်။ မကြည်မလင် မရွှင်မပြ၊ နေရသည်သာ၊ ထွင်ရှထိပ်ချာလည်း ဗျာပါစိုးနှောင့်၊ ကျွန်မကြောင့်ပင် မဖြောင့်စက်တော်ရွှင်ပျော်မလန်း၊ ပင်ပန်းအကြံ၊ ဆင်းရဲ ခံ၍ ဘီလူးနိုင်ငံအလုံးသိမ်းကျူးပြီးတိုင်း နိုင်တော်မူမှ ကျွန်တော်မကို စိတ်ကမကြည်၊ ရှိလေသည်မှာ၊ မြဲတန်မှန်ပင်၊ စွန့်ပစ်ချင်သော်လည်း ဆေးတင်သစ္စာ တော်ဖြောင့်သည့်အရာကို သိတော်မူသာအောင် မီးပုံမှာဆင်း၍ ကိုယ်ကို သန့်ရှင်းပါရစေဘုရား"

(စာ– ၁၄၅)

*   *   *

*မီးပုံဆင်း၍ သစ္စာပြုတော့မည့် သီတာဒေဝီ၏ ရင်တွင်းစကားများကို ဤသို့ ကြားယောင်လိုက်ပါသည်။*

'ဟောဟိုမှာ လက္ခဏာ၊ ဟနုမာန်နဲ့ မျောက်အပေါင်းတို့ စီမံပြုလုပ်ကြတဲ့ မီးပုံကြီးတစ်ခု ဖြစ်ပေါ်လာပြီး မီးတောက် မီးလျှံတွေက ရဲရဲညီးညီး တောက်လောင်လို့.... အဲဒီမီးလျှံတွေဟာ၊ ဟနုမာန် ရှို့မြှိုက်ခဲ့ဖူးတဲ့ သိန်းယိုဋ္ဌပြည်အလုံးက မီးလျှံတွေလောက် မကြီးမားပါဘူး။ ဘုရင်ဒသဂီရိနဲ့ မောင်တော်ရာမတို့ စစ်ထိုးကြစဉ်ကာလတစ်လျှောက်၊ တောက်လောင်ခဲ့ကြတဲ့ မီးလျှံများလောက်လဲ မကြီးမားလှပါဘူး။

ဒါပေမယ့်.... ကျွန်မ သီတာအတွက်တော့.... ဒီမီးပုံရဲ့ မီးတောက် မီးလျှံများဟာ ရှိရှိသမျှသော မီးပုံတကာတို့ထက် ပိုမိုကြီးမားနေကြပြီ.... မီးတောက်မီးလျှံများဟာ သူတို့ရဲ့ မီးစွယ်တွေကို ဖွင့်ဟပြီး သီတာ့ကို ဖိတ်ခေါ်နေကြပြီ.... သီတာ ဆင်းတော့မှာပါ.... သူတို့ ကျွန်မကို နည်းနည်းလေးမှ မပူပြင်းစေနိုင်ဘူးဆိုတာ သီတာ ကြိုသိပါတယ်။ သီတာရဲ့ ဆံစမြိတ်စွန်အဖျားကလေးကိုသော်မျှ၊ လောင်မြိုက်ခြင်းငှာ သူတို့ မစွမ်းနိုင်ကြပါဘူး... ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ သစ္စာတရားမှာ ကိန်းဝပ်နေတဲ့ အအေးဓာတ်က ကြီးမားလွန်းလို့ ဖြစ်ပါတယ်။ ဒါပေ မယ့်....

ဒါပေမယ့်.... ဗဟိဒ္ဓမီးလျှံကို သီတာ စိုးစိမျှ မစိုးရိမ် မပူပန်ဘဲ ရှိနေတဲ့တစ်လျှောက်လုံးမှာ.... အဇ္ဈတ္တမီးလျှံကိုတော့ သီတာ ကြောက်လှပါရဲ့.... အဲဒီမီးလျှံ.... ဘယ်မှာရှိနေပါသလဲ....၊ ချစ်သူ ရဲ့ရင်ထဲမှာ.... မောင်တော်ရာမရဲ့ ရင်ထဲ





မှာ....လေ။

ဩော် သူတွေးရက်လေခြင်း၊ ပြောရက်လေခြင်း....

'သီတာမိဖုရားမှာ၊ ဒသဂီရိလက်ဝယ်၊ နေ့ရက်မြင့်ရှည်၊ ဆယ်လလုံးလုံးပင် ရှိလေသည်။ ယုံကြည်စရာ၊ မရှိပါပြီ' တဲ့။

'သီတာဒေဝီကို ကျွန်ုပ်၊ မိဖုရားမလုပ်လိုပါ' တဲ့

'မိဘရွာပြည်၊ ပြန်လိုလျှင်လည်း ပြန်လေတော့' တဲ့။

'မဖောက်မှန်စွာ၊ ပြည်လက်ဘ္ဍ၊ မြစ္စာသို့ပင်၊ နေကိုလျှင်လည်း နေရစ်တော့' တဲ့။

ဘုရား.... ဘုရား.... ဒါဟာ ချစ်တဲ့ သူရဲ့ နှုတ်ကထွက်တဲ့ စကားတွေ။

မချစ်မနှစ်သက်သူ၊ ရန်သူလက်ထဲမှာ၊ ဆယ်လတိုင်တိုင် ညှိုးငယ် ထိတ်လန့်စွာနေခဲ့ရတဲ့၊ အကျဉ်းစံမိန်းမတစ်ယောက်၊ လွတ်မြောက်လာ ချိန် အဲဒီမိန်းမကို သူ ပြောရက်တဲ့စကား....။

အမုန်းတရားဟာ ပူလောင်တယ်ဆိုရင် ချစ်ခြင်းမေတ္တာက ကော အေးမြပါရဲ့လား....။ မယုံသင်္ကာရှိခြင်းဟာ ချစ်သူတို့ရဲ့ သဝန်တိုမှုဖြစ်တယ် ဆိုကြပါတယ်။ သို့ပေမယ့်.... မိန်းမသား တစ်ယောက်ရဲ့ သစ္စာတရားကိုတော့ ရှင်တို့ မင်းယောကျ်ားကြီးများ စိုးစဉ်းမျှထည့်သွင်း စာနာခြင်း မပြုတတ်ကြဖူးလား။

ကျွန်မက 'ဆေးစင်သစ္စာ၊ တော်ဖြောင့်သည့်အရာကို သိတော်မူသာအောင်၊ မီးပုံမှာဆင်း၍၊ ကိုယ့်ကိုသန့်ရှင်းပါရစေ ဘုရား....' လို့ ပြောတဲ့ အခါ.... သူက....



www.foreverspace.com.mm

www.foreverspace.com.mm



“သီတာမိဖုရား စကားဆိုရိုးရှိချေသည်။ ကိုယ်၏အသေရေကို ရွှေနှင့်နှိုင်းဆ ဝယ်မရသို့၊ ကြားသမျှ နတ်ယူ၊ ကြည်ဖြူသဒ္ဓါကောင်းချီးနာလိမ့်၊ သစ္စာစိဋ္ဌာန်၊ တော်မှန်သည့်အချက်ကို၊ ပြက်ပြက်ထင်ထင်၊ ကျွန်ုပ်မြင်အောင်၊ မီးပုံတွင်းဆင်း၍ သန့်ရှင်းကိုယ်ကိုပြုလော့.... ”ပါတဲ့....။

မြဲမြဲခိုင်ကျည်လှတဲ့ သစ္စာတရားကိုမှ မယုံမကြည် မသိမမြင် ထိပါးပုတ်ခတ်ခံရတဲ့ အဖြစ်ဟာ၊ မိန်းမသားတစ်ဦးရဲ့ နူးညံ့သော ခွန်အားကို စော်ကားလိုက်တာဘဲ ဖြစ်ပါတယ်။

ရှိစေ.... တော့.... မသိသူ၊ မမြင်သူ၊ မကြင်သူ၊ မခင်သူက ဘယ်သို့ပင် ထိပါးပုတ်ခတ်သည်ဖြစ်စေ.... ကျွန်မကတော့ မိမိရဲ့ဖြူစင်မှုကို သက်သေအထင်အရှား ပြရပါတော့မယ်။

အဲဒီမီးပုံမီးလျှံဟာ သီတာကို မလောင်ကျွမ်းစေနိုင်ဘူး ဆိုတာ သီတာသိပါရဲ့။ သို့သော်.... တန်ဖိုးသေးသိမ်အောင် ပြုလုပ်ခြင်း ခံလိုက်ရတဲ့ သီတာရင်တွင်းက နှလုံးသားကတော့ မီးပုံထဲ မဆင်းမီကတည်းက လောင်ကျွမ်းခဲ့ပြီးပါပြီ။

ဩော်၊ ရန်သူကြောင့် အရာမယွင်းခဲ့တဲ့ နှလုံးသား၊
ချစ်သူကြောင့်.... လောင်ကျွမ်းခဲ့ရပါပြီကော....



www.foreverspace.com.mm

# ၁၂

ဒသဂီရိဘီလူးမင်း ကျဆုံးခဲ့ပြီးနောက် ရာမယဏ ဇာတ်တော်သည် ‘ပြည့်စုံစွာ ပြီးဆုံးခြင်း’ သို့ ရောက်ပြီဟု ဆိုနိုင်၏။ ဓမ္မနှင့် အဓမ္မတို့၏ အားပြိုင်ပွဲသည် ဓမ္မ၏ အောင်ပွဲခံခြင်း၊ အဓမ္မ ရှုံးနိမ့်ခြင်းဖြင့် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့သည်။ ဤတွင် ရာမဇာတ်သည်လည်း ဇာတ်ပေါင်းခန်းသို့ ရောက်လေသည်။

ရာမ၊ သီတာဒေဝီနှင့် လက္ခဏတို့ အယုဒ္ဓယ နေပြည်တော်သို့ ပြန်ခဲ့ကြသည်။ အောင်ပွဲခံ ပြည်တော်ဝင်ခရီး ဖြစ်သည်။ စစ်သူကြီးဟနုမာန်က ရာမမင်း၏ ကိုယ်ရံတော်စစ်မှူး သေနာပတိအဖြစ် လိုက်ပါခဲ့သည်။ လင်္ကာဒီပကို ဘိဘိသနက အုပ်ချုပ်စိုးစံသည်။ ကိသသကိန္ဓာကို သုကြိတ်မျောက်မင်း အုပ်ချုပ် မင်းလုပ်သည်။ ကျဆုံးခဲ့သူ ဗာလီမျောက်မင်း၏ သားတော် အင်္ဂတ

က အိမ်ရှေ့စံဖြစ်လာသည်။ အားလုံးပင် နေသားတကျ ဖြစ်သွားသည်။ ဒသဂီရိဘီလူးမင်း ကျဆုံးပြီးနောက် (သားတော် မေဃနာဒ ခေါ် ဣန္ဒဇိတ္တနှင့် ဒသဂီရိ၏ ညီတော်၊ နောင်တော် တန်ခိုးကြီး ဘီလူးမင်းများလည်း စစ်ပွဲတွင် ကျဆုံးခဲ့ပြီဖြစ်၍ လင်္ကာဒီပတွင် စစ်သွေးကြွသော ဘီလူးများ အကြွင်းအကျန် မရှိတော့ပေ။) လင်္ကာဒီပ၏ အခန်းကဏ္ဍသည် ပြည့်ဖုံးကား ကျသွားပြီး ဖြစ်လေသည်။

သို့သော် ရာမယဏဇာတ်လမ်းကား မပြီးဆုံးသေး။

လောနနှင့် ကုသျှအမည်ရှိ ဇာတ်ဆောင်အသစ်နှစ်ဦး ထပ်ပေါ်လာ၏။ ထိုသူတို့ကား ရာမမင်းနှင့် သီတာဒေဝီတို့မှ ဖွားမြင်သော သားတော်နှစ်ပါးဖြစ်သည်။ ထိုဇာတ်ဆောင်အသစ်နှစ်ဦးကို အကြောင်းပြု၍ နောက်ထပ် ပဋိပက္ခများ၊ တိုက်ပွဲများ ထပ်မံဖြစ်ပေါ်လာခဲ့သည်။ သို့သော် (အနုပညာသဘောတရား ရှုထောင့်မှကြည့်လျှင်) ထိုနောက်ဆက်တွဲ ဇာတ်လမ်းသည် ဒသဂီရိမကျဆုံးခင် အဖြစ်သနစ်များလောက် ရုပ်လုံးကြွမလာတော့ဟု ဆိုနိုင်လေသည်။

ရာမနှင့် ဒသဂီရိ၊ ဒသဂီရိနှင့် သီတာ၊ သီတာနှင့် ရာမ၊ ဟနုမာန်နှင့် မေဃနာဒ၊ လင်္ကာဒီပ သိန်းယိုဋ္ဌကျွန်း ဘီလူးစစ်သည်များနှင့် ကိဿကိန္ဓာ မျောက်စစ်သည်များအကြား ပေါ်ပေါက်ခဲ့သော အားပြိုင်မှု၊ ပဋိပက္ခ၊ ဝိရောဓိသည် အားကောင်းလှသည်။ ဓမ္မနှင့် အဓမ္မ၊ မေတ္တာတရားနှင့် ကိလေသာ





တဏှာ၊ အကြမ်းဖက်မှုနှင့် အင်အားချည့်နဲ့မှု၊ အချစ်နှင့် အမုန်း၊ သစ္စာကတိနှင့် ဖောက်ပြန်မှု....၊ ထိုထိုသော ဝိရောဓိ အားပြိုင်မှုများက အကြိတ်အနယ် အပြိုင်းအရိုင်းရှိခဲ့ကြသည်။ သို့ဖြင့် ရာမဇာတ်လာ ဇာတ်ဆောင်များ အားလုံးလိုလိုပင် သူ့နေရာနှင့်သူ စရိုက်သဘာဝများ ကြွလာကာ အသွေးအရောင်စုံလင်သော မြင်ကွင်းကျယ် ပန်းချီကားကြီးသဖွယ် ရှိခဲ့သည်။ အသီးသီး အသက်ဝင်သော ဇာတ်ဆောင်များသည် လောကသဘာဝ လူ့သဘာဝကို ပြုံးပြက်စွာ ထင်ဟပ်နေခဲ့ကြသည်။ ဇွဲဆောင်မှု အပြည့် ရှိခဲ့သည်။ ထိုပဋိပက္ခများ ပေါ်ပေါက်ဖို့အတွက် ဇာတို ချက်မဟုဆိုနိုင်သော ဒသဂီရိ ကျဆုံးပြီးနောက်တွင်ကား ထို အရာများအားလုံး ပြီးပြေသွားကြသည်။ ရာမယဏသည် အဆုံး သတ်ခဲ့ပြီ။

သို့သော် အဆုံးမသတ်သေး။

ရာမ၊ သီတာဒေဝီ၊ သားတော် လောန ကုသျှ၊ လက္ခဏမင်းသားတို့ အကြားတွင် ပဋိပက္ခများ ထပ်မံဖြစ်ပေါ်ခဲ့လေသည်။ ဒသဂီရိကို ဇာတိပြု၍ ဖြစ်ပေါ်ခဲ့သော ဇာတ်ကွက်များလောက် အရောင်အသွေး မစုံလင်သော်လည်း ရာမဇာတ်လမ်းကား ဒုတိယပိုင်းအဖြစ် ဆက်လက်လှုပ်ရှားခဲ့သည်။ ထိုဒုတိယပိုင်းမှ သီတာဒေဝီ၏ အခန်းကဏ္ဍသည်ကော မည်သို့ရှိပါသလဲ။

*   *   *



www.foreverspace.com.mm

'မဟာရာမဝတ္ထု'လာ ဇာတ်ကြောင်းကို ဦးစွာတင်ပြပါမည်။

ရာမမင်းသည် သီတာဒေဝီ မိဖုရားကြီးနှင့်အတူ အယုဒ္ဓယ ထီးနန်းကို ရာဇာဘိသိက်ခံခဲ့သည်။ ညီတော်ဘဒ္ဒရကို အိမ်ရှေ့ အပ်နှင်းခဲ့သည်။ တစ်နေ့သောအခါ မောင်းမမိဿံတို့က သီတာဒေဝီအား ဒသဂီရိဘီလူးမင်း၏ ရုပ်ဆင်းသဏ္ဌာန် မည်သို့ ရှိပါသနည်း။ ထင်ရှားသော သဏ္ဌာန်ရေး၍ ပြတော်မူပါဟု လျှောက်ကြသည်။

သီတာဒေဝီက ဒသဂီရိ၏ရုပ်ပုံကို ရေးခြယ်ပြသည်။ ထိုစဉ် ရာမမင်းလည်း သီတာဒေဝီ နန်းတော်သို့ ရောက်လာသဖြင့်၊ သီတာဒေဝီလည်း ရေးထားသောရုပ်ပုံကို စက်ရာသလွန်အောက်သို့ သွင်းထားလိုက်သည်။ ရာမမင်းသည် ဒသဂီရိရုပ်ပုံ ရှိနေသော သလွန်ထက်၌ ကျိန်းစက်မပျော်၊ တဖျတ်ဖျတ် လန့်နိုးသဖြင့် သလွန်အောက်သို့ ကြည့်သောအခါ ဒသဂီရိ ရုပ်ပုံလွှာကို တွေ့လိုက်ရလေသည်။

ဤတွင် ရာမမင်းက သင်မိဖုရားသည် ဒသဂီရိအား အောက်မေ့တသစိတ် မပြေသေးတကားဟု ဆိုသည်။ သီတာဒေဝီက ရံရွေတော်များ လျှောက်ထား၍ ရေးဆွဲပြမိခြင်း ဖြစ်ပါကြောင်း၊ ဒသဂီရိအပေါ် အောက်မေ့တသစိတ်ဖြင့် ရေးခြင်း မဟုတ်ပါကြောင်း အပြစ်ကို သည်းခံတော်မူရန် တောင်းပန်လေသည်။ ရာမမင်း သာမညသဘောဖြင့် ခပ်မဆိတ်ရှိသည်။

အခါတစ်ပါး ရာမမင်း ညဥ့်အခါ တိုင်းပြည်တွင်းလှည့်၍





ပြည်သူတို့စကား စနည်းနာရာတွင် ခဝါသည်လင်မယားတို့ အချင်းများကြပုံကို ပုန်းကွယ်၍ နားထောင်ခဲ့ရသည်။ ခဝါသည် ယောကျ်ားက သူ့ဇနီးအား တစ်ကြိမ်တစ်ခါ ခိုက်ရန်ဖြစ်ရုံမျှဖြင့် စိတ်မာန်အားကိုးလျက် မိဘအိမ်သို့ အဘယ်ကြောင့် သွားဘိသနည်း။ ငါ့အား ရာမမင်းမှတ်သလော။ ရာမမင်းသာလျှင် ရန်သူ့လက် ရောက်ခဲ့ပြီးသော မိဖုရားကို ကြိုးစားအားထုတ်တော်မူခဲ့သည်။ ငါကား ရာမမင်းသို့နှယ် လိုက်ပါခေါ်ဆောင် တောင်းရမ်းလိမ့်မည်မဟုတ်ဟု ရေရွတ်သည်။ ရာမမင်းသည် နှလုံးမသာမယာဖြစ်၍ နန်းတော်သို့ ပြန်လာခဲ့ပြီး နောက်တစ်နေ့ နံနက်၌ သီတာဒေဝီအား ယခု ဝမ်း၌ ပဋိသန္ဓေစွဲပြီ ဖြစ်သဖြင့် မည်သို့သော အစာအာဟာရကို ချဉ်ခြင်းဖြစ်သနည်းဟု မေးသည်။

သီတာဒေဝီက ရှေးယခင် မော်ရုံတော ဝါလမိဂရသေ့ ကျောင်းသင်္ခမ်းဝယ် မောင်တော်နှင့် အတူနေခဲ့စဉ်က စားသောက်ခဲ့သော ယာဂုထမင်း စားချင်သော ချဉ်ခြင်းအာသာ ရှိပါသည်ဟု လျှောက်သည်။

ဤတွင် ဒသဂီရိရုပ်ပုံတွေ့စဉ်က တစ်ကြိမ်၊ ခဝါသည် စကား ကြားခဲ့စဉ်က တစ်ကြိမ်၊ စိတ်မသာမယာဖြစ်ခဲ့သော ရာမမင်းလည်း အမျက်ထွက်၍ ညီတော် လက္ခဏကိုခေါ်ကာ သီတာဒေဝီအား မော်ရုံတော ကျောင်းသင်္ခမ်းသို့ပို့ရန် အမိန့်ချလေသည်။ သီတာဒေဝီက တောင်းပန်တိုးလျှိုးသော်လည်း အချင်းနှီး

www.foreverspace.com.mm



ဖြစ်ခဲ့သည်။

သီတာဒေဝီသည် ပြည်နှင်ဒဏ်ကို ခံယူရပြီး တောအရပ်ဒေသ ရသေ့သစ်မ်း၌ သားတော်နှစ်ယောက်ကို တစ်ပြိုင်နက်တည်း ဖွားမြင်ခဲ့သည်။ ဘိုးတော်ရသေ့ကြီးက လောနနှင့် ကုသျှဟု အမည်မှည့်သည်။ ရသေ့ကြီး၏ သင်ကြားပို့ချမှုဖြင့် အဌာရသ အတတ်မျိုးတို့၌ တတ်ကျွမ်းကာ တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာကြသည်။ မယ်တော်အား ပြုစုလုပ်ကျွေးကြသည်။

အခါတစ်ပါး၌ ရာမသည် မှူးမတ်တို့နှင့် တိုင်ပင်ပြီး ရာဇသံရွှေပေကို အဿတိုရ်မြင်း၏လည်၌ စွပ်ပြီး ခပ်သိမ်းသော မင်းတို့ထံလွှတ်ကာ အခွန်ပဏ္ဏာကောက်ခံရန် စီမံသည်။ စာချွေ ကား ဤစီးတော်မြင်းကို အလိုရှိလျှင် ဘုန်းသမ္ဘာစွမ်းပကားရှိသူ မှန်လျှင် ဖမ်းယူကြကုန်။ မဝံ့လျှင် လက်ဆောင် ပဏ္ဏာတို့ဖြင့် ဆက်သခိုလှုံကြကုန်ဟူ၍ ဖြစ်လေသည်။

ထိုမြင်း၏ မနီးမဝေးနောက်မှ လက္ခဏမင်းသားက ဗိုလ်ထုနှင့် လိုက်ပါသည်။ ထို့နောက်မှ ရာမမင်းသည် ညီတော်များ ဟနုမာန်နှင့်တကွ အခေါဘဏီတပ်ကြီးချီ၍ ရထားစီးလျက် လိုက်ပါသည်။

ထီးဆောင်းမင်းအပေါင်းတို့သည် မြင်းလည်မှ စာချွေကို တွေ့ပြီး ခံ့ညားကြောက်ရွံ့၍ ခိုလှုံဆက်သကြသည်ချည်းသာ ဖြစ်သည်။ အဿတိုရ်မြင်းသည် လောနနှင့် ကုသျှတို့ စိုက်ထား



www.foreverspace.com.mm



သော နံ့သာပုငှက်ပျောဥယျာဉ်သို့ ရောက်သောအခါ ငှက်ပျောပင်တို့ကို ဝင်ရောက်စားသောက်သည်။ ဤတွင် လောနသည် မြင်းကိုဖမ်းပြီး စာချွေကိုဖတ်ကာ ဘုန်းအာဏာနှင့် ပြည့်စုံသော မင်းဖြစ်လျက်နှင့် ငါတို့ဥယျာဉ်ကို ဖျက်ဆီးသလောဟု အမျက်ထွက်ကာ မြင်းကို ချည်ထားလိုက်သည်။

ထိုစဉ် ဗိုလ်ပါတို့ရောက်လာပြီး မြင်းကို ချည်ထားရာမှ ဖြေရန် ချဉ်းကပ်လာကြရာ လောနမင်းသားက လေးဖြင့်ပစ်၍ လက်များကို ဖြတ်ပစ်လိုက်သည်။ လက္ခဏမင်းသားလည်း လေးစွဲ၍ ရထားစီးပြီး ရောက်လာသည်။ လက္ခဏနှင့် လောနတို့ စစ်ထိုးကြရာ လောနမင်းသား မြားဆိပ်သင့်စဉ် ရထားထက်တင်၍ ဆောင်ယူသွားသည်။ မယ်တော်သီတာဒေဝီ ငိုကြွေးနေစဉ် ကုသျှမင်းသား ရောက်လာပြီး အကျိုးအကြောင်းသိရ၍ နောက်မှ လိုက်လံတိုက်ခိုက်ရာ လက္ခဏမင်းသား ကြီးစွာဒဏ်ရာရ၍ သေအံ့မူးမူး ဖြစ်သွားသည်။

ဗိုလ်ပါများက ရာမမင်းထံ လျှောက်တင်ကြသည်တွင် ရာမမင်း လိုက်လာပြီး စစ်ထိုးကြပြန်သည်။ ရာမမင်း ရှုံးနိမ့်၍ ရထားပေါ်လဲကျသည်။ လောနနှင့် ကုသျှတို့သည် ဟနုမာန်ကို ပါဖမ်းကာ နှောင်ကြိုးတည်း၍ မယ်တော်ထံ ခေါ်ဆောင်လာခဲ့ကြသည်။ ရာမမင်း၏ ဘယက်လည်ဆွဲကိုလည်း ဆောင်ယူခဲ့သည်။ (ဤအထိ ရာမ၊ လက္ခဏ၊ လောန၊ ကုသျှတို့သည် သားအဖ၊ တူဝရီးမှန်း မသိကြ။)

သီတာဒေဝီထံ ရောက်သောအခါမှ အဖြစ်မှန်ကို သိကြရပြီး ဘိုးတော်ရသေ့၏ ကုသမှုဖြင့် ရာမ၊ လက္ခဏာတို့ ချမ်းသာရာရကြသည်။ ရာမမင်းက သီတာဒေဝီအား တောင်းပန်သဖြင့် သီတာဒေဝီ ပြန်လည်လိုက်ပါသွားသည်။ ရာမမင်းသည် သားတော်ကြီး လောနအား အိမ်ရှေ့စံ၊ သားတော်ငယ် ကုသျှအား သေနာပတိအရာ ထားခဲ့သည်။ နောင်အခါ ရာမမင်း နတ်ရွာစံသောအခါ သားတော်နှစ်ပါးသည် ဘုရင်အဖြစ်၊ အိမ်ရှေ့စံအဖြစ် ထီးနန်းဆက်ခံလေသည်။

ဤသည်မှာ မဟာရာမဝတ္ထုလာ ရာမဇာတ်ကြောင်းဖြစ်သည်။



## ၁၃

နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီး (တတိယတွဲ)တွင် အနည်းငယ်ကွဲလွဲသော ဇာတ်ကွက်အချို့ ပါလာလေသည်။

သားတော်နှစ်ပါးအမည်မှာ ကုသနှင့် ဗလဖြစ်သည်။

ဒသဂီရိရုပ်ပုံလွှာကို သီတာရေးဆွဲသော အခန်းမပါဝင် ချေ။ သို့သော် ခဝါသည်လင်မယား အချင်းများပြီး ခဝါသည်ယောကျ်ား၏ ရေရွတ်ကြိုးဝါးပုံကို ရာမမင်း ကြားသည့်အခန်းကား ပါဝင်သည်။ ခဝါသည်မိန်းမသည် ယောကျ်ားနှင့် စကားများပြီး မိဘအိမ်သို့ ဆင်းသွားခဲ့ကာ၊ လေးရက်ကြာမှ ပြန်လာသည်တွင် ယောကျ်ားလုပ်သူက

“အကြင်လင်မယား၊ လျှာနှင့် သွားကဲ့သို့ အခွင့်မသင့်ခိုက်မပြောမတိုက်မိ ဤရှိသည်ကိုပင် ငါ့ကို လင်ရည်မသွင်း၊ နင်

www.foreverspace.com.mm

မိန်းမဖြစ်လျက် အိမ်ထောင်မှုကိုဖျက်၍ ထွက်သွားသည်မှာ နေလိုရာနေပြီးမှ ပြန်လာသည့်ငါ့ကို နင် ဘယ့်နှယ်ထင်သလဲ၊ ခုပင် ပြောတဲ့ပ၊ ရာမမင်းမှာသာ သီတာမိဖုရားကို ခိုးယူခံရ၍ နေ့ရှည်ရက်များ၊ ပါသွားပြီးမှ တိုက်၍ရလျှင် မိဖုရား တင်မြှောက်သည်။ နင်ငါ့ကို ရာမမင်းကဲ့သို့ မှတ်သလား၊ တံတောင်ဖျားတွင် အသက်ပါရော့မည်။ ငါ့အိမ်မှာ ကြာကြာမနေနှင့်ဟဲ့....” ဟူ၍ ဆူပူ ကြိမ်းမောင်းသည်။

မဟာရာမဝတ္ထုမူအရ၊ ခဝါသည်ယောကျ်ားစကားကို ရာမမင်းကိုယ်တိုင် တိတ်တဆိတ် စနည်းနာ၍ ကြားခဲ့ရသည်ဟု ဖော်ပြသည်။ ရာမပြဇာတ်တော်ကြီးတွင်ကား အမတ်တို့ ကြားနာခဲ့ရသည်ကို ရာမမင်းထံ ပြန်လျှောက်သဖြင့် သိရခြင်းဖြစ်သည်ဟု ဆိုသည်။ အမတ်တို့ တိုင်ကြားချက်ကို ရာမမင်း ကြားသိရသောအခါ ညီတော်တို့ကိုခေါ်ယူစုရုံးဆေလျက် အမိန့်ချလေသည်။

“.... သီတာမိဖုရား၊ ရှည်လျားကဲ့ပြီ၊ ရှိသည်ကိုလျှင်၊ မယိုမယွင်း စောင့်စည်းခြင်းဖြင့် သန့်ရှင်းသောအဖြစ်ကို ဝန်းရစ်များစွာ၊ နတ်ဗြဟ္မာတို့ ရှေ့၊ မီးပုံရှင်ပင်၊ သိမ်မွေ့သစ္စာ၊ ဆိုပြီးခါလျှင်၊ မကြာလျှင်ပြင်း၊ မီးပုံဆင်း၍၊ သန့်ရှင်းဖြူစင်၊ ငါကထင်သည်၊ တိုင်းခွင်ပြည်နား၊ လှည့်လည်သွားပြီးလျှင် မှတ်သားနားထောင် စေရာတွင် ကျိုးမဲ့သတင်း၊ ငါသည်မင်းကို၊ သူဆင်းရဲသား၊ ကဲ့ရဲ့သည့်စကား ကြားခဲ့သည်ဖြစ်၍ တာရှည်လေးမြင့်၊ သည်နှင့်ပင် သာမကာ၊ နှစ်လမြင့်စွာ၊ ကြာသည်ထက်





www.foreverspace.com.mm

ကြာသော်၊ ဘလေဘဇာ၊ ကွယ်ရာပြစ်တင်၊ ရှန့်ရှင်းပြောဆိုရာသော အကြောင်းရှိသည့် သီတာမိဖုရားကို တောပြားမြိုင်ချာ၊ ယောဝန္တာ၌၊ နေပါစေတော့၊ ပို့တော့မည်”

(ရာမပြဇာတ်တော်ကြီး တတိယတွဲ၊ စာ ၁၈၈)

ဤသို့ဖြင့် သီတာဒေဝီ အနှင်ခံရပြီး တောအရပ် ရှင်ရသေ့များထံ ခိုလှုံခဲ့ရကာ သား ကုသနှင့် ဇလ နှစ်ပါး ဖွားမြင်လေသည်။

ထို့နောက် ရာမ၊ လက္ခဏနှင့် ကုသ၊ ဇလတို့သည် သားအဖမှန်း၊ တူဝရီးမှန်း မသိကြဘဲ စစ်မက်တိုက်ခိုက်ကြ၍ ရာမ၊ လက္ခဏတို့ ကျဆုံးပြီးမှ ရသေ့ကြီး သစ္စာဖြင့် အသက်ပြန်ရှင်ခဲ့ကြသည်။ သီတာဒေဝီကို နန်းတော်သို့ ပြန်ခေါ်ယူခဲ့သည်။ အချို့အသေးစိတ်နေရာများတွင် မဟာရာမဝတ္ထုနှင့် အနည်းငယ်ကွဲလွဲသော်လည်း အခြားဇာတ်ကြောင်းမှာ ကွဲလွဲခြင်း မရှိပေ။

သိသာထင်ရှား ကွဲပြားခြားနားစွာ ထပ်မံတွေ့ရှိရသည်ကား၊ သီတာဒေဝီ အယုဒ္ဓယသို့ ပြန်ရောက်ပြီးမှ ရာမမင်းကနောက်တစ်ကြိမ် မီးပုံဆင်းခိုင်းပြန်သည့် ဇာတ်ကွက်ပင်ဖြစ်သည်။ (မဟာရာမဝတ္ထုတွင် ထိုဇာတ်ကွက်မပါပါ)

သီတာဒေဝီသည် အယုဒ္ဓယသို့ ပြန်မလိုက်ချင်တော့ပါဟု ဘိုးတော် ဝါလမိကို ရသေ့ကြီးအား တောင်းပန်ခဲ့သေးသည်။ (ရွှေပြည်ယုဒ္ဓယ၊ ရောက်ကာလလည်း စိတ်ကယ်ုကြည်၊ ပေါင်းမည်မထင်၊ ပူပင်စရာ၊ ပေါ်လာဦးမည်၊ ကွာနိုင်မြင်၏။) ဆိုပြီးမှ

www.foreverspace.com.mm



ရသေ့ကြီးစကား နားထောင်၍ ပြန်လိုက်ပါလာခဲ့ခြင်း ဖြစ်သည်။

သို့သော် သီတာဒေဝီ ရထားထက်မှဆင်း၍ ရှေ့တော်ဝင်သည့် အချိန်မှာပင် ရာမမင်းက ဤသို့ဆိုသည်။

"သီတာဒေဝီ ကျွန်ုပ်ဆီသို့ ရောက်ပြီခုမှာ ချစ်မေတ္တာကြောင့်၊ သစ္စာရှေးက၊ ဆိုစေရ၏၊ ကာလထိုရောက်၊ ကံမြောက်သော်ကား၊ အုတ်အော်သောင်းသဲ၊ နတ်ခပဲတို့၊ မလွဲတင်ပြ၊ သိမြင်ကြ၏။ ဒီပအောင်ဘွေ၊ ဇမ္ဗူမြေထက်၊ နေသည်ထင်ရှား၊ လူအများတို့၊ စကားသာပ၊ ကြားကုန်ကြ၏။ မုချသိရေး၊ မမြင်သေးခဲ့၊ ဖွေးဖွေးဖြူဖြူ၊ ရှင်လူအပေါင်း၊ သောင်းသောင်းကြော်ကြော်၊ စည်းဝေးလာ၍၊ သည်မှာရှိခိုက်၊ ချီးမွမ်းတိုက်အောင်၊ မီး၌သစ္စာ၊ ခုအခါလျှင်၊ ထပ်ခါဖြောင့်စူး၊ ဆိုပါဦးလော့၊ ကျော့မှုးသို့မှ၊ ဂုဏ်ထွန်းပမည်၊ မင်းလှသီတာ၊ ကွာနိုင်ဆိုငြား ထိုစကား နားထောင်ပါ။

(ရာမပြဇာတ်တော်ကြီး၊ တတိယတွဲ၊ စာ ၂၉၈)

ထိုစကားကို သီတာဒေဝီ မည်သို့တုံ့ပြန်ပါသနည်း။

ထွေထွေရာရာ ငိုကြွေးရှိက်ငင် မြည်တမ်းပြီးနောက် သီတာဒေဝီ ဤသို့ ရေရွတ်လိုက်လေသည်။

"…. အလောင်းတကာတို့၏ ဖြည့်သမျှ ဘဝအဆက်ဆက်၊ သွန်းရေစက်ကို ထိပ်တင်ရွက်ဆင်၊ မြပင်စောင့်နေ၊ သုန္ဒရေဟု၊ သက်သေသိမြော်၊ မယ်တော်မိခင်၊ ကျော့မှုးရှင်၊ မျက်မြင်မုချ၊ ရှေးဘဝက၊ ကျွန်မသီတာ၊ သည်းချာသမီး၊ ရှုမငြီးပင် ဖြစ်ပါ



www.foreverspace.com.mm



သည်။ မြေဆီခုန်တက်၍၊ ဇနက္ကမင်းကြီးလက်သို့ ရောက်ပြီးလျှင် အရှင်ရာမမင်းနှင့် မကင်းဝါသနာ၊ ဆက်တိုင်းပါ၍၊ သီတာမိဖုရား၊ ဖြစ်ပါငြားလျက်၊ ပျော်ပါးခါခါ၊ ချမ်းသာမရ၊ ဒုက္ခသာတွေ့၊ ငြီးငွေ့လူထံ၊ အဖန်ဖန်လျှင် ပူပန်ဆင်းရဲလှသည်၊ ချစ်ကြည်ဆင့်လောင်း၊ သမီးကောင်းအချစ်၊ ဖြစ်သည်နှင့်အညီ၊ ဝသုန္ဒရီ၊ ဒေဝီတင်ဖော်၊ မယ်တော်မိခင်၊ ကျော့မှုးရှင်သည်၊ ရှုမြင်ရမ်းရမ်း၊ လက်တော်ကမ်း၍၊ လှမ်းတော်မူပါလော့…."

(ရာမဇာတ်တော်ကြီး၊ တတိယတွဲ၊ စာ ၂၉၉)

ဤတွင် မြေကြီးထဲမှ ဝသုန္ဒရီနတ်သမီးပေါ်လာကာ၊ ရွှေပလ္လင်ပေါ်ထက်၊ သီတာဒေဝီကိုတင်၍ မြေအောက်သို့ တင်မွေ့ယူသွားလေသည်။

မြေဆီမြေလုံး စုံစုံတက်ကာ၊ မြေကြီးထဲမှ ထွက်ပေါ်လာသော၊ သီတာသည်၊ ဤသို့ဤနှယ်ပင် မြေကြီးထဲသို့ ပြန်လည်ဝင်ရောက်သွားခြင်းဖြင့် ရာမဇာတ်လမ်းမှ သူမ၏ အခန်းကဏ္ဍကို အဆုံးသတ်သွားသည်။

ရာမမင်းကား ထိုအခါမှပင် သီတာဒေဝီဝင်သွားသော မြေကြီးပြင်ဝယ် လူးလိမ့်ငိုကြွေးရင်း ကျန်ရစ်ခဲ့သည်ဟု ဆိုပါသည်။

* * *

ဤကား ရာမယဏတွင် ပါဝင်သော သီတာဒေဝီအကြောင်းပင် ဖြစ်သည်။ မဟာရာမဝတ္ထုနိဂုံး၌

“ဤသို့လျှင် အယုဒ္ဓယပြည်ကြီးဝယ် ဒသရဌမင်း၊ ရာမမင်း၊ လောနမင်းတို့မှစ၍ ခုနစ်ဆက်တိုင်တိုင် မင်းပြုကြကုန်၏။ ထိုခုနစ်ဆက်စေ့လျှင် မင်းဆက်ပြတ်သဖြင့် ယခုတိုင်အောင်ပင် အယုဒ္ဓယမြို့သည် ကျောက်အတိ ဖြစ်နေလေ၏” ဟူ၍ ဖော်ပြထားပါသည်။

သီတာဒေဝီ၏ အခန်းကဏ္ဍကို ထုတ်နှုတ်ကြည့်လျှင် မိန်းမသားတစ်ဦး၏ ကြေကွဲဖွယ်နိဂုံးကို တွေ့နိုင်ပါလိမ့်မည်။ ရာမယဏ၌ သီတာသည် ‘သစ္စာ’ ၏ ပြယုဂ်ဖြစ်သည်ဟု ဆိုကြသည်။ မဖောက်မပြန် မယွင်းမပျက်သော ‘ချစ်ခြင်းသစ္စာ’ ကို သီတာဒေဝီက သင်္ကေတ ဆောင်သွားခဲ့သည်။ သို့သော် အမိက ဇာတ်ဆောင်တစ်ဦးအနေဖြင့် ကြည့်လျှင်၊ ရာမဇာတ်သည် သီတာဒေဝီအတွက် ကြေကွဲမှုဖြင့် အဆုံးသတ်သော အလွမ်း၊ အဆွေးဇာတ် (ထရက်ဂျီဒီ) လုံးလုံး ဖြစ်လေသည်။

သီတာဒေဝီအတွက် အပျော်ရွှင် အချမ်းမြေ့ရဆုံးအချိန်မှာ လေးတင်ပွဲအပြီး၊ ရာမမင်းသားနှင့် ချစ်ရည်တူ နှစ်ကိုယ်မျှလျက် ပေါင်းဖက်ရချိန်မှ အစပြု၍ မှော်ရုံတော (ဂန္ဓကတော) ထဲမှာ၊ ရွှေသမင်ကို တွေ့မြင်ဖမ်းဆီးဖို့ ကြိုးစားသည့် အချိန်ကာလအထိသာ ဖြစ်သည်။ ထိုအပိုင်းအခြားမှာ ရာမဇာတ်လမ်းဝယ် သုံးပုံတစ်ပုံ (သို့မဟုတ်) လေးပုံတစ်ပုံသာ ရှိလေသည်။ ရွှေသမင်နောက်သို့ ရာမမင်းသား လိုက်သွားသည့် အချိန်မှစ၍ သီတာဒေဝီ ကြုံရသော လောကဓံကား၊ အဆိုးတရားများဖြင့်သာ အတိ





ဖြစ်တော့သည်။ တစ်နည်းဆိုလျှင် သီတာဒေဝီအတွက် ရာမဇာတ်လမ်း၏ ကြွင်းသော သုံးပုံ (သို့မဟုတ်) လေးပုံမှာ ပိယေဟိ ဝိပ္ပယောဂေါနှင့် အပိ ယေဟိသမ္ပယောဂေါ.... ဒုက္ခနှစ်မျိုးစလုံးကို တစ်ပြိုင်တည်း ခံစားရသော အပိုင်းအခြား ဖြစ်လေသည်။

‘ချစ်သူအပေါ် သစ္စာကြီးမားခြင်း’ တည်းဟူသော အရင်းအနှီးအတွက် သီတာဒေဝီ ပြန်လည်ရရှိသော အရာကား သံသယ၊ အာဃာတ၊ ရက်စက်မှု၊ စိမ်းကားမှုများသာ ဖြစ်နေသည်ကို တွေ့နိုင်ပေသည်။

ဤကား လောကဓံတရား၏ ဥပဒေသ။ ရာမဇာတ်ဆရာ (များ) က၊ သီတာဒေဝီအပေါ် ပေးအပ်လိုက်သော ဆုလာဘ်.... ဖြစ်သည်ဆိုလျှင် သီတာဒေဝီအနေဖြင့် ‘အထိနာ’ လှသည်ဟုသာ ဆိုလိုက်ချင်ပါသည်။ သို့ဖြင့်....



www.foreverspace.com.mm

www.foreverspace.com.mm

## ၁၄

"... ဒသဂီရိဘီလူးမင်းရဲ့ ကျဆုံးခန်းနဲ့အတူ ကျွန်မရဲ့ လင်္ကာဒီပ အကျဉ်းစံဘဝလည်း ပြီးဆုံးသွားခဲ့ပါပြီ။ သစ္စာတရားကို အားကိုး အားထားပြုပြီး မီးပုံတွင်းကိုလည်း ကျွန်မ ဆင်းသက်ပြခဲ့ပါပြီ။ ချစ်တဲ့သူ ရာမမင်းက ကျွန်မကို ခွင့်လွှတ်ဖို့ အခါခါတောင်းပန် ရင်းနဲ့ ကမ်းလင့်လာတဲ့ သူ့လက်မှတစ်ဆင့် သူ့ရင်တွင်းကို ခိုလှုံ နိုင်ခဲ့ပါပြီ။

"... အယုဒ္ဓယပြည်တော်ဝင်ခရီးဟာ ပျော်ရွှင်မှုအပေါင်းနဲ့ ပြည့်စုံခဲ့ပါတယ်လို့ဆိုရင် အဲဒီစကားဟာ သီတာရဲ့ မုသားစကား ဖြစ်သွားပါလိမ့် မယ်။ တကယ်တော့ ပျော်ရွှင်မှုသုခဆိုတာဟာ သမုဒ္ဒရာမျက်နှာပြင်ထက်က လှိုင်းတစ်လုံး၊ အဲဒီလှိုင်းတစ်လုံးရဲ့ ထိပ်ထက်က ရေမြှုပ်ရေစက် တစ်ပေါက်မျှလောက်သာ သက်



www.foreverspace.com.mm



တမ်းရှိတယ်လို့ သီတာ ပြောရဲပါပြီ။

"... ယောကျ်ားသားတို့ရဲ့ ချစ်ခြင်းဆိုတာ ဘာပါလဲ။

"... သီတာ အစကနေ အဆုံးအထိ မသိခဲ့ဘူးလို့ပဲ ဝန်ခံ ရပါတော့မယ်။

"... သိခဲ့တယ်ဆိုရင်လဲ အဲဒီအသိဟာ လွဲမှားတဲ့အသိ သို့မဟုတ် မိန်းမသားတစ်ဦးရဲ့ မိုက်မဲမှုပဲ ဖြစ်ပါလိမ့်မယ်။

"... ဗိုလ်ခြေတစ်ထောင်တို့ မပြုနိုင်သော လေးတော်အမှု ကို စွမ်းစွမ်းတမံ ဆောင်နိုင်ခဲ့တဲ့ ဘုန်းသမ္ဘာရှင် မောင်တော်ရာမ။

"... ချစ်လွန်းလှပါရဲ့လို့ဆိုကာ ချစ်သူ့ချမ်းသာမှုအတွက် ရွှေသမင်ကို လိုက်လံဖမ်းဆီးပေးခဲ့တဲ့ မောင်တော်ရာမ။

"... တောတောင်သမုဒ္ဒရာ အဆင့်ဆင့်ကူးဖြတ်၊ ခက်ခဲ ကြမ်းတမ်းမှုတကာတို့ကို ကျော်လွှားပြီး၊ ကြောက်စရာအကောင်း ဆုံး သိန်းယိုဠ်ပြည် သားဘီလူးများအပေါင်းကို ရင်ဆိုင်တိုက် ခိုက်၊ တန်ခိုးအင်အား ကြီးမားလှတဲ့ ဒသဂီရိဘီလူးမင်းကို အနိုင် ယူပြီး ရန်သူအပေါင်းလက်ထဲကနေ သီတာကို ကယ်တင်ခဲ့တဲ့ မောင်တော်ရာမ....။

"... သီတာရဲ့ချစ်သူ မောင်တော်ဟာ တုဘက်ကင်းတဲ့ ဘုန်းသမ္ဘာရှင်တစ်ပါး ဖြစ်ပါတယ်။ ဒါပေမယ့် သူ.... သူဟာ... မိန်းမသားတစ်ဦးရဲ့ ဝေဒနာနဲ့ ချစ်ခြင်းသစ္စာကို နားလည်စာနာ တတ်တဲ့ ယောကျ်ားတစ်ယောက်တော့ မဟုတ်လေဘူး။ ဒါကို သီတာ သိခဲ့ဖို့ကောင်းပါတယ်။ လင်္ကာဒီပ သီဟဠကျွန်း စစ်မြေ

www.foreverspace.com.mm



ပြင် ပွပွနွေးနွေး စစ်မီးတောက်များစဲစကာလ....၊ မီးပုံထဲ ဆင်းခိုင်းတဲ့ အချိန်ကတည်းက သီတာ သိခဲ့ဖို့ကောင်းပါတယ်။

"…. ချစ်ခြင်းအားကိုးခြင်း၊ ယုံကြည်ခြင်းများကလွဲရင် ဘာကိုမှမသိတဲ့ သီတာကပဲ မိုက်မဲလှလေသလား၊ ချစ်သူကပဲ အညာတာ ကင်းတာလား။

"…. အယုဒ္ဓယနေပြည်တော်၊ ရာမမင်းရဲ့ မိဖုရားခေါင်ကြီး သီတာဒေဝီဆိုတဲ့ အမည်နာမ၊ အဆောင်အယောင်များဟာ သီတာအတွက် ဘာတစ်ခုမှ စာပြုလောက်စရာ မဟုတ်ခဲ့ပါဘူး။ သီတာသိတာက ဒုက္ခခပ်သိမ်းမှ ကင်းလွတ်ပြီး ချစ်သူနဲ့ အတူနေရခြင်း သုခချမ်းသာ…. ဒါပါပဲလေ....။

"…. ရုံရွေတော်များ လျှောက်ထားတောင်းပန်လို့ ဒသဂီရိ မင်းရဲ့ ရုပ်ပုံလွှာကို သီတာရေးဆွဲခဲ့မိတယ်။ သူဝင်လာတဲ့အခါ သလွန်အောက်ကို ရုပ်လွှာ သိမ်းလိုက်တယ်။ သလွန်ထက် စက်အိပ်မပျော် တလူးလွန့်လွန့်နဲ့ လန့်ဖျတ်တဲ့အခါ သူက သလွန်အောက်ကိုကြည့်ပြီး ဒသဂီရိရုပ်ပုံကို တွေ့တော့....

"…. "သင် အခုအထိ အောက်မေ့တသဆဲပဲလား" လို့ မညာမတာ ဆိုရက်တယ်။ ရှိပါစေတော့ ဒါဟာ အချစ်က ပေါက်ဖွားတဲ့ နာကျင်ခံခက် သဝန်တိုမှုပဲ ဖြစ်မှာပါဆိုပြီး သီတာ အဖြစ်မှန်ပြောပြ၊ အခါခါ တောင်းပန်ခဲ့တယ်။ သူ.... ခပ်မဆိတ် ရှိလေတယ်။ ဒါပေမယ့်....။

"…. ခဝါသည်ယောကျ်ားစကား ကြားခဲ့ပြီးနောက်မှာတော့ သူ့နှုတ်က ထွက်ကျလာတဲ့ အမိန့်တော်ဟာ သီတာ မယုံရဲမကြားရဲ စကားပါ။ ပြင်းထန် ရက်စက်လွန်းလှချည့်။ ပဋိသန္ဓေ လွယ်ထားရတဲ့ မိန်းမသားရဲ့ ချည့်ခြင်းကို သူမေးလို့ ပြောပြတော့လဲ နန်းနဲ့မတန် တောသို့သာ ပြန်သွား.... တဲ့။

"…. ငါးလသော ကိုယ်ဝန်နဲ့တကွ အုံ့ဩခြင်း၊ ယူကြုံးမရဖြစ်ခြင်း၊ နားမလည်ခြင်း၊ ကြေကွဲခြင်းများကိုပါ သီတာ ပွေ့ပိုက်ဆောင်ယူခဲ့ရပါတယ်။

"…. သားတော်နှစ်ပါးကို တောထဲတောင်ထဲ ရှင်ရသေ့များ ကျောင်းသင်္ခမ်းမှာ မီးရှူးသန့်စင် ဖွားမြင်ခဲ့ပြီးနောက်မှာတော့ သားနှစ်ပါးရဲ့ 'အား' နဲ့ သီတာ့ အပူမီးများကို ငြိမ်းသတ်ခဲ့ရတယ်။ ပူလောင်ပြင်းပြသောအချစ်ကို သားများအပေါ်ထားရှိသော မိခင်တို့ မေတ္တာရေစင်နဲ့ ဖြန်းပက် သက်သာစေခဲ့ရတယ်။

"…. ဒါပေမယ့် ဘယ်သို့သော ကံကြမ္မာပါလိမ့်ကွယ်။

"…. သားနဲ့ အဖ၊ တူနဲ့ ဝရီးတို့ အချင်းချင်း မသိကြလေဘဲ ဘုန်းသမ္ဘာချင်း ယှဉ်ပြိုင်မှုအတွက် တိုက်ခိုက်ခဲ့ကြပြန်တယ်။ မတ်တော် လက္ခဏ၊ မောင်တော် ရာမတို့ဟာ သားတော်တို့ရဲ့ လက်နက်ကြောင့် သေအံ့မူးမူး ရှိခဲ့ကြလေတယ်။ သည်လင်နဲ့ သည်သားများကြားမှာ သီတာ ဆိုတဲ့ မိန်းမသား ဘာကြောင့်များ အဲဒီအချိန်ကတည်းက နှလုံးကြေကွဲ သေပွဲမဝင်ခဲ့တာပါလိမ့်....။

"…. ဘိုးတော်ရသေ့ရဲ့ သစ္စာကြောင့် မောင်တော်တို့ အသက်ချမ်းသာရခဲ့တယ်။

www.foreverspace.com.mm

"…. ဒုက္ခခပ်သိမ်း ငြိမ်းခဲ့ပြီး ခါးဆီးပေးဆပ်ခဲ့ရသမျှ သောက ပရိဒေဝမှန်သမျှ ကျေပျက်ပြီ။ ချစ်သောမောင်တော်ရဲ့ မေတ္တာရိပ်မှာ ခိုလှုံပြီး သားတို့ရဲ့ မိခင်အဖြစ် ရှင်သန်သွားရတော့မယ်လို့ စိတ်နှလုံး ဒုံးဒုံးချဖို့ ပြင်ဆဲမှာပဲ….

"…. "မီးဒွ်သစ္စာ၊ ခုအခါလျှင် ထပ်ခါဖြောင့်စူး၊ ဆိုပါဦးလော့ …." တဲ့။

"…. ဩော်…. သူ ကျွန်မအပေါ် ဘယ်လိုမှ ဘယ်တော့မှ ယုံကြည်စိတ်ချမှု မရှိနိုင်တော့ပါကလားလို့ နာကျင်စွာ သိလိုက်ရတယ်။ ဒသဂီရိဘီလူးမင်းဟာ သူ့ရဲ့မြားတံတွေ စူးဝင်ထိုးဖောက် ဇီဝိန်ပျောက်ခဲ့တယ်။ အဲဒီရန်သူတော်ကြီးက သေဆုံးသွားခဲ့ပြီ။

"…. ချစ်သူဖြစ်ပါတယ်ဆိုတဲ့ ကျွန်မမှာတော့ သူ့ရဲ့ မယုံကြည်မှု၊ သံသယ၊ အာဃာတ၊ အထင်အမြင်လွဲမှားမှု၊ တန်ဖိုးနှိမ့်ချမှု…. ဆိုတဲ့ မြားတံတွေက တစ်စင်းပြီးတစ်စင်း စူးဝင်နေပါလား။ ဒါပေမယ့် ဘာကြောင့် ကျွန်မက သေဆုံးမသွားရတာလဲ။

"…. အို…. မဟုတ်ဘူး…. ကျွန်မ သေဆုံးသွားပြီ။ နှလုံးသားလေ….။ နှလုံးသားဟာ ပျက်ကြေသေဆုံးသွားခဲ့ပြီကော။

"…. ရှင်သန်နေတာဆိုလို့ ဆင်ခြင်တိုင်းထွာနိုင်တဲ့ အသိဉာဏ် ဦးနှောက်ပဲ ရှိတော့တယ်လေ။ အဲဒီ ဦးနှောက်က ပြောလာတယ်။





www.foreverspace.com.mm

"…. "သီတာမိဖုရား ဖြစ်ပါငြားလျက်၊ ပျော်ပါးခါခါ၊ ချမ်းသာမရ၊ ဒုက္ခသာတွေ့၊ ငြိုးငွေ့လူ့ထံ၊ အဖန်ဖန်လျှင်၊ ပူပန်ဆင်းရဲလှသည်"

"…. ကျွန်မ နားလည်ခဲ့ပြီ။ ကိလေသာတို့ဖြင့် ဖွဲ့ချည်တုပ်နှောင်သော ချစ်ခြင်းမေတ္တာတို့ ဝန်းရံနေသမျှ ကာလပတ်လုံး ဤလူ့ဘုံအနှမ်းဟာ ဒုက္ခ ဆင်းရဲများနဲ့သာ အကြိမ်ကြိမ်အဖန်ဖန် ကြုံဆုံရဦးမှာပါလား….။

"…. မြေဆီမြေလုံး စုံ့စုံ့တက်ကာ၊ မြေအလွှာထဲမှ ပေါ်ပေါက်လာခဲ့တဲ့ ကျွန်မ…. သီတာ….။ လာရင်းအရပ်ဆီသို့သာ ပြန်သွားပါတော့မယ်။

"…. "ဝသုန္ဒရီ၊ ဒေဝီတင်ဖော်၊ မယ်တော်မိခင်၊ ကျော့မှူးရှင်….

ရှုမြင်ရမ်းရမ်း၊ လက်တော်ကမ်း၍၊ လှမ်းတော်မူပါလော့ဘုရား…."

* * *

"…. မြေလွှာပြင်ရဲ့ အောက်ခြေဘက်၊ ဆင်းသက်ပျောက်ကွယ်တော့မယ့် ကျွန်မ သီတာဒေဝီ….။ အဲဒီ မြေလွှာပြင်အပေါ်ဘက် ကမ္ဘာလောက၊ မည်ရွေ့မည်မျှ မည်သူတို့ မည်သို့ဖြစ်ကာ ကျန်ခဲ့မလဲ….။

"…. ကျွန်မ မသိချင်တော့ပါ။ ကျွန်မ မသိတော့ပါ။"

ချစ်ဦးညို

www.foreverspace.com.mm

## ချစ်ဦးညို၏ ရေးသားထုတ်ဝေပြီး စာအုပ်များ

၁။ လင်္ကာဒီပချစ်သူ (၁၉၇၇၊ ၁၉၇၉၊ ၁၉၈၁၊ ၁၉၈၈၊ ၁၉၉၄၊ ၁၉၉၉၊ ၂၀၀၂) (ခုနစ်ကြိမ်)
(၁၉၈၆တွင် ပန်းချီဝသုန်၏ သရုပ်ဖော်ဖြင့် ရုပ်ပြလုံးချင်း အဖြစ်ထုတ်)

၂။ စံပယ်ဖြူ၊ ရွှေစင်နှင့် ထား (၁၉၇၈)

၃။ ချစ်သောပါဒဇကေရီ (၁၉၇၉၊ ၁၉၈၆၊ ၁၉၉၆) (သုံးကြိမ်)

၄။ နှင်းကေသရာချစ်တဲ့သူရဲကောင်း(၁၉၇၉၊ ၁၉၈၄၊ ၁၉၉၈) (သုံးကြိမ်)

၅။ သုဝဏ္ဏဘူမိငရဲ၊ သုဝဏ္ဏဘူမိနိဗ္ဗာန် (၁၉၈၀၊ ၁၉၉၁၊ ၁၉၉၄)
(ဒုတိယအကြိမ်ထုတ်မှစ၍ ‘သုဝဏ္ဏဘူမိဝေဒနာ’ ဟု အမည်ပြောင်း) (သုံးကြိမ်)

၆။ ကသောလက်နှင့် ရက်စက်သောမျက်နှာ (၁၉၈၀၊ ၁၉၉၅) (နှစ်ကြိမ်)

၇။ ခုနစ်အိမ်တန်းက မဂျမ်းဘုံ (၁၉၈၁၊ ၂၀၀၁) (နှစ်ကြိမ်)

၈။ ကောင်းလှချည်လား ဒေါင်းမြကြည်နှင့် ဝတ္ထုတိုများ (၁၉၈၂)

၉။ ဘုရင့်ကချေသည်နှင့် ရာဇဝင်ဝတ္ထုရှည်များ (၁၉၈၂)

၁၀။ မလေးမဏိစန္ဒာ (မောင်ဝဏ္ဏနှင့်တွဲ၍) (၁၉၈၂)

www.foreverspace.com.mm

၁၁။ တိမ်တိမ်တွေဖုံးပါလို့ အုန်းခြိမ့်ခြိမ့်ညံ (၁၉၈၃) (၂၀၀၄) (နှစ်ကြိမ်)

၁၂။ တစ္ဆေနှင့် အခြားဝတ္ထုတိုများ (၁၉၈၄)

၁၃။ ပန်းမှုန်ဝေ (နှစ်တွဲ) (၁၉၈၄)

၁၄။ အဆိပ်နှင့် ကမ္ဘာတစ်သိန်း (၁၉၈၅၊ ၁၉၉၂၊ ၂၀၀၀) (သုံးကြိမ်)

၁၅။ ချစ်သူမင်းနန္ဒာ (၁၉၈၅)

၁၆။ ရွှေတိုက်စိုး (၁၉၈၆၊ ၁၉၉၉) (နှစ်ကြိမ်)

၁၇။ ဒေဝတ္တရာနှင့် တွေ့ဆုံခြင်း (၁၉၈၆)

၁၈။ မဟာသေနာပတိ (၁၉၈၆၊ ၂၀၀၂) (နှစ်ကြိမ်)

၁၉။ ဥပေက္ခာဒေဝီ (နှစ်တွဲ) (၁၉၈၇၊ ၂၀၀၂) (နှစ်ကြိမ်)

၂၀။ ပန်းခြွေလက် (၁၉၈၇)

၂၁။ စောင်းသံနှင့် ဗုဒ္ဓယဉ်ကျေးမှု ဝတ္ထုများ (၁၉၈၈)

၂၂။ ငြိမ်းချမ်းရေး မဟာတမန် (၁၉၈၉၊ ၁၉၉၅၊ ၁၉၉၉) (သုံးကြိမ်)

၂၃။ ဗုဒ္ဓယဉ်ကျေးမှု ဝတ္ထုတိုပေါင်းချုပ် (၁၉၈၉)

၂၄။ ရတနာဂီရိအကျဉ်းသား (၁၉၈၉၊ ၁၉၉၉) (နှစ်ကြိမ်)

၂၅။ ကာဠဗုဒ္ဓရက္ခိတ (၁၉၉၀)

၂၆။ ချစ်သူသုန္ဒရီ (၁၉၉၀) (၂၀၀၃) (နှစ်ကြိမ်)

၂၇။ မဏိစန္ဒာဥဒါန်း (၁၉၉၁၊ ၁၉၉၉၊ ၂၀၀၁) (သုံးကြိမ်)

၂၈။ စာမရီသို့ ထူးထူးခြား (၁၉၉၂)

၂၉။ ထားမိ၏ ဥက္ကာပျံနှလုံးသား (၁၉၉၂)
၃၀။ ဘဒ္ဒါ (၁၉၉၃)
၃၁။ ဣန္ဒပတ္တနှလုံးသား (၁၉၉၃)
၃၂။ ရာဇကုမာရ (၁၉၉၃၊ ၁၉၉၇) (နှစ်ကြိမ်)
၃၃။ နဝရတ်ကိုးသွယ် (၁၉၉၄၊ ၁၉၉၉) (နှစ်ကြိမ်)
၃၄။ အစီရဝတီနှင့် ကုဏ္ဍလကေသာ (၁၉၉၄)
၃၅။ တရားရှင် ရာဟုလာ (၁၉၉၄)
၃၆။ အဂ္ဂနိ (၁၉၉၄)
၃၇။ မဟာဒေသစာရီနိဒါန်းနှင့် ဗုဒ္ဓယဉ်ကျေးမှုဝတ္ထုများ (၁၉၉၄)
၃၈။ ဟိမဝန္တာခရီးသည် (၁၉၉၅)
၃၉။ ရက္ခစိုးမယားနှင့် အခြားပြိတ္တာများ (၁၉၉၅၊ ၂၀၀၂) (နှစ်ကြိမ်)
၄၀။ ဝိဇိတာဝီ (၁၉၉၆၊ ၂၀၀၁) (နှစ်ကြိမ်)
၄၁။ ရှင်စောပု (၁၉၉၆၊ ၂၀၀၁) (နှစ်ကြိမ်)
၄၂။ လောကဓာတ်ခုံ၊ ဓာတ်ခုံလောက (ဒေါ်ခင်မျိုးချစ်နှင့်ပူးတွဲ) (၁၉၉၆)
၄၃။ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းနှင့် ယဉ်ကျေးမှုမျက်နှာစာ (၁၉၉၇)
၄၄။ အချစ်ဖြင့်လောင်ကျွမ်းတောက်ပသူများ (၁၉၉၈)
၄၅။ လောကဓံနှင့် လမ်းလျှောက်အတူထွက်ခြင်း (၁၉၉၉)
၄၆။ သမိုင်းမတွင်ပေမယ့် သမိုင်းဝင်နေတဲ့ စကားများ (၁၉၉၉၊ ၂၀၀၁) (နှစ်ကြိမ်)
၄၇။ မိမိနှင့် အဝိဉာဏကများ (၂၀၀၀)
၄၈။ မှူးမတ်များနှင့် တွေ့ဆုံခြင်း (၂၀၀၁)
၄၉။ မငြိမ်းသာရဲ့ ရွှေနန်းတော်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ (၂၀၀၀)
၅၀။ သန္တိသုခနိုင်ငံတော်သို့ ပထမခြေလှမ်းများ (၂၀၀၂)
၅၁။ နေမင်းလမင်းသိန်းရာထောင် (၂၀၀၄)
၅၂။ (ယခု) ဝိသာခါနှင့် သီတာ (၂၀၀၅)

www.foreverspace.com.mm
www.foreverspace.com.mm

www.foreverspace.com.mm



# ချစ်ဦးညို

ဝိသာခါနှင့် သီတာ